# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပေါင်းလကွယ်နေ့ ၂၀၁၇ ခုနှစ်၊ မတ် ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၇၈)


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)



# ဒုတိယသမ္မတ ဦးမြင့်ဆွေ စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်း၌ ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ဘိုအောမြို့မှ စန်းယမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စန်းယမြို့နန်ရှန်ဘုရားကျောင်းသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စန်းယမြို့ရှိ နန်ရှန်ဘုရားကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် စန်းယမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဟိုင်နန်ပြည်နယ် စန်းယမြို့ဒုတိယမြို့တော်ဝန် မစ္စတာတိုင်ယို့မင်နှင့် တာဝန်ရှိသူများက စန်းယအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

**ကြည့်ရှုလေ့လာ**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ စန်းယမြို့ နန်ရှန်ဘုရားကျောင်း၌ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)



**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁) နှစ်တာအဖြစ် ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားသည်။

# YBS အတွက် ကားအသစ် ၁၀၀၀ မေလထဲတွင် ရောက်ရန်ရှိ

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

၂၀၁၇ ခုနှစ် ဇန်နဝါရီလလယ်ခန့်မှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့တော်ရှိ ပြည်သူများအား ခရီးသွားဝန်ဆောင်မှုပေးနိုင်မည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ကို ဖွဲ့စည်းခဲ့ပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် (YBS) ကို စတင်အကောင်အထည်ဖော်ခြင်းဖြင့် ပြောင်းလဲမှုတစ်ခု လုပ်ခဲ့သည်။

ယာဉ်လိုင်းပေါင်း ၆၁ လိုင်း၊ ယာဉ်အစီးရေ ၃၂၀၀ နှင့် စတင်ခဲ့သော YBS စနစ်တွင် နှစ်လကျော်အချိန်အတွင်း မော်တော်ယာဉ်ပေါင်း ၃၈၀၀ ကျော်နှင့် ယာဉ်လိုင်းပေါင်း ၈၀ အထိရှိလာပြီ ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

**(၇၂) နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုပါ၏။**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ပြည်တွင်းဘဏ္ဍာရေးဆိုင်ရာ မူဝါဒများ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုအစိုးရ၏ အခြေခံကျသော သဘောထားတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသဘောထားများမှာ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MATB) တစ်ခုတည်းဖြင့် မဆောင်ရွက်နိုင်၊ ပုဂ္ဂလိကဘဏ်များကပါ ချေးငွေထုတ်ချေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဟူသော သဘောထားဖြစ်ပါသည်။ ဤသဘောထား၏ နောက်ကွယ်၌ လူထုအစိုးရသစ်၏ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော ဘဏ္ဍာငွေကြေး အပြည့်အဝရရှိရေးကို ဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ကို တွေ့ရှိရပါသည်။

တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာကဏ္ဍနည်းတူ အရေးပါသော အခြားစီးပွားရေးကဏ္ဍမှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များ၌ ချေးငွေလုံလုံလောက်လောက် ရရှိရေးလည်း ပါဝင်ပါသည်။ လက်ရှိအခြေအနေတွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) သည် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နှစ်ဆင့်ချေးငွေ (Two -Step Loan) အစီအစဉ်အရ ပြည်တွင်းပုဂ္ဂလိက ဘဏ်ခြောက်ဘဏ်ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation-IFC) သည် ပြည်တွင်းပုဂ္ဂလိက ဘဏ်တစ်ဘဏ်ဖြစ်သော ရိုးမဘဏ်မှတစ်ဆင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ချေးလျက်ရှိပါသည်။ သို့သော် လက်ရှိအကောင်အထည်ဖော်နေသော လုပ်ငန်းစီမံချက်များသည် တိုင်းပြည်၏ ဘဏ္ဍာငွေကြေးလိုအပ်ချက်အား အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော ချေးငွေများ လုံလုံလောက်လောက်ရရှိနိုင်ရန် အာမခံအားပြုချေးငွေရယူနိုင်မှု (Collateral Based Credit) အခြေအနေမှ ငွေချေးယူသူ၏ ကြွေးမြီပြန်လည်ပေးအပ်နိုင်မှုအခြေအနေ(Creditworthiness) သို့ ကူးပြောင်းနိုင်ရန် လိုအပ်ပါသည်။ ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်သော GIZ က ပြည်တွင်းဘဏ်များအား နည်းပညာဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိသော်လည်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ကျယ်ပြန့်ကောင်းမွန်လာစေရေးအတွက် ယခုထက်ပိုမိုအားထုတ်ကြိုးပမ်းရဦးမည်ဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုး၌ ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက လူထုအစိုးရသစ်ကိုယ်စား အခြေခံကျသော အခြားသဘောထားတစ်ရပ် ထုတ်ပြန်ထားသည်ကို သတိပြုမိပါသည်။ ဤသည်မှာ လူထုအစိုးရသစ်က ပြည်တွင်းဘဏ်လုပ်ငန်းများအား အကာအကွယ်ပေးခြင်းထက် ထောက်ပံ့ပေးခြင်းကိုသာ လုပ်ကိုင်တော့မည်ဟူသော သဘောထားဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အတွက် နိုင်ငံခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်ရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောဆိုခဲ့ပါသည်။ ပြည်တွင်းဘဏ္ဍာရေးလုပ်ငန်းများ တိုးတက်ရေးအတွက် လူထုအစိုးရသစ်က ချမှတ်ခဲ့သော ဤမူဝါဒအပြောင်းအလဲများကို လေးစားစွာကြိုဆို ဂုဏ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ ။


# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်





## ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့၌ လုံခြုံရေးအင်အား ၆၅၀ ကျော် ချထားမည်

**မုံရွာ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၆၅၀ ကျော်ဖြင့် စောင့်ကြပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို မဲရုံ အပြင်စည်း၊ ဇုန်အလိုက်ဖြင့် လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လည်းကောင်း၊ လုံခြုံရေးတာဝန်များကို ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကြားဖြတ်ရွေးကောက်ပွဲအဖြစ် မုံရွာမြို့နယ်မှာ ကျင်းပမှာဖြစ်တဲ့အတွက် သန္တေတပ်ဖွဲ့ဝင်တွေကိုပဲ လုံခြုံရေးတာဝန် ပေးသွားမှာပါ။ အထူးရဲတွေကို လုံခြုံရေးမှာအသုံးမပြုပါဘူး။ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ စစ်ကိုင်း၊ ကသာခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေက ရဲတပ်ဖွဲ့ဝင်တွေကို ခေါ်ယူအသုံးပြုမှာပါ၊ ဒီနေ့ကစပြီး ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ လုံခြုံရေးတာဝန်တွေကို ယူသွားမှာပါ၊ မဲရုံတွေမှာတော့ ရွေးကောက်ပွဲ ကျင်းပမယ့်ရက် နှစ်ရက်အလိုမှာ လုံခြုံရေးတာဝန်တွေကို ချထားသွားမှာပါ"ဟု မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

မုံရွာမြို့နယ်တွင် ရပ်ကွက်(၃၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာပေါင်း ၁၇၁ ရွာရှိပြီး ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံပေါင်း ၁၅၉ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံ ၁၅၉ ရုံကို ဇုန် ၁၃ ခုခွဲကာ ရဲတပ်ဖွဲ့ဝင် ၆၅၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများဖြင့် လုံခြုံရေးတာဝန်များထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၃-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၆၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ | ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂ | ·၄၄ |
| ထိုင်း | တစ်ဘတ် | ၃၉ | ·၅၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၈၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ | ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ | ·၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရွှေဖုံးမှ

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Ms.Li Xiaoyan နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

## ပြန်လည်ရောက်ရှိ

**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်**





ဒေါက်တာ မောင်အောင်

❍ ရွှေဖုံးမှ

YBS စနစ်ကိုစတင်ရာတွင် ပထမဆုံးယာဉ်ပိုင်ရှင်စနစ်၊ ဒုတိယယာဉ်ပြေးဆွဲစနစ်နှင့် တတိယစီမံအုပ်ချုပ်သည့်စနစ်တို့ဖြင့် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ လက်ရှိ YBS ယာဉ်လိုင်းများတွင် အသစ်ပြေးဆွဲလျက်ရှိသည့် အဲကွန်းဘတ်စ်ကားများတွေ့မြင်နေရသလို ယာဉ်အိုယာဉ်ဟောင်းများလည်း တွေ့မြင်နေရဆဲ ဖြစ်သည်။

ပြောင်းလဲလိုက်သည့် စနစ်အပေါ် ဆက်လက်အကောင်အထည် ဖော်ပြောင်းလဲသွားမည့် အခြေအနေများနှင့်ပတ်သက်၍ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ရန်ကုန် YBS အတွက် မော်တော်ယာဉ်အသစ်တွေ ထပ်ရောက်မယ်လို့ ကြားနေပါတယ်။ ဘယ်တော့ရောက်မယ်ဆိုတာနဲ့ ယာဉ်အစီးရေဘယ်လောက်ရောက်မယ်ဆိုတာလေးပြောပေးပါခင်ဗျာ။**

ဖြေ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ကတော့ ကားသစ် ၁၀၀၀ ကိုမှာထားပြီးပြီ။ မေလထဲမှာ ရောက်ဖို့ရှိတယ်။ လက်ရှိပြေးတဲ့ ကားတွေထဲမှာတော်တော်လေး မကောင်းတဲ့ ကားတွေရှိတယ်။ အဲကွန်းဆိုတာထက် ညာမောင်းပြီး ဘယ်ပေါက်ကဆင်းတဲ့ ကားတွေ အများကြီးရှိသေးတယ်။ ဒီကားတွေကိုစဖယ်မယ်။ အခုဖွဲ့ထားတဲ့ ကုမ္ပဏီတွေကလည်း သွင်းမှာရှိတယ်။ နောက်သုံးလေးလဆို တိုင်းဒေသကြီးအစိုးရအဖွဲ့က မှာတဲ့ ကားအစီး ၁၀၀၀ နဲ့ ကျွန်တော်တို့ကိုမှာဖို့ စာရင်းပေးတဲ့ ကုမ္ပဏီအစုအဖွဲ့တွေကလည်းပေးဖို့ အစီး ၁၀၀၀ ကျော်လောက်ရှိတာပေ့ါ။ ကျွန်တော့်အထင် သုံးလလောက်အတွင်းမှာ ကားအသစ် ၂၀၀၀ လောက်ရောက်လာမှာပါ။ အစိုးရကသာ ၂၀၀၀ လောက်ဝယ်မယ်ဆိုရင် တကယ်လိုအပ်တဲ့ ကားအစီးရေ ၄၀၀၀ ကျော် ၄၅၀၀ လောက်က ကားအသစ်တွေ ဖြစ်လာမှာပါ။ ကားအသစ်တွေကို ပြောင်းပြီးအစားထိုးနိုင်မှ ပြည်သူတကယ်မျှော်လင့်တဲ့ ဝန်ဆောင်မှုကောင်းကိုရရှိမယ်။ ဝန်ဆောင်မှုကောင်းဆိုတာက အဓိကလုံခြုံစိတ်ချရမှု၊ သက်သောင့်သက်သာရှိမှုဖြစ်ပါတယ်။ သက်သောင့်သက်သာရှိမှုဆိုတာက အခုလိုပူတဲ့ ရာသီမှာ အဲကွန်းဖွင့်ပေးနိုင်ရမယ်။ သက်သောင့်သက်သာရှိမှ လိုရာခရီးကို အေးအေးချမ်းချမ်းသွားနိုင်မယ်။ နောက်ပွင့်လင်းမြင်သာရှိမှုပေ့ါ။ ဒါမျိုးတွေ ရှိဖို့ဆို ကားအသစ်တွေ လိုလာပြီ။

**မေး ။ ကားတွေကို ဘယ်နိုင်ငံက တင်သွင်းမလဲ။ အရင် BRT တုန်းက တရုတ်နဲ့ ကိုရီးယားကနေမှာတယ်လို့ သိရပါတယ်။**

ဖြေ ။ အခုမှာတဲ့ကားတွေက တရုတ်ကပဲမှာတာပါ။ ဘယ်မောင်းစနစ် လိုချင်လို့ပါ။

**မေး ။ အခုလက်ရှိ YBS ပြေးဆွဲတဲ့ အချိန်မှာလက်မှတ်ကတ်စနစ်ကို ပြည်သူတွေ သုံးလာတာတွေ့ရတယ်။ ဒါပေမယ့် ကားအားလုံးတော့ စီးလို့မရဘူး။ အဲ့ဒီကတ်စနစ် ပိုမိုကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်သွားဖို့ ရှိသလဲခင်ဗျာ။**

ဖြေ ။ နောက်ပိုင်းဆိုရင် ကတ်စနစ်ကို အားလုံးသုံးမှာပါ။ အခု ကြိုတင်ငွေပေးဘတ်စ်ကားစီးနင်းခွင့်ကတ် (YPS-Yangon Payment System) ဆိုပြီးထောင်ထားတာ ရှိပါတယ်။ အခုသုံးတဲ့ ကတ်စနစ်ကဘဏ်ကတ်တွေ သုံးလို့ရမယ်၊ အခြားအရာတွေသုံးလို့ရမယ့် Multi-Purpose ဘက်စုံသုံးလို့ရရင် ပြဿနာမရှိဘူး။ အဲ့ဒီလို ဖြစ်အောင်လုပ်မှာဖြစ်ပါတယ်။ ပြောချင်တာက နောက်ဖြစ်လာမယ့် အများပိုင်ကုမ္ပဏီတွေ အားလုံးက လက်မှတ်ကတ်စနစ်ကို သွားမှာပါ။ အဲ့ဒါကတော့ သေချာတယ်။ အချိန်ယူရမှာဖြစ်လို့ လောလောဆယ်တော့ ဝန်ဆောင်မှုအပြည့်မပေးနိုင်သေးပါဘူး။

**မေး ။ အခုတယ်လီမတ်တစ် စနစ်နဲ့ YBS ယာဉ်တွေကို တပ်ဆင်ပေးနေတဲ့အခြေအနေလေးကို သိချင်ပါတယ်။**

ဖြေ ။ အခု ၁၇၀၀ လောက် တပ်ဆင်ပေးပြီးပြီ။ နေ့စဉ်အစီရင်ခံစာ Daily Report ဝင်တယ်။ ကားတွေ ဘာတွေ ပြစ်မှုကျူးလွန်သလဲဆိုတာပေ့ါ။ များသောအားဖြင့် နေ့စဉ်သတင်းဝင်ရောက်တာကတော့ အရှိန်ကို ပိုမောင်းတယ်ဆိုတဲ့ ပြစ်မှုပဲတက်တယ်။ YBS ကားအားလုံးတပ်မှာပါ။ အဲ့ဒါက နည်းပညာကုမ္ပဏီက လုပ်တာပါ။ နောက်ပိုင်းဆိုရင် Bus Management Center မှာသူလည်း ပါမှာပါ။

**မေး ။ YBS စနစ်စတင်ပြောင်းတုန်းက ပြောခဲ့တာရှိပါတယ်။ မ.ထ.သ ဝန်ထမ်းတွေကို ပြန်လည်ခေါ်ယူပြီး အလုပ်ပြန်ပေးမယ်ဆိုတာ အခုဘယ်လောက် အလုပ်ပြန်ရပြီလဲခင်ဗျာ။**

ဖြေ ။ အဲ့ဒါကတော့ အစကတည်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ပြောခဲ့တာပါ။ စိတ်ဝင်စားတဲ့သူတွေ အလုပ်ပြန်လျှောက်ဖို့ပေ့ါ။ ဝန်ထမ်း ၁၄၀၀ ကျော်လောက်ရှိတာ တချို့ကလည်း ကုမ္ပဏီဘက်ကိုလိုက်တာပေ့ါ။ ပြန်လုပ်ဖို့ စာရင်းပေးထားတာ ၆၉၀ လောက်ရှိတယ်။ အဲ့ဒီမှာမှ ထွက်မယ့်သူလည်းရှိသေးတယ်။ YBS စနစ်ဆိုရင် ကုမ္ပဏီစနစ်နဲ့သွားမှာဆိုတော့ အရင်လောက် ဝန်ထမ်းမလိုတော့ဘူး။ ကုမ္ပဏီကိုလိုက်သွားတဲ့သူတွေကိုလည်းခွင့်ပြုပါတယ်။ တစ်ဖက်ကလည်း ဝန်ထမ်းတွေရဲ့ နစ်နာကြေးကိုထုတ်ပေးပြီးသွားပြီ။ ကျွန်တော်တို့ အခေါ်က အခုလက်ရှိစနစ်က O-Setting ကပြန်စတာပါ။

**မေး ။ YBS စတင်ပြီး နှစ်လကျော်လောက်မှာပဲတိုင်ကြားမှုတွေက မြင့်တက်လာတာတွေ့ရတယ်။ နောက် YBS ယာဉ်လိုင်းတွေကို အရေးယူမယ့် ဥပဒေထုတ်ပြန်မယ်ဆိုတာ ဘယ်လိုအခြေအနေရှိပါသလဲ။**

ဖြေ ။ ဥပဒေကတော့ ညှိရတာပေ့ါ။ YRT law ကတော့ လုပ်တုန်းပဲ။ မပြီးသေးဘူး။ အခုကတော့ ၂၀၁၅ မော်တော်ယာဉ်ဥပဒေကိုပဲ အလေးထားရေးဆွဲရမှာပေ့ါ။ အရေးယူတဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ပြစ်ဒဏ်အတိုင်းပြည့်ပြည့်ဝဝ အရေးယူဖို့ပေ့ါ။ အရေးယူမှုကို နည်းနည်းလေးလျှော့လိုက်တာနဲ့ တော်တော်များများကမကြောက်တော့ဘူး။ ဒါတွေကို ညှိနေပါတယ်။

**မေး ။ YBS စနစ်၊ အများပိုင်စနစ် ပြောင်းတဲ့အခါ အခုလက်ရှိ ဘယ်လိုအခက်အခဲတွေ အများဆုံးကြုံနေရပါသလဲခင်ဗျာ။**

ဖြေ ။ တစ်ဦးချင်းပိုင်ကနေလာတော့ ယာဉ်ပိုင်ရှင်တွေက တစ်နေ့ရ တစ်နေ့ယူ၊ ကိုယ်ရကိုယ်ယူစနစ်ပဲကျင့်သုံးချင်ကြတယ်။ စနစ်နဲ့ အံမဝင်ဘူး။ ကျွန်တော်တို့ ဘက်ကလည်း သူတို့ပါဝင်လို့ရအောင် အများပိုင်ဖွဲ့တာလေ။ တစ်ဦးချင်းပိုင်ဆိုရင် ပိုက်ဆံရဖို့ကလွဲလို့ ကျန်တဲ့ဝန်ဆောင်မှု သိပ်မပေးနိုင်ဘူး။ သူတို့ လုပ်လို့ရအောင်လည်းတွက်ရသေးတယ်။ ခက်တာက ကားကအတော်မကောင်းရင်တော့ YBS လိုင်းထဲ ဝင်ဖို့ခက်တယ်။ ကားအို ကားဟောင်းဆိုရင် သူတို့ မနစ်နာအောင် လူစီးကားစလစ်လဲပေးတာတို့ ဘာတို့ လုပ်ပေးတယ်။ ရတဲ့ ပိုက်ဆံနဲ့ YBS ထဲဝင်လို့လည်း ရတာပေ့ါ။ တစ်ဖက်ကလည်း ပြည်သူလူထုကို ကျွန်တော်တို့ ပြောထားတာရှိတယ်။ ဝန်ဆောင်မှု ကောင်းတဲ့ ဘတ်စ်ကားစနစ်ပေါ်ပေါက်ဖို့ ဆိုပြီးတော့လေ။ လက်ရှိလူတွေကိုလည်းမနစ်နာအောင် အများကြီးစဉ်းစားပေးနေပါတယ်။

**မေး ။ လက်ရှိ ကတ်စနစ်ကိုဘယ်လိုင်းတွေ ဆက်လက်ပြောင်းပေးမလဲ သိချင်ပါတယ်။**

ဖြေ ။ ကတ်စနစ် အားလုံးမပြောင်းနိုင်ခင်မှာ အခုတော့ ပုံးစနစ်ကို သူတို့ လုပ်နေတယ်။ ပုံးထဲကိုငွေထည့်တဲ့စနစ်ပေ့ါ။ အဲ့ဒီလိုပုံးစနစ်ကို ကားလိုင်းသုံးလိုင်းလောက်က လုပ်လာတာတွေ့ရတယ်။ ဗန္ဓုလယာဉ်လိုင်းလည်းပုံးစနစ် လုပ်နေတာအဆင်ပြေတယ်ကြားတယ်။ အဲ့ဒီကနေတဖြည်းဖြည်းကတ်စနစ်ကိုသွားမှာပေ့ါ။ ကတ်စနစ် စမယ်။ ချက်ချင်းမဖြစ်နိုင်သေးဘူး။ ကတ်စနစ်အတွက် ကားကလည်းကားအသစ်ဖြစ်မှ ရမှာကိုး။

**မေး ။ ယာဉ်လိုင်းက လက်ရှိ ထပ်တိုးယာဉ်လိုင်းနဲ့ လိုင်းပေါင်း ၈၀ လောက်ဖြစ်နေတော့ နောက်ထပ် ထပ်တိုးဖို့များရှိနေဦးမလား။**

ဖြေ ။ အဲ့ဒါကပုံသေမဟုတ်သေးဘူး။ လိုအပ်ရင် လိုအပ်သလိုထပ်တိုးဖို့ရှိမယ်။ အခုဆိုမူလလမ်းကြောင်းတွေနဲ့ လမ်းကြောင်းချဲ့ပေးတာတို့ ချိတ်ပေးတာတို့ လုပ်ထားတော့ ယာဉ်လိုင်းတော်တော်များများ မြို့ထဲကိုရောက်လာပြီ။ ပြည်သူ့အသံနားထောင်ပြီးတော့ လုပ်သွားမှာပါ။ အရင်ကယာဉ်လိုင်း ၃၃၀ ရှိတာမှာ အခုကယာဉ်လိုင်း ၁၀၀ တောင်မပြည့်ပါဘူး။

**မေး ။ အခုဆို မြို့တွင်းပတ်ပြီးပြေးဆွဲတဲ့ ယာဉ်လိုင်းတွေက ငွေကျပ် ၁၀၀ သာကျပေမယ့် မြို့ပြင်ကနေ မြို့တွင်းအထိရောက်တဲ့ကားတွေက တစ်မှတ်တိုင် စီးလည်း ငွေကျပ် ၂၀၀ တောင်းနေပါတယ်။ အဲ့ဒီအတွက် ဖြေလျှော့ဖို့များရှိ မလားခင်ဗျာ။**

ဖြေ ။ အဲ့ဒါကို ပြန်ညှိနေတယ်။ ခရီးစဉ် အပိုင်းလိုက် တောင်းဖို့ပေ့ါ။ ခွဲ့င်းချက်အနေနဲ့ကတော့ ခရီးစဉ် အပိုင်းလိုက်ကောက်မှာက ရိုးရိုးကားတွေပါ။ တစ်ဖက်ကလည်းအဲကွန်းကားကို ပိုသုံးဖြစ်အောင် မြို့ပြင်ကနေပြေးဆွဲတဲ့ အဲကွန်းကားဆိုဘယ်စီးစီး ၂၀၀ သတ်မှတ်ရပါမယ်။ ကျန်တဲ့ ရိုးရိုးကားကတော့ ခရီးစဉ်အလိုက် တောင်းဖို့ပေ့ါ။ အခုညှိနေတယ်။ မကြာခင် ခရီးစဉ်ပိုင်းပြီး ငွေကျပ် ၁၀၀ နဲ့ စီးနိုင်တဲ့ ကားတွေ ပေါ်လာပါတော့မယ်။

**မေး ။ YBS စနစ်ပြောင်းတဲ့ အချိန်မှာ လက်ရှိ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါသလဲ။**

ဖြေ ။ အခက်အခဲတွေကတော့ အများကြီးပဲ။ YBS က အစပိုင်းမှာ စည်းကမ်းပိုင်းတော်တော်ကောင်းတယ်။ ဒါပေမယ့် အခု စည်းကမ်းဖောက်တာလေးတွေ ရှိလာတယ်။ အထူးသဖြင့် မှတ်တိုင်မှာမရပ်တဲ့ကိစ္စတို့၊ ပြိုင်မောင်းတာတို့၊ ကျော်မောင်းတာတို့ ဖြစ်လာတယ်။ ဒါကလည်း အစုအဖွဲ့ပိုင်စစ်စစ် မဟုတ်သေးလို့၊ တစ်ဦးချင်းပိုင်ကို အခြေခံနေရသေးတော့ ယာဉ်လိုင်းနံပါတ်ချင်းတူတာတောင် ပြိုင်တယ်ဆိုတာမျိုး ဖြစ်လာတယ်။ အကျိုးစီးပွားဦးစားပေးလာတဲ့ သဘောပေ့ါ။ ကျွန်တော်တို့ကတိုင်တာနဲ့ အရေးယူတယ်။ Hot line မှာဖွင့်ထားတဲ့ ဖုန်းငါးလုံးရှိတယ်။ အဲ့ဒီမှာတိုင်လို့ရတယ်။ နောက် လှည့်ကင်းနဲ့အမြဲလှည့်နေတဲ့ ကား ၁၀ စီးရှိတယ်။ အဲ့ဒီကလည်းတွေ့တာနဲ့ ချက်ချင်းအရေးယူ၊ ချလန်ဖြတ်တာမျိုးရှိပါတယ်။ အခုလက်ရှိစနစ်တွေကနေတော့ တဖြည်းဖြည်းပြောင်းသွားမှာပါ။ ကားလုံလုံလောက်လောက်ရအောင် စောင့်နေရတာလည်းရှိနေသေးလို့ပါ။

**မေး ။ ပြည်သူတွေကိုအသိပေးချင်တဲ့ ပြောပြချင်တဲ့ အရာမျိုးရှိရင် ပြောပြပေးပါ။**

ဖြေ ။ အဓိက ပြောချင်တာက စနစ်တစ်ခု ပြောင်းမယ်ဆိုရင် အချိန်ပေးရပါတယ်။ ကိုရီးယားဆိုရင် တစ်ဦးချင်းပိုင်ကနေ ကုမ္ပဏီပိုင်ဖြစ်အောင် သုံးနှစ်လောက်အချိန်ယူခဲ့ရတယ်။ ကျွန်တော်တို့ ပြောင်းတာက အခုမှ နှစ်လကျော် သုံးလလောက်ပဲ ရှိသေးတယ်။ ပြောင်းစဖြစ်တဲ့အတွက် နောက်အခက်အခဲတွေလည်း ကြုံလာနိုင်တယ်။ အခုအဆင်မပြေတာတွေရှိသလို အဆင်ပြေလာတာတွေလည်း အများကြီး မြင်လာရတယ်။ အရင်ကလို ကိုယ်ထိလက်ရောက်စော်ကားတာတွေ လုံးဝမရှိတော့ဘူး။ ချက်ချင်းအရေးယူတယ်။ နံပါတ်တစ် အနေနဲ့ ပြောင်းတဲ့အချိန်မှာ တစ်ဦးချင်းပိုင်ကနေ ကုမ္ပဏီပိုင် စစ်စစ်မဖြစ်သေးဘူး။ နံပါတ်နှစ် ယာဉ်လမ်းကြောင်းနေရာတွေ အဆင်မပြေသေးဘူး။ ဒါတွေကို ကျွန်တော်တို့ ဆက်လုပ်သွားမယ်။ တတိယအချက်က မ.ထ.သကိုဖျက်ပြီး YRTA နဲ့အစားထိုးတယ်။ အစမှာအခက်အခဲရှိတယ်။ နောက်ပိုင်းဆိုနည်းပညာကိုပဲ အများဆုံးအသုံးပြုမှာ။ လူကိုလူနဲ့ မအုပ်ချုပ်ဘဲ နည်းပညာနဲ့ အုပ်ချုပ်မယ်။ ပြောချင်တာက YRTA အုပ်ချုပ်တဲ့အခါ စီမံအုပ်ချုပ်မှု ပိုကောင်းလာတယ်။ နောက်ပိုင်း အများပိုင်ဖြစ်လာမယ်။ ကားတွေကအသစ်ဖြစ်လာမယ်ဆို ကျွန်တော်တို့လိုချင်တဲ့ ရန်ကုန်ရဲ့ ဘတ်စ်ကားစနစ်က နိုင်ငံတကာလို ဖြစ်လာမယ်။ ဝန်ဆောင်မှုကို အခြေပြုတဲ့ ဘတ်စ်ကားစနစ်က ဒီနှစ်ကုန်ဆို သိသိသာသာကြီးကို ပြောင်းသွားမယ်။

**မေး ။ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ အမျိုးသမီးယာဉ်နောက်လိုက်နဲ့ ယာဉ်မောင်းတွေ တွေ့လာရတယ်။ နောက်ထပ် အမျိုးသမီးတွေ YBS မှာထပ်ခန့်သွားဖို့များရှိဦးမလားခင်ဗျာ။**

ဖြေ ။ အမျိုးသမီး ဝန်ထမ်းခန့်တာ တရားဝင်ကျွမ်းကျင်လိုင်စင်ရှိဖို့ လိုတယ်။ နောက်ပိုင်း Training Center တွေရှိလာရင် အမျိုးသမီးဝန်ထမ်းတွေ အများကြီးဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ လက်မှတ်ကတ်စနစ်ကို လုပ်နေတဲ့ကာလမှာ ကတ်စနစ်မစနိုင်သေးခင် ငွေပုံးပဲသုံးရဦးမှာ။ တရုတ်ဆိုငွေကောက်ခံရင် အမျိုးသမီးယာဉ်နောက်လိုက်ပဲသုံးတယ်။ တော်တော်အဆင်ပြေတယ်။ Training Center က ဒီနှစ်ထဲကို ဖွင့်မှာပါ။ ရန်ကုန်မှာပါပဲ။

**ကျေးဇူးတင်ပါတယ်ဆရာ.....။**

# တိုင်းရင်းသားပေါင်းစုံ ရဟန်း၊ သာမဏေ၊ သီလရှင် အပါး ၂၀၂၀တို့အား သာသနာ့ဘောင်သွတ်သွင်းသည့် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

**ရှမ်း(တောင်) မတ် ၂၆**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ရီလုံရီကန်ကျေးရွာအုပ်စု လကျီနွဲ့ကျေးရွာ လကျီနွဲ့ သာသနာပြုကျောင်းတိုက်၌ ကျင်းပသည့် တိုင်းရင်းသားပေါင်းစုံ ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၂၀တို့အား သာသနာ့ဘောင်သွတ်သွင်းသည့် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ဆံချမင်္ဂလာအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလှူရှင်တို့က ရှင်သာမဏေလောင်းများအား ဆံချမင်္ဂလာ ဆောင်ရွက်ပေးပြီး နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက ဦးဆောင်၍ ရှင်သာမဏေများအား သာသနာ့ဘောင်သို့ သွတ်သွင်းပေးသည်။

ဆက်လက်၍ ရဟန်းတော် ၂၆၆ ပါး၊ သာမဏေ ၉၇၈ ပါး၊ သီလရှင် ၇၇၆ ပါးတို့၏ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပရာ ဩဝါဒ ပရိသတ်များက နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဩဝါဒပရိသတ်များက နာဂလိုဏ်ဂူကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ ကုန်းသာတောင်မော် ပြည်နယ်ဗဟို သာသနာပြုကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဉာဏအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်မြို့ပေါ်ရှိ လွိုင်ကော်ကက်သလစ်သာသနာကျောင်းတိုက်၊ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ အင်္ဂလိကန်အသင်းတော်နှင့် သတ္တမနေ့ ဥပုသ်အသင်းတော်တို့မှ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များနှင့် ကက်သလစ်သာသနာကျောင်းတိုက် အစည်းအဝေးခန်း၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက ခရစ်ယာန်အသင်းတော်များအား အလှူငွေပေးအပ်လှူဒါန်းရာ အသင်းတော်များကိုယ်စား ကယားဖူးနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဆရာတော် ဦးခူးရယ်ကျော်ထူးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ- စင်ကာပူ ပြည်ဝင်ဗီဇာလွယ်ကူအဆင်ပြေစေရေးနှင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး Mr. Robert Chua နှင့်အဖွဲ့အား မတ် ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူနှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာဆိုင်ရာပံ့ပိုးကူညီရေး၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာလွယ်ကူအဆင်ပြေစေရေးနှင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ရန်ကုန်စာအုပ်လမ်း၌ စာရေးသူများ၏ ရသစာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၊ စာအုပ်ဈေးတန်းကို ယနေ့ (တနင်္ဂနွေနေ့)တွင် ၂၄ ရက်မြောက်နေ့အဖြစ် ဆက်လက်ဖွင့်လှစ်ရာ စာပေချစ်မြတ်နိုးသူများ၊ စာပေမွေ့လျော်သူများ၊ ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်ဖြန့်ချိသူများ၊ ရေးသူ၊ ဖတ်သူများ၊ လေ့လာသူများဖြင့် ညနေပိုင်းအထိ စည်ကားခဲ့သည်။

ယနေ့ မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူလမ်း ဝန်ကြီးများရုံးဘက်ခြမ်းရှိ စာအုပ်ဈေးတန်းရှေ့၌ စာရေးသူများ၏ ရသစာဖတ်ဝိုင်း ရာသီ(၂) အမှတ်စဉ် (၅)ကို ကျင်းပရာ စာရေးသူနှင့် စာဖတ်သူ၊ စာပေချစ်သူများ တိုက်ရိုက်တွေ့ဆုံခွင့်၊ မေးမြန်းခွင့်ရခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် စာရေးသူများ၏ ရသစာဖတ်ဝိုင်းတွင် စာရေးဆရာ ဆရာမများက ၎င်းတို့ကိုယ်တိုင်ရေးသားသည့် ရသဝတ္ထုစာမူများကို စာဖတ်သူပရိသတ်များအားဖြန့်ဝေပြီး စာရေးသူကိုယ်တိုင် စာမူများကို ဖတ်ကြားဆွေးနွေးသည်။

လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော စာရေးဆရာမ ဖြူစင်ဝင်း၏ ကျုပ်လိုက်တာအမေရယ်၊ စာရေးဆရာမ ထားဉသုံ၏ ချစ်ခြင်း၏ သတ်ကွင်းများ၊ စာရေးဆရာမ အေးမွန်၏ ရင်ကွဲနာ၊ စာရေးဆရာမ သက်ဝေနှင်း (အောင်လံ)၏ ရေကိုဆန်၍ လှော်ရသော်နှင့် စာရေးဆရာ ရှော့ကာ (လင်းရောင်ခြည်)၏ ဂုဏ်ထူးရှင် ဈေးကွက်ဝတ္ထုတိုများအား ဖတ်ကြားခဲ့ကြသည်။

အဆိုပါ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီကုန်အထိ အပတ်စဉ် စနေ၊တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ စာပေတိုက်များ၊ စာအုပ်ဆိုင်ကြီးများက ဘာသာရပ်မျိုးစုံ စာအုပ်အဟောင်း၊ အသစ်များကို ခင်းကျင်းရောင်းချလျက်ရှိရာ မည်သူမဆို လာရောက် လေ့လာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။
**ကိုချစ်**



# မြန်မာ-လာအို အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ကျိုင်းလပ်မြို့ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ကျိုင်းလပ် မတ် ၂၆**

မြန်မာနိုင်ငံ ရှင်းလုံထုတ်လုပ်မှု ကုမ္ပဏီလီမိတက်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ MCM ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ကျိုင်းလပ်မြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ် ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းလပ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားအနီး၌ မတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ လျှပ်စစ်စွမ်းအင်နှင့်စက်မှု ဒုတိယဝန်ကြီး ဘွန်းမားမနိဝုန်း၊ တာချီလိတ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ လာအိုနိုင်ငံ လုံးနမ်းထားခရိုင် အုပ်ချုပ်ရေးမှူး ဘွန်းယိလ်းကျောက်ခွန်မိုင်း၊ မိုင်းလောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဖုန်မဆုဝိလိုင်းကွန်းနှင့် နှစ်နိုင်ငံကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။
**(အပေါ်ပုံ)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ မိုင်းလောင်းမြို့မှ ကျိုင်းလပ်မြို့ရပ်ကွက်(၁)၊ ရပ်ကွက်(၂)၊ ရပ်ကွက် (၃) စုစုပေါင်း သုံးရပ်ကွက် အိမ်ခြေ ၈၀၀ ကျော်ခန့်နှင့် နမ့်ငေါ့ကျေးရွာတို့၌ ၅၀ ကေဗွီအေထရန်စဖော် မာလေးလုံးနှင့် ၁၆၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးတို့တပ်ဆင်ကာ ပထမဦးစားပေး မီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်ပြီးနောက် ဆက်လက်၍ ကျိုင်းလပ်မြို့ ကျေးရွာအုပ်စုများနှင့် တာလေမြို့ မိုင်းလင်းကျေးရွာအုပ်စု တာလေမြို့(၄)ရပ်ကွက်တို့အား မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော မိုးစပါးစိုက်ကေများအတွက် တောင်သူများအား ထောက်ပံ့ကြေးပေးအပ်

**တိုက်ကြီး မတ် ၂၆**

တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ၂၀၁၆-၂၀၁၇ ခုနှစ် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သောသီးနှံများအတွက် တောင်သူများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို မတ် ၂၅ ရက်က အဖျောက်မြို့ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်သီးနှံထောက်ပံ့ကြေးပေးအပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးအရာရှိ ဦးတင့်လွင်၊ စိုက်ပျိုးရေး ဦးစီးဌာနဒုတိယ ဦးစီးမှူး ဦးဝင်းထွန်းဦး၊ မြို့မိမြို့ဖများပါဝင်သောအဖွဲ့သည် အဖျောက်မြို့ရေကြီးနစ်မြုပ်ခဲ့သော ကြွေပုဂံချောင်း၊ ငါးလာချောင်း၊ အုန်းပင်ကွင်း၊ အင်းတရာ၊ ချောင်းသုံးခွ၊ အောက်ရေကန်ကုန်း၊ ကျုံတကင်း၊ ရေတွင်းဖြူအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့က မိုးစပါးသီးနှံပျက်စီးခဲ့သော တောင်သူများကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဖျောက်မြို့၌ ပျက်စီးခဲ့သော ကျေးရွာအုပ်စု ရှစ်အုပ်စုရှိပြီး တောင်သူ ၂၁၂၉ ဦး၊ ကေပေါင်း ၁၀၉၁၂ ကေ၊ တောင်သူတစ်ဦးလျှင် တစ်ကေ ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ကြေးငွေကျပ် ၁၀၉၁၂၀၀၀၀ ပေးအပ်ခဲ့သည်။

အလားတူမြို့နယ်ထောက်ပံ့ရေးအဖွဲ့များကလည်း ဥက္ကံဒေသ၊ ဥတို၊ ရွာသာ၊ တိုက်ကြီး၊ တော်လတီစုရပ်များတွင် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ တိုက်ကြီးမြို့နယ် တစ်မြို့နယ်လုံး၌ ၂၀၁၆ ခုနှစ် ဩဂုတ်လကရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာ ၄၀ တွင် မိုးစပါးစိုက်ကေ ၄၄၅၂၇ ကေနှင့် တောင်သူပေါင်း ၈၅၇၅ ဦးရှိရာ တစ်ကေလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၄၄၅၂၇၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။
**ထွန်းလှိုင်(မြိုင်)**

# ကလေးစာပေပွဲတော်၊ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ဒုတိယ)နေ့ စည်ကားသိုက်မြိုက်စွာကျင်းပ


ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်(ဒုတိယ)နေ့ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ် (ဓာတ်ပုံ-အောင်မင်းဟန်)

**မော်လမြိုင် မတ် ၂၆**

မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို (ဒုတိယ)နေ့အဖြစ် မတ် ၂၆ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ကလေးများ ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ဖြစ်နေ၍ ပထမနေ့ကထက် ပိုမိုများပြားစွာ လာရောက်ဆင်နွှဲကြောင်း တွေ့ရသည်။

မွန်ပြည်နယ်ရှိ အခြေခံကျောင်းများနှင့် ဓမ္မစကူးလ်မှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကပြကြသည်။ ထို့နောက် မူကြိုအဆင့် ကလေး ကိုးဦးနှင့် အခြေခံပညာမူလတန်းအဆင့်၌ မူလတန်းကျောင်းသား ကျောင်းသူ ၄၀ တို့က ပုံပြောပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ အခြေခံပညာ ကျောင်းများမှ မူလတန်းကျောင်းသား ကျောင်းသူ ၃၀ တို့က (၃၈)ဖြာ မင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ စာရေးဆရာ (မြေလတ် မောင်မြင့်သူ)က "ပညာ တန်ဖိုး စာတန်ဖိုး "ခေါင်းစဉ်ဖြင့် လည်းကောင်း စာရေးဆရာ(မောင်လင်းရိပ်)က "သုတနှင့် ပညာလမ်းမများ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကလေးသူငယ်နှင့်စာအုပ်၊ စာပေချစ်စိတ်ခေါင်းစဉ်ကို မောင်ဇေယျာ၊ ကြည်ဝင်း(လောကအမွန်)၊ မောင်မောင်စိုး(ပန်းချီအိမ်) ပုံပြောသူများအဖွဲ့က ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ပွဲတော်တွင် လာရောက်ရောင်းချကြသည့် ကလေးစာပေ စာအုပ်အရောင်းဆိုင် ၁၅၀ တို့တွင် ပွဲတော်အလား မိဘပြည်သူများနှင့် ကလေးသူငယ်များက ကလေးစာအုပ်များစွာကို(ပထမ)နေ့ထက် ဝင်ရောက်အားပေးဝယ်ယူကြသည်။

မွန်ပြည်နယ်ရှိ ကျောင်းသားကျောင်းသူများပါမက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာတာဝန်ရှိသူများကလည်းကောင်း ကလေးမိဘများကလည်းကောင်း ကလေးစာပေပွဲတော်သို့ ကလေးများကို လိုက်ပါပို့ဆောင်ပြီး ပါဝင်ဆင်နွှဲသောကြောင့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ဒုတိယ)နေ့မှာ ဆက်လက်စည်ကားနေကြောင်း တွေ့ရသည်။

**မြတ်မွန်ထွေး၊ တင်ထွင် (မော်လမြိုင်)**


ခင်းကျင်းပြသထားသော စာအုပ်များကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လေ့လာနေကြစဉ် (ဓာတ်ပုံ-အောင်မင်းဟန်)


ကလေးငယ်များ ပန်းချီရေးဆွဲနေကြစဉ်

***❖ ကျောဖုံးမှ***

လာအောင် ကျင်းပတာဖြစ်ပါတယ်။ ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ် နေပြည်တော်ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ လာရောက်ကြတဲ့ ပြည်သူတွေအပန်းဖြေ ပျော်ရွှင်မှုနဲ့ ဗဟုသုတရရှိစေဖို့၊ ကျောင်းသား ကျောင်းသူတွေ သတ္တဗေဒနဲ့ ရုက္ခဗေဒ ရှာမှီးရာမှာ အထောက်အကူဖြစ်စေဖို့၊ တောရိုင်းတိရစ္ဆာန်တွေ ထိန်းသိမ်းကာကွယ်ရေးနဲ့ ပြည်သူလူထုတွေကို ပညာပေးဖို့၊ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့နဲ့ ရှားပါးတိရစ္ဆာန်ကျေးငှက်တွေကို မျိုးဆက်ထိန်းသိမ်းဖို့တို့ ဖြစ်ပါတယ်။ ညှော့သည်ကတော့ တစ်နှစ်ထက်တစ်နှစ် ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆-၁၇ ထိ ပျမ်းမျှသုံးသိန်းနဲ့ သုံးသိန်းခွဲကြားမှာ ရှိပါတယ်။ ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်ဖွင့်လှစ်ချိန်ကတော့ ကျွန်တော်တို့ မနက် ၈ နာရီကနေ ညနေ ၅ နာရီဖြစ်ပါတယ်။ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါတယ်။ ဝင်ကြေးကတော့ ကလေး ၅၀၀ လူကြီး ၁၀၀၀ ပါ။ နှစ်တိုင်းနှစ်တိုင်း ဒီထက် ပိုမိုပြီးစည်ကားလာအောင် ကျွန်တော်တို့အနေနဲ့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု နေပြည်တော် တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမိုးဝေစံက ပြောသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သည် ၅၉၀ ဒသမ ၁၀ ဧကကျယ်ဝန်းပြီး တိရစ္ဆာန်မျိုးစိတ်ပေါင်း ၈၂ မျိုးရှိသည်။ လက်ရှိတွင် တိရစ္ဆာန် အကောင်ရေ ၇၂၉ ကောင်အား ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။

"ဒီတိရစ္ဆာန်ဥယျာဉ်မှာတော့ တိရစ္ဆာန်ထိန်းဆေးကုဆိုပြီးတော့ သီးသန့်ဌာနတစ်ခု ရှိပါတယ်။ အဲဒီဌာနမှာ ဆရာဝန်တွေ၊ တိရစ္ဆာန်ထိန်းတွေရှိပါတယ်။ ဒီတိရစ္ဆာန်တွေကို ဘယ်လိုပြုစုစောင့်ရှောက်လဲဆိုရင် ကျွန်တော်တို့ နေ့တိုင်းနေ့တိုင်း တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအခြေအနေ၊ ပြီးတော့ လှုပ်ရှားသွားလာမှုအခြေအနေကို မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သူတို့ရဲ့အခြေအနေကို ကြည့်ပြီးတော့ လိုအပ်သလို ဆောင်ရွက်ပေးနေပါတယ်။ တိရစ္ဆာန်တွေ ကျွေးမွေးတဲ့အစားအစာတွေကို သန့်ရှင်းမှု ရှိ/မရှိ၊ ကျွေးမွေးတာ အပြည့်အဝကျွေးမွေးမှု ရှိ/မရှိ နေ့စဉ်စစ်ဆေးနေပါတယ်။ တိရစ္ဆာန် တွေရဲ့လိုအပ်တဲ့ အာဟာရတွေ အပြည့်အဝရရှိဖို့အတွက် ကျွန်တော်တို့က နိုင်ငံတကာနဲ့ယှဉ်ပြီးတော့ ရိက္ခာနှုန်းထားတွေစီစဉ်ပြီး ကျွေးမွေးနေပါတယ်။ တိရစ္ဆာန်တွေကို ရောဂါတွေမဖြစ်ပွားအောင် နောက်ပြီးတော့ သူတို့သဘာဝအတိုင်း နေနိုင်တဲ့ အနေအထားမျိုးရောက်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ တိရစ္ဆာန်တွေကို လှောင်အိမ်စနစ်၊ လှတ်ကွင်းစနစ်၊ အဝေးထိန်းချုပ်စနစ်တွေနဲ့ ထားပါတယ်"ဟု ဒေါက်တာသော်သော်ကောင်းက ပြောသည်။

နေပြည်တော် တိရစ္ဆာန်ဥယျာဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၀၈ ခုနှစ် မတ် ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ် ၂၆ ရက်သည် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၏ ၉ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

***❊ ကျောဖုံးမှ***

သွေးသစ်ဝင်းလှိုင် (Adventure)နှင့် ရွှေရာမာဉ် (Mandalay 1886) တို့ ပွဲတွင် ပွဲစသည်နှင့် တစ်ဦးနှင့်တစ်ဦး ခြေကန်ချက်၊ ပင့်လက်သီး၊ ထောက်လက်သီး၊ ဝိုက်လက်သီးများကို တစ်ဖက်နှင့် တစ်ဖက် ပညာဉာဏ်သုံးကာ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်သွားခဲ့သည်။ ပြောရလျှင် အဓိက တွဲဆိုင်းထက်ပင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ အားပေးမှုပိုများခဲ့သည်။ ယင်းပွဲတွင် သွေးသစ်ဝင်းလှိုင် အပေါ်စီးမှ လိုက်လံယှဉ်ပြိုင် ထိုးသတ်ခဲ့သော်လည်း ရွှေရာမာဉ် စိတ်ဓာတ်ခွန်အား အပြည့်ဖြင့် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် သရေကျခဲ့သည်။ ရိုးရာလက်ဝှေ့ချစ်ပြည်သူများအား ရသမြောက် ဖျော်ဖြေပေးသွားနိုင်တာကတော့ သားသဲတစ်ပွင့်(ဗမာ့သွေး) နှင့် စောမင်းအောင်(တောင်ကလေး) တို့ပွဲပင် ဖြစ်သည်။ သားသဲတစ်ပွင့်နှင့် စောမင်းအောင်တို့ပွဲတွင် ပွဲစသည်နှင့် အပြိုင် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် ပရိသတ်များအကြိုက်တွေ့သော ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မပေါ်ခဲ့ပေ။ အလားတူ သုံးကြိမ်မြောက် တွေ့ဆုံရင်ဆိုင်ယှဉ်ပြိုင်ခဲ့သော ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး (နဂါးမာန်)တို့ပွဲသည်လည်း ယခင်နှစ်ကြိမ် တွေ့ဆုံခဲ့သည့် အတိုင်းပင် သရေဖြင့်ပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်များဖြစ်သည့် စိုးထက်ဦး(STL)နှင့် မင်းမောင်မောင် (တောင်ကလေး)၊ ထွန်းနိုင်ဦး (STL)နှင့် မင်းထက်အောင် (တောင်ကလေး)၊ ကျော်စွာဝင်း (ယူနိုက်တက်)နှင့် လင်းထက်အောင် (တောင်ကလေး) တို့ပွဲများတွင် တစ်ဖက်နှင့်တစ်ဖက် အလူးအလဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ပူးတွဲသရေကျခဲ့ကာ အရှုံးအနိုင်မပေါ် ဖြစ်ခဲ့သည်။ ဒေါင်းဖြူလေး (Adventure)နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်) တို့ပွဲတွင် ပွဲစသည်နှင့် တက်သစ်စလူငယ်များပီပီ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရာ စတုတ္ထအချီ ၂၈ စက္ကန့်တွင် ဒေါင်းဖြူလေးက ညာဒူးတိုက်ချက်ဖြင့် ကျော်ဝင်းအောင်ကို အလဲထိုးအနိုင်ယူခဲ့သည်။ ရာဇာ(ရွှေမိုးထိပြိမ်းချမ်းရေး)နှင့် သက်ဆိုးပေ (ယူနိုက်တက်)တို့ပွဲတွင်လည်း စတုတ္ထအချီ ၃၂ စက္ကန့်မှာပင် ရာဇာက အလဲထိုးဖြင့် အနိုင်ယူခဲ့သည်။ မကျေပွဲပြန်နွှဲခဲ့ကြသည့် မိုက်ရိုင်း(ရွှေဖူး)နှင့် နက္ခအောင်(တောင်ကလေး)တို့ပွဲတွင် ပြီးခဲ့သော ၂၀၁၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲ နောက်ဆုံးဖိုင်နယ်၌တွေ့ဆုံခဲ့ရာ မိုက်ရိုင်းက အမှတ်ဖြင့်နိုင်ခဲ့သည်။ ယခုဒုတိယအကြိမ် ပြန်လည်တွေ့ဆုံသည့် စိန်ခေါ်ပွဲတွင်လည်း နက္ခအောင် ရှုံးကြွေးပြန်မဆပ်နိုင်ဘဲ စတုတ္ထအချီ၂ မိနစ် စက္ကန့် ၂၀ မှာပင် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်းအားမရှိတော့ဘဲ မိုက်ရိုင်းကို ဒုတိယအကြိမ် အရှုံးပေးလိုက်ရပြန်သည်။

ယနေ့ Great Tiger Group (GTG)က ကျင်းပသော ရိုးရာကျားတို့အားပြိုင်ပွဲ ပွဲစဉ်(၄)ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့သမားများအား အလဲထိုးနိုင်ခဲ့လျှင် ထိုးကြေးအပြင် အပိုဆုငွေများကိုပါ ထပ်ဆောင်းချီးမြှင့်ပေးခဲ့သော်လည်း အလဲထိုးဖြင့်နိုင်ခဲ့သည့် ဒေါင်းဖြူလေး၊ ရာဇာနှင့် မိုက်ရိုင်းတို့သာ ယင်းအပိုဆုငွေများကို ရရှိခဲ့သည်။

(၇၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဆောင်းပါး

# ခေတ်သစ်စစ်ပွဲများအတွက် Standard Army တည်ဆောက်ရေး

မောင်သောင်းဝင်း (တမန်ဟောင်း)




တပေါင်းလအပူချိန်သည်တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ နေပြည်တော်နွေရာသီသည် နံနက်ပိုင်းနေထန်းတဖျားလောက်ကတည်းကပင်ခြစ်ခြစ်တောက်ပူနေပြီဖြစ်သည်။ ထိုအပူချိန်အောက်တွင် ချွေးတဒီးဒီးဖြင့် တာဝန်ထမ်းဆောင်နေကြသူများရှိကြသည်။ ထိုသူများကားအခြားမဟုတ်ချေ။ (၇၂) နှစ်မြောက်တပ်မတော်နေ့ အတွက် ချီတက်လေ့ကျင့်နေကြသော စစ်ရေးပြစစ်ကြောင်းကြီးများမှ အရာရှိစစ်သည်များပင်ဖြစ်ကြသည်။ နံနက်စောစောအချိန်ကတည်းကပင် စစ်ကြောင်းကြီးများစုပေါင်းကာ ဘင်သံနှင့်အတူ အားမာန်အပြည့်ဖြင့် ညီညီညာညာ ချီတက်လေ့ကျင့်နေကြခြင်းဖြစ်သည်။ သံပြိုင်ညီညာသောစစ်ချီသီချင်းဆိုသံများကလည်း စစ်ရေးပြကွင်းသွားရာလမ်းတစ်လျှောက်တွင် ဘဝင်သို့ပင် လျှံထွက်လျက်ရှိသည်။ ကြားရသူတိုင်း ကြက်သီးမွေးညင်းများပင် ထလာပါသည်။

ထို့အပြင် နေ့ခင်းဘက် ကျဲကျဲတောက်အပူချိန်အောက်တွင်လည်း စစ်ကြောင်းများအလိုက်လေ့ကျင့်ကြရဦးမည်ဖြစ်သည်။ ညဘက်၌ စစ်ချီသီချင်းသံပြိုင်သီဆိုမှုများကိုလေ့ကျင့်ကြရသေးသည်။ ထို့နောက် ဝတ်စားဆင်ယင်မှုအတွက် ဖိနပ်ဆေးတင်ခြင်း အဆင့်၊ တံဆိပ်များ၊ သေနတ်များတိုက်ချွတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပြီး နောက်အိပ်ရာသို့စောစောဝင်ကြရသည်။ နံနက်စောစောထပြီးစစ်ကြောင်းချီတက်ရန်ပြင်ဆင်ကြရသည်။ တပ်မတော်သားများသည် စစ်ရေးပြအခမ်းအနားအတွက် မည်မျှပင် ပင်ပန်းနေစေကာမူ အပြုံးတစ်ချက်မျှမပျက်ကြပေ။ တပ်မတော်သားအားလုံး၏ ရင်ထဲတွင် ထိုသို့ထူးခြားလေးနက်သောစစ်ရေးပြအခမ်းအနားကြီးတွင် ပါဝင်ချီတက်ရသည်ကိုပင် ဂုဏ်ယူဝင့်ကြွားလျက်ရှိကြသည်။ ကိုယ်တွေ့ခံစားချက်ဖြစ်ပါသည်။ စာရေးသူလည်း(၄၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးတွင်ပါဝင်ချီတက်ခွင့်ရခဲ့ဖူးပါသည်။

နိုင်ငံတစ်နိုင်ငံ၏ တိကျစွာပိုင်းခြားထားသော ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ် ဖွဲ့စည်းထားရှိရန်လိုအပ်နေမည်ဖြစ်သည်။ ထိုလိုလားချက်များနှင့်အညီ ကျွန်ုပ်တို့ပြည်ထောင်စုတပ်မတော်ကြီးကိုလည်း စနစ်တကျဖွဲ့စည်းထားရှိပါသည်။ ထိုတပ်မတော်ကြီးသည် အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ တိုင်းပြည်အတွက်လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာခြင်း ဖြစ်သည်။ ခေတ်မီတောင့်တင်းပြီးစွမ်းရည်ထက်မြက်သော ထိုပြည်ထောင်စုတပ်မတော်ကြီးကို ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများကလည်း အသိအမှတ်ပြုလေးစားနေရသည်မှာ ငြင်းဆို၍ မရသော ပကတိအရှိတရားပင် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်အဆက်ဆက်တွင်ခိုင်မာသော သမိုင်းကြောင်းများရှိခဲ့သည်။ အေဒီ ၁၀၄၄-၁၀၇၇ ခုနှစ် အနော်ရထာမင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁-၁၅၈၁ ခုနှစ် ဘုရင့်နောင်မင်းလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၇၅၂-၁၇၆၀ ခုနှစ် အလောင်းမင်း တရားလက်ထက်တွင်လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင်စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ခံ့ညားထည်ဝါစွာတည်ထောင်နိုင်ခဲ့သည်။ ထိုခေတ်ကာလများတွင်ဒေသတွင်းသာမက ကမ္ဘာ့အဆင့်အထိပါ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် ဂုဏ်ရှိန်ရောင်ဝါ ထွန်းပြောင် နိုင်ခဲ့ပါသည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုနိုင်ငံကြီးများသည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်များဖွဲ့စည်းထူထောင်ခဲ့မှုကြောင့်သာ ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်ဆိုသော သက်သေသာဓက သမိုင်းဖြစ်စဉ်များပင် ဖြစ်သည်။

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် တိုင်းပြည်၏ အဓိကကာကွယ်ရေးအင်အားဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှ ခေတ်နောက်ကျမှု အကျိုးဆက်ကြောင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့တို့၏ လက်ဝယ်သို့ ဝကွက်အပ်ခဲ့ရသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ရောက်ရှိမှသာ မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရယူနိုင်ခဲ့သည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကိုစတင်ကျူးကျော် သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်သည်။ ထိုကာလများသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုဒဏ်များကို ခါးစည်းခံခဲ့ကြရသည့် ပင်ပန်းကြမ်းတမ်းသောနေ့ရက်များပင်ဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားသူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား အသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့်တိုက်ထုတ်ခဲ့ကြသည်။ သို့သော် စနစ်တကျစုဖွဲ့လေ့ကျင့်တိုက်ခိုက်ခြင်းမျိုးမရှိခဲ့သဖြင့် တိုင်းပြည်အတွက်အသက်ကိုသာစွန့်လွှတ်ခဲ့ကြရသည်။ ဝမ်းနည်းဖွယ်ကောင်းသည့်ဖြစ်ရပ်များပင်ဖြစ်သည်။ ထို့နောက် တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ်နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်းစသည့် လူထုအခြေပြုအဖွဲ့အစည်းများဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။

ထိုစဉ်က တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုတွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျစုဖွဲ့လေ့ကျင့်ထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်ခဲ့သည်။ ထို့ကြောင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA)ကိုစတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မတော်သည် လက်ရှိပြည်ထောင်စု တပ်မတော်၏မူလသန္ဓေပင်ဖြစ်သည်။

တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ “မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကိုရှာပြီးတိုက်ကြ” ဟု အလေးအနက်ထားပြောကြားခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့်ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ဆင်နွှဲခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်အသွင်ကို ရောက်ရှိလာခဲ့ပေသည်။ ပြည်သူလူထုနှင့်တစ်ဆက်တစ်စပ်တည်းရှိနေပြီးပြည်သူလူထု၏တစ်ခဲနက်ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့်အတွက်လည်း ပြည်သူ့တပ်မတော်အသွင်မျိုးဖြစ်လာခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် နေ့တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင် စစ်ကြေညာပြီး တော်လှန်ရေးကိုဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါအပြင် တိုင်းရင်းသားပြည်သူများမှ မွေးဖွားသည့် ညီနောင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဆိုသည့် ဂုဏ်အင်္ဂါရပ်များနှင့် ပါ ပြည့်စုံနေသောနေ့တစ်နေ့လည်းဖြစ်သည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲခဲ့သောနေ့ဖြစ်သည့် မတ်လ ၂၇ ရက်နေ့ကို “တပ်မတော်နေ့” အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ထူးခြားလေးနက်သော တပ်မတော်နေ့သည် ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် (၇၂)နှစ်ပြည့်မြောက်ပြီဖြစ်သည်။

တပ်မတော်သည် တိုင်းပြည်အတွင်းအရေးကြုံတိုင်း ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများအား ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ထိုဖြစ်စဉ်များကို သမိုင်းကသက်သေတည်လျက်ရှိသည်။ ၁၉၄၈-၄၉ ခုနှစ် ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ ထို့နောက် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကို“အိမ်စောင့်အစိုးရ”အဖြစ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း “တော်လှန်ရေးကောင်စီ” ကိုဖွဲ့စည်းကာနိုင်ငံတော်၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ထို့အပြင် ၁၉၈၈ ခုနှစ်တွင်လည်း“နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့” ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် “နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ” ဟူ၍ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်လမ်းပြမြေပုံကိုချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အရပ်သားများဖြင့် ဖွဲ့စည်းထားသည့် ဒီမိုကရေစီအစိုးရသို့ အာဏာကို ညင်သာချောမွေ့စွာလွှဲပြောင်းပေးနိုင်ခဲ့သည်။ ထိုစွမ်းဆောင်ချက်များသည် မည်သူမျှငြင်းဆို၍မရသော တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အချက်တစ်ချက်သည် ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရှိနေရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကိုတစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ ၆ ရပ်ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။ ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီချက် (NCA) လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ကျန်အဖွဲ့များနှင့်လည်း သဘောတူညီချက်ရရှိရေးအတွက် စိတ်ရှည်သည်းခံ သဘောထားကြီးစွာဖြင့် လိုက်လျောဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် တပ်မတော်သည် ချမှတ်ထားသောမူဝါဒ ၆ ရပ်နှင့်အညီ လက်ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေး ဆက်လက်ကြိုးပမ်းသွားရန် အခိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် နည်းပညာအားပြိုင်လာကြပြီဖြစ်သည်။အထူးသဖြင့် စစ်ရေးအင်အားကို ပိုမိုအားပြိုင်လာကြပါသည်။ စစ်ရေးအင်အားပြိုင်ဆိုင်ရာတွင် တပ်မတော်အား လူ၊လက်နက် ခေတ်မီတောင့်တင်းခိုင်မာအောင်ဆောင်ရွက်ကြရသည်။ ကမ္ဘာပေါ်တွင် ခေတ်မီတပ်မတော်ရှိသော နိုင်ငံတစ်နိုင်ငံကို ကျန်နိုင်ငံများကလေးစားကြရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် ကာကွယ်ရေးဘတ်ဂျက်များစွာ သုံးစွဲကာ ၎င်းတို့၏ တပ်မတော်များကိုအဆင့်မြှင့်တင်လျက်ရှိကြသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည်လည်း ခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းကာ ၎င်းတို့၏ တပ်မတော်များကိုအဆင့်မြှင့်တင်လျက်ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တပ်မတော်ကိုလည်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှ တပ်မတော်များကဲ့သို့ပင် အဆင့်မြှင့်တင်တည်ဆောက်သွားရန် လိုအပ်နေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကို ပြည်ပကျူးကျော်ခြိမ်းခြောက်မှုအန္တရာယ်မှ ကာကွယ်သွားနိုင်ရန်သည် စည်းကမ်းပြည့်ဝပြီး စွမ်းရည်ထက်မြက်သော ခေတ်မီအင်အားတောင့်တင်းသည့် မျိုးချစ်တပ်မတော်တစ်ရပ်ရှိနေရန်သည် ပဓာနကျသော အချက်ပင်ဖြစ်ပေသည်။ ထိုရည်မှန်းချက်နှင့်အညီတပ်မတော်ကို Standard Army အဖြစ်အဆင့်မြှင့်တင်တည်ဆောက်သွားရန်သည် အရေးတကြီး ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ ထိုသို့ တည်ဆောက်နိုင်ရန်အတွက် ခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းရမည့်အပြင် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ရေးလေ့ကျင့်ခန်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်သွားရန်လည်း လိုအပ်နေမည်ဖြစ်ပါသည်။ မျက်မှောက်ခေတ်ကာလတွင် နည်းပညာများတိုးတက်ပြောင်းလဲလာမှုနှင့်အတူ စစ်ရေးဆိုင်ရာ အယူအဆသဘောထား (Doctrine & Concept)များသည်လည်း တိုးတက်ပြောင်းလဲလာနေပြီဖြစ်ပါသည်။ ထို့ကြောင့်တပ်မတော်သားများသည် စစ်မှုရေးရာသာမက နိုင်ငံတကာတွင် ဖြစ်ပေါ်လျက်ရှိသော ပြောင်းလဲတိုးတက်မှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာသုံးသပ်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံစစ်ပွဲများအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများအား တစိုက်မတ်မတ် ပြုလုပ်လျက်ရှိကြပေသည်။

*စာမျက်နှာ ၇ သို့*

**မျက်မှောက်ကာလ နိုင်ငံတကာဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ခိုင်မာသော တပ်မတော်တစ်ရပ်မရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုကို ဖော်နိုင်စွမ်းမရှိကြချေ။ ထိုနိုင်ငံများတွင် အစိုးရတစ်ရပ်ကိုပင် ဖွဲ့စည်းနိုင်စွမ်းမရှိကြချေ။ ပြည်သူများသည် ခိုကိုးရာမဲ့ ကျီးလန့်စာစားဘဝမျိုးဖြင့် နေ့စဉ်ဖြတ်သန်းနေကြရသည်။ ထိုနိုင်ငံများရှိ ကလေးသူငယ်များသည် အနာဂတ်ပျောက်ဆုံးလျက်ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်ကာ တိုင်းပြည်နှင့်လူမျိုးကို စစ်မှန်သော စေတနာဖြင့် ထာဝစဉ်စောင့်ရှောက်သွားရန် လိုအပ်နေမည်မှာ ကေန်မုချပင်ဖြစ်**



မတ် ၂၆ ရက်က မြန်မာနိုင်ငံ ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၆) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဇနီး ဒေါ်လွင်လွင်မှန်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နယ်စပ်ဈေးစီမံကိန်း ထင်းဇင်-နယူးဆမ်းသာလ် အကောင်အထည်ဖော်ရန် ဒေသခံများလိုလား

**မြန်မာ-အိန္ဒိယနယ်စပ် လုံခြုံရေးနှင့် နယ်မြေမတည်ငြိမ်မှုများကြောင့် အကောင်ထည်ဖော်နိုင်ခြင်းမရှိဘဲ နှစ်ရှည်လများ မျက်ကွယ်ပြုခံနေရသော စစ်ကိုင်းတိုင်းဒေသကြီး ထင်းဇင်နှင့် မဏိပူရ်ပြည်နယ် နယူးဆမ်းသာလ်(New Samtal) ဆက်သွယ်သည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ပြုပြင်မွမ်းမံပေးရန် ဒေသခံပြည်သူများက လိုလားနေကြသည်။**

နှစ်နိုင်ငံအစိုးရတို့ လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်ကတည်းက လျာထားခဲ့ပြီး ယနေ့ထိ အကောင်ထည်ဖော်မှုမရှိသေးသည့် နယ်စပ်ဈေးဖွင့်လှစ်ရေး စီမံကိန်းကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကို နယ်စပ်နေဒေသခံပြည်သူများက မျှော်လင့်နေကြသည်ဟု ပြောဆိုခဲ့ကြသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ထင်းဇင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက "ထင်းဇင်နယ်စပ်ဒေသမှာ နယ်စပ်ဈေးထားမယ်ဆိုတာ ၂၀၁၂ ခုနှစ်ကတည်းက သိထားတာပါ၊ ဒီကိစ္စဟာ ကျွန်တော်တို့နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေရဲ့ အခက်အခဲကို ဖြေရှင်းပေးနိုင်မယ့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်လာဖို့ အလားအလာကောင်းတစ်ရပ်ဖြစ်တာကြောင့် လက်တွေ့အကောင်ထည်ဖော်ပေးဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု ပြောသည်။

ယင်းဒေသသည် လက်ရှိ နယ်မြေလုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးများအရ နယ်စပ်ကုန်သွယ်ရေးစခန်း ထူထောင်ရန် အချက်အချာကျသည့် နေရာလည်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အလားတူ တစ်ဖက် နယူးဆမ်းသာလ်ကျေးရွာအာဏာပိုင်ကော်မတီမှ အတွင်းရေးမှူး ဦးမာမာန်းက "နယ်စပ်ဈေးဖွင့်နိုင်ပြီဆိုရင် ကျွန်တော်ဘက်က လမ်းဟောင်းတွေကိုလည်း ပြုပြင်မွမ်းမံလာမယ်၊ အရင်တုန်းကလို ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွေလည်း အသစ်တစ်ဖန် ပြန်လည်မြင်တွေ့နိုင်တော့မှာဖြစ်တယ်" ဟု ပြောသည်။

အဆိုပါဒေသတွင် နယ်စပ်ဈေးဖွင့်လှစ်နိုင်ပါက မတည်ငြိမ်မှုကြောင့် မကြာခဏပိတ်လေ့ရှိသည့် နန်းဖာလုံဈေးကြောင့် ၎င်းတို့ကြုံတွေ့နေရသည့်အခက်အခဲနှင့် ဒေသထွက်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ယခုထက်မက ကျယ်ပြန့်စွာ ရောင်းချတင်ပို့နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ဒေသခံများက ပြောဆိုကြသည်။

ထင်းဇင်နှင့် နယူးဆမ်းသာလ် နယ်စပ်ဒေသသည် နှစ်နိုင်ငံအစိုးရမှ နယ်စပ်ဈေးများ ဖွင့်လှစ်ရန် သဘောတူညီချက်ရရှိထားသည့်နေရာ တစ်ခုလည်းဖြစ်ပြီး နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာသတ်မှတ်ပြီး နယ်နိမိတ်မှတ်တိုင် ဘီပီ ၆၂ နှင့် ဘီပီ ၆၃ ကြားတွင် တည်ရှိသည်။

ထင်းဇင်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး တမူး ခရိုင် ခမ်းပတ်မြို့နယ်ခွဲတွင်တည်ရှိသော ကျေးရွာအုပ်စုတစ်ခု ဖြစ်ပြီး မြောက်ဘက် ၂၈ မိုင်အကွာတွင် တမူး-နန်းဖာလုံ ဈေးတည်ရှိကာ တောင်ဘက် ၆ မိုင်အကွာတွင် ခမ်းပတ်ဈေးတည်ရှိသည်။

နယူးဆမ်းသာလ်ကျေးရွာသည် မဏိပူရ်ပြည်နယ် Chandel ခရိုင်၊ Chakpikarong မြို့နယ်ခွဲတွင်တည်ရှိကာ ထင်းဇင်ကျေးရွာနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး ၆-၇ ဖာလုံကွာဝေးသောလမ်းဖြင့် ဆက်သွယ်ထားသည်။

နယ်စပ်ဈေး ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ တမူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက "ခမ်းပတ်ဈေးဖွင့်ဖို့ဆိုတာကတော့ စီမံချက်တစ်ရပ်အနေနဲ့လည်းပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာ မေးမြန်းဖို့အစီအစဉ်ရှိတယ်"ဟု ပြောသည်။

ယင်းဒေသသည် နယ်စပ်ဈေးဖွင့်လှစ်ရန် သင့်လျော်သည့်နေရာတစ်ခုဖြစ်ကြောင်း လက်တွေ့အကောင်အထည်ဖော်ရန်လည်း မျှော်လင့်ကြောင်း ၎င်းက ဆက်ပြောသည်။

"လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်တုန်းကလည်း နယူးဆမ်းသာလ်နှင့်ကပ်လျက်ရှိသော ထင်းဇင်နယ်မြေပိုင်နက်အတွင်း နယ်စပ်ဈေးအတွက် မြေနေရာကြည့်ရှုမှုများလည်း သက်ဆိုင်ရာဌာနတို့မှ ပြုလုပ်ခဲ့ကြပြီး ခြောက်ကေခန့်ကျယ်ဝန်းသော မြေနေရာကို လျာထားခဲ့ကြသည်"ဟု ခမ်းပတ်မြို့ မြေစာရေး ဦးတင်နိုင်မျိုးက ပြောသည်။

အဆိုပါ လျာထားချက်ကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရထံ တင်ပြထားပြီးဖြစ်သည်ဟု သိရသည်။

နယ်စပ်ဈေးဖွင့်လှစ်ပါက နယ်စပ်တိုင်းရင်းသားပြည်သူများ ကုန်စည်ကူးလူးဆက်ဆံမှုများ ပြုလုပ်နိုင်မည်ဖြစ်သည့်အပြင် နှစ်နိုင်ငံအစိုးရအနေဖြင့် နိုင်ငံဖြတ်ကျော်မှုကိစ္စများ၊ လူကုန်ကူး၊မှောင်ခိုကိစ္စများ လုံခြုံရေး စနစ်တကျ စီမံဆောင်ရွက်နိုင်မည်ဟု ထင်းဇင်ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်နိုင်ဝင်းက ပြောသည်။

**CL ထန်းငါ**

## စာနယ်ဇင်းဝန်ထမ်းဟောင်းများ ပထမဆုံးအကြိမ်တွေ့ဆုံ

**ရန်ကုန် မတ် ၂၆**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ၊ ဝန်ထမ်းဟောင်းများအသင်း အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်း၊ ကွယ်လွန်သူဝန်ထမ်းဟောင်းများအတွက် အလှူဒါနပြုလုပ်ခြင်း၊ ပထမအကြိမ်ဝန်ထမ်းဟောင်းများမိတ်ဆုံစားပွဲ၊ ဆရာကန်တော့ပွဲနှင့် အသက် (၈၀)နှင့်အထက်အသင်းဝင် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါအသင်းကို ၂၀၁၅ ခုနှစ်က ဝန်ထမ်းဟောင်းများ၏ သာရေးနာရေးကိစ္စများကို ကူညီဆောင်ရွက်ပေးရန် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ ရာသက်ပန်အသင်းဝင် ၁၇ ဦးနှင့် အသင်းဝင်ပေါင်း ၂၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း၊ ယနေ့တွင် အသက် ၈၀ နှင့်အထက် ဝန်ထမ်းဟောင်း ၁၄ ဦးအား သက်ကြီးပူဇော်ပွဲ ကျင်းပပေးနိုင်ခဲ့ကြောင်း သိရသည်။

အသင်း၏အမှုဆောင်သက်တမ်းကို နှစ်နှစ်သတ်မှတ်ထား၍ ယနေ့တွင် ၂၀၁၇-၂၀၁၉ သက်တမ်းအတွက် အမှုဆောင်များကိုလည်း ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ပြီး ကြေးမုံစာတည်းမှူးချုပ်ဟောင်း ဦးမြင့်ဆွေအား ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကန်တော့ခံဆရာကြီးများအဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ဦးခင်မောင်အေး(ခင်မောင်အေး-မန္တလေး)၊ ဦးဝင်းမောင် (မင်းယုဝေ)- ( မြဝတီစာတည်းမှူးချုပ်ဟောင်း)၊ ကြေးမုံဦးသော်၊ ဦးလှထွန်း (လှထွန်း-တွံတေး-)(ညွှန်ကြားရေးမှူး၊ သတင်း-ငြိမ်း)၊ ဦးလှကြင် ညွှန်ကြားရေးမှူး၊ (စီမံ-ငြိမ်း)၊ ဦးစဝ်ကိုင်ဖ-လုပ်သားပြည်သူ့နေ့စဉ် စာတည်းမှူးချုပ်(ငြိမ်း)၊ ဗိုလ်မှူးမြသင်း(ဗိုလ်တထောင်သတင်းစာ)တို့ တက်ရောက်ခဲ့သည်။

ထို့အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ၊ သတင်းစဉ် Global Newlight of Myanmar သတင်းစာ၊ ဗိုလ်တထောင်သတင်းစာတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော စာတည်းမှူးချုပ်များ၊ မန်နေဂျာများ၊ အယ်ဒီတာများ၊ ဓာတ်ပုံသတင်းထောက်များ၊ အခြားအဆင့်ဝန်ထမ်းဟောင်းများ စုံညီစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## လက်ပံတောင်းဒေသ ကျောက်တောင်မိုင်းခွဲ၍ ကျောက်သယ်နေသောကိစ္စမပြုရန် တိုင်းဒေသကြီးဝန်ကြီးချုပ် အမိန့်ထုတ်သည်ဟူသောသတင်းလုံးဝမဟုတ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးပြောကြား

**မုံရွာ မတ် ၂၆**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ စာချုပ်ပြဋ္ဌာန်းချက်များတွင် မပါဝင်သော ကျောက်တောင်များအား မိုင်းခွဲ၍ ကျောက်ထုတ်လုပ်သယ်ယူနေ သောကိစ္စရပ်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အကြီးအကျယ်ဖြစ်ပေါ်လာနိုင်သောကြောင့် စီမံကိန်းမှ ဝမ်ပေါင်ကုမ္ပဏီ၏ အတားအဆီးမဲ့ သက်ဆိုင်ရာ အာဏာပိုင်များဖြင့် ပူးပေါင်းကာ အမြတ်ထုတ်နေမှုအား သိရှိပြီး ကျောက်ထုတ်လုပ်ခြင်း ကျောက်များ သယ်ယူခြင်းများမပြုလုပ်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မတ် ၂၆ ရက် မွန်းလွဲပိုင်းက အမိန့် ထုတ်လိုက်သည်ဟူသော လူမှုကွန်ရက်မှ သတင်းသည် လုံးဝမဟုတ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ထုတ်ဖော်ပြောကြားသည်။

"လက်ရှိ မတ် ၂၆ ရက် မွန်းလွဲပိုင်းမှာ တိုင်းဒေသကြီးဝန်ကြီးတွေ လက်ပံတောင်းဒေသမှာ ဖြစ်နေတာကို သွားရောက်ညှိနှိုင်း အဖြေရှာဆောင်ရွက်နေပါတယ်။ လူမှုကွန်ရက်မှာ ပြန့်နေတဲ့ ဝန်ကြီးချုပ်လက်မှတ်ထိုးပြီး အမိန့်ထုတ်တယ်ဆိုတာ မဟုတ်ပါဘူး။ လောလောဆယ် ကျောက်သယ်ယာဉ်တွေကိုတော့ လုံးဝပိတ်ထားပါတယ်။ မုံရွာ-ပုသိမ် လမ်းပေါ်မှာလည်း ကျောက်သယ်ကားတွေမရှိပါဘူး"ဟု ဦးကမ်ဇာမုံက မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီကျော်က ပြောသည်။

ဒေသခံများ၏ ကန့်ကွက်မှုကြုံနေရဆဲဖြစ်သည့် လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းအတွင်းသွားသည့် ကျောက်သယ်ယာဉ်များကို ဒေသခံများက မတ် ၂၄ ရက်တွင် တားဆီးမှုပြုလုပ်ခဲ့ရာ ဆားလင်းကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးက လာရောက် ဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရခဲ့ဘဲ ညနေပိုင်းတွင် ရဲများနှင့် ဒေသခံများကြား တင်းမာမှုများဖြစ်ခဲ့ပြီး သေနတ်နှင့် ပစ်ခတ်မှုများရှိသောကြောင့် ဒေသခံ ၁၀ ဦးခန့် ဒဏ်ရာရရှိထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မူခင်းကျဆင်းရေး ပညာပေးဟောပြော

**ရွှေတောင် မတ် ၂၆**

ရွှေတောင်မြို့နယ် ဝါးတောအုပ်စု ဘို့လည်ကုန်းကျေးရွာ ရွှေမောင်းတုန်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မတ် ၂၄ ရက်က ရွှေတောင်မြို့မရဲစခန်း ရဲမှူးလှငွေနှင့် အဖွဲ့က မူခင်းကျဆင်းရေးဟောပြောပွဲကိုကျင်းပရာ ရဲမှူးလှငွေက သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိအဆင့် (၄) ဦးစိုင်းမောင်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လောင်းကစားနှင့် လက်နက်မှု၊ မုဒိမ်းမှုဆိုင်ရာအကြောင်းများဟောပြောပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတပ်မတော်ကြီးအား နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် Standard Army အဖြစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းများအနက် အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "မိမိတို့နိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်မဟုတ်ဘဲ မိမိနိုင်ငံတော်ကိုကာကွယ်ရန်သာဖြစ်ကြောင်း၊ နိုင်ငံတော်ကိုကာကွယ်နိုင်ရန် တပ်မတော်ကို နိုင်ငံတကာစံချိန် စံညွှန်းနှင့်ကိုက်ညီသည့် Standard Army အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ Standard Army တည်ဆောက်ရာမှာ လူ၊ လက်နက်၊ ပစ္စည်းကိရိယာများဖွဲ့စည်း ရုံနှင့်မပြည့်စုံဘဲတပ်ဆင်ထားသည့် စစ်လက်နက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရန်လည်း လိုအပ်ကြောင်း" ဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အုတ်တွင်းတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြုလုပ်သော ဗဟိုအဆင့်စစ်ရေးစွမ်းရည် အထောက်အကူပြု Professional Skills ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနား၌ အလေးအနက်ထားပြီး မှာကြားခဲ့ပါသည်။

တပ်မတော်အား Standard Army အဖြစ်တည်ဆောက်ရာတွင် စစ်ရေးလေ့ကျင့်မှုများမှရရှိလာသည့် အတွေ့အကြုံများအပေါ် မူတည်ပြီး ဖော်ထုတ်သုံးသပ်ချက်များလည်း ဆောင်ရွက်သွားနိုင်ခဲ့ပါသည်။ ကာကွယ်ရေးစွမ်းပကားရှိစေရန်၊ တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားများ ရှိစေရန်အတွက် Standard Army အဖြစ် တည်ဆောက်သွားရန် လိုအပ်နေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ရေးအတွက် အမြဲတမ်းအသင့်ဖြစ်နေစေရန် ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်း၊ စစ်လက်နက်ပစ္စည်းများအဆင့်မြှင့်တင်ခြင်း၊ ပညာတော်သင်များစေလွှတ်ခြင်း၊ စစ်ဘက်ဆိုင်ရာနည်းပညာများဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်နေမည်ဖြစ်သည်။ ထို့အပြင် အရာရှိ၊ စစ်သည်တစ်ဦးချင်း၏ကိုယ်စီအရည်အချင်းနှင့်အရည်အသွေးတို့ကိုလည်း လေ့ကျင့်အဆင့်မြှင့်တင်နေကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတကာဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ခိုင်မာသော တပ်မတော်တစ်ရပ်မရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုကို ဖော်နိုင်စွမ်းမရှိကြချေ။ ထိုနိုင်ငံများတွင် အစိုးရတစ်ရပ်ကိုပင် ဖွဲ့စည်းနိုင်စွမ်းမရှိကြချေ။ ပြည်သူများသည် ခိုကိုးရာမဲ့ ကျီးလန့်စာစား ဘဝမျိုးဖြင့် နေ့စဉ်ဖြတ်သန်းနေကြရသည်။ ထိုနိုင်ငံများရှိ ကလေးသူငယ်များသည် အနာဂတ် ပျောက်ဆုံးလျက်ရှိကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော်ကို Standard Army အဖြစ်တည်ဆောက်ကာ တိုင်းပြည်နှင့် လူမျိုးကိုစစ်မှန်သော စေတနာဖြင့် ထာဝစဉ်စောင့်ရှောက်သွား ရန် လိုအပ်နေမည မှာကေန်မုချပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများအကြားတွင် မားမားမတ်မတ် ရပ်တည်နိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာသည့် ခေတ်မီတပ်မတော်တစ်ရပ် ရှိနေရန်လိုအပ်ပါသည်။ကျွန်ုပ်တို့၏ ပြည်ထောင်စု တပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ ထိုသို့တိုင်းပြည်၏ လိုအပ်ချက်အရ ဖြစ်တည်လာသော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းပြည်အတွင်း အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရသည့်အချိန်တိုင်းရှေ့မှ မားမားမတ်မတ် ရပ်တည်ခဲ့ရပါသည်။ ထိုအစဉ်အလာကောင်းများရှိသော တပ်မတော်ကို Standard Army အဖြစ်တည်ဆောက်လျက် ခေတ်သစ်စစ်ပွဲများတွင် ပြည်တွင်း၊ ပြည်ပရန်ဆွယ် မှန်သမျှကို ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါသည်။တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်နိုင်ရန်အတွက် လူ၊လက်နက်နှင့်ခေတ်မီနည်းပညာများကို အဆင့်မြှင့်တင်ဖြည့်တင်းသွားရန် အထူးလိုအပ်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ တပ်မတော်သားများသည် အသက်ခန္ဓာအပ်နှင်းလျက် "ဒို့တာဝန် အရေးသုံးပါး" ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် သန္နိဋ္ဌာန်ကို အခိုင်အမာဆုံးဖြတ်ထားမည်ဆိုသောအချက်ကို ခိုင်မာစွာ ယုံကြည်ထားပါကြောင်း (၇၂) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုရေးသားတင်ပြအပ်ပါသည်။

# ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**စစ်တွေ မတ် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မတ် ၂၄ ရက် နံနက်ပိုင်းက ကျောက်ဖြူမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အစည်းအဝေးတွင် အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက တွေ့ကြုံခံစားနေရသည့် လူမှုရေးအခက်အခဲများ၊ သဘာဝဘေးကြောင့် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသောရေကြီးနစ်မြုပ်မှု ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်လိုမှုတို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဖြူမြို့ ကညင်တော IDP စခန်းသို့ ရောက်ရှိပြီး ပြည်သူများနှင့်တွေ့ဆုံကာ ပြင်ဖြူမော်ရွာရှိ ဆောက်လုပ်ပြီး နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် ရိက္ခာများကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကျောက်တစ်လုံး IDPစခန်းသို့ရောက်ရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားကာ ဆန်၊ ဆီ၊ ပဲနှင့် ဆားရိက္ခာတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ရမ်းဗြဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ပြည်သူလူထု၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးပြီး အမှတ်(၆)ရပ်ကွက်ရှိ IDP စခန်းသို့ သွားရောက်ကာ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကာ စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်သည်။

မတ် ၂၅ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမ်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံရာ ဒေသခံများမှ ကြုံတွေ့ရသော အခက်အခဲများ တင်ပြမှုအပေါ်၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒေသတွင်း ပြန်လည်နေရာချထားရေးကိစ္စများ၌ ဒေသခံပြည်သူများ၏ သဘောထားအမြင်များနှင့်ပတ်သက်၍ လည်းကောင်း လက်တွေ့အကောင်အထည်ဖော်ရန် နည်းလမ်းများကို လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာနှင့် ကျောက်ပြင်ကျေးရွာများသို့ သွားရောက်ကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပြည်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြေရှင်းပေးပြီး ကျေးရွာများရှိ စာကြည့်တိုက်ပြုပြင်ရန်၊ ပရိဘောဂများ ဝယ်ယူဖြည့်တင်းရန်နှင့် စာအုပ်စာတမ်းများဝယ်ယူရန် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဆိုင်တင်ရေအား လျှပ်စစ်ဝင်းအတွင်း ဖွင့်လှစ်ထားရှိသော Smart အထည်ချုပ်လုပ်ငန်းသို့ ရောက်ရှိကြပြီး ပညာရေးဝန်ကြီးဌာနက မှာယူထားသော ကျောင်းဝတ်စုံများ ချုပ်လုပ်နေမှုနှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းဆောင် ရွက်ပေးသည်။



အဆိုပါ အထည်ချုပ်စက်ရုံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အဝေးသို့ရောက်ရှိနေသော ရခိုင်တိုင်းရင်းသားများ မိမိတို့ပြည်နယ်သို့ ပြန်လည်အလုပ်ဝင်ရောက်လုပ်ကိုင်နိုင်သော အခွင့်အရေးရရှိကာ စုစုပေါင်းလုပ်သား ၁၀၀ ကျော်ခန့် အလုပ်ရရှိခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကလေးငယ်များအတွက် ကစားစရာနှင့် မုန့်များကို ဝေငှထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ဆီးခုံချင်းဆက် အမြွှာကလေးနှစ်ဦးအနက် အကြီးဖြစ်သူသေဆုံး

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ကလေးဆေးရုံ၌ ၁၄ လကြာ တက်ရောက်ဆေးကုသမှုခံယူနေသည့် ဆီးခုံချင်းဆက် အမြွှာကလေးများအား မတ် ၂၃ ရက်က တစ်ဦးချင်းဆီဖြစ်အောင် ခွဲစိတ်နိုင်ခဲ့ပြီး ၎င်းတို့အနက် အကြီးဖြစ်သူ မောင်ဝေယံငြိမ်းသည် မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

“ဆရာဝန်ကြီးတွေကလည်း ဂရုတစိုက်ကုသပေးနေတဲ့ကြားထဲက အခုလို ဖြစ်သွားတာ။ သူရဲ့ကံက ဒီလောက်ပဲပါတယ်လို့ထင်ပါတယ်။ ဆရာဝန်ကြီးတွေ ဝမ်းနည်းနေတဲ့ကြားက ကျန်ခဲ့တဲ့ သားငယ်လေးကို ပိုချစ်ပြီး ပိုဂရုစိုက်ပေးကြမယ်လို လာပြီးအားပေးကြပါတယ်”ဟု ကလေး၏မိခင်ဖြစ်သူ ဒေါ်မာလာစန်းက ပြောသည်။ အဆိုပါ သေဆုံးသွားသည့် မောင်ဝေယံငြိမ်းကို မတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် အေးရိပ်ငြိမ်းသုသာန်သို့ သွားရောက်ပို့ဆောင် သင်္ဂြိုဟ်ပေးခဲ့ပြီး လက်ရှိတွင် ကျန်ရှိနေသော အငယ်ကလေးဖြစ်သည့် မောင်ဝေယံဟိန်းမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ဆီးခုံချင်းဆက် ကလေးငယ်ကို တစ်ဦးစီဖြစ်စေရန် ၁၄ နာရီ ၃၅ မိနစ်ကြာ ခွဲစိတ်ခဲ့ပြီး ခွဲစိတ်ခန်းမှ ည ၁၀နာရီခွဲတွင် အထူးကြပ်မတ်ကုသဆောင်သို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း မတ် ၂၄ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အထူးကုဆရာဝန်ကြီး(ခွဲစိတ်) တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်လွင်က ပြောကြားခဲ့သည်။

အရေးကြီးဆုံးဖြစ်တဲ့ တစ်ဦးချင်းစီခွဲစိတ်မှုပြီးသွားပေမယ့် အူမကြီးက တစ်ချောင်းတည်းပါတော့ ၂လိုသလိုခွဲစိတ်ပြီး ခွဲတမ်းချပေးခဲ့တယ်။ စအိုဝကပုံမှန်ဝမ်းသွားနိုင်အောင် တစ်ယောက်ချင်းစီခွဲစိတ်ပေးရမှာက အနည်းဆုံးနှစ်လခြားပြီးမှခွဲစိတ်ပေးရမယ်။ စအိုဝဖောက်ပြီးသွားရင်လည်း ယာယီအလုပ်လုပ်နေရတဲ့အူမကြီးလမ်းကြောင်း လွှဲထားတာတွေပြန်ကောင်းရင် ပြန်ပိတ်ပေးရဦးမယ်။ မေဂျာနှစ်ဆင့် သုံးဆင့်လုပ်ပေးဖို့ ကျန်သေးတယ်။ နောက်ထပ် ငါးလလောက်ဆေးရုံမှာ ပြုစုစောင့်ရှောက်ပေးရဦးမယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ဆက်လက်လုပ်ဆောင်ရမည့် ခွဲစိတ်မှုများတွင် အရေးကြီးပြီး ကလေးငယ်များ၏ဝှေးစေ့မှာ ပေါင်ခြံအတွင်းသားတွင်ရှိနေသဖြင့် နေရာမှန်ရောက်အောင် ခွဲစိတ်ပေးရမည်ဖြစ်ကြောင်း၊ တစ်ဦး၏ဝှေးစေ့နှစ်ခုကို ကပ်ပယ်အိတ်နေရာ၌ တစ်ခါတည်း နေရာချပေးနိုင်သော်လည်း တစ်ဦးတွင် တစ်လုံးတည်းသာ နေရာပေးနိုင်သေးသဖြင့် ၎င်းအတွက် ခွဲစိတ်ကုသမှု ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**မင်းထက်အောင် ( မန်းကိုယ်ပွား)**

# မွေးကင်းစကလေး စွန့်ပစ်ထားသူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဖော်ထုတ်

**ရန်ကုန် မတ် ၂၆**

လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက် သခင်ဖိုးလှကြီး(၅) လမ်းအနောက်ဘက်ရေမြောင်းဆားဗစ်ကျင်းပေါ်၌ မတ် ၂၅ ရက် နံနက် ၃ နာရီကျော်က မွေးကင်းစသားယောကျ်ားလေးတစ်ဦး စွန့်ပစ်ထားမှုဖြစ်ပွားခဲ့မှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ပတ်ဝန်းကျင်သက်သေများဖြင့် စွန့်ပစ်မိဘတို့ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

“ပတ်ဝန်းကျင် သက်သေတွေရဲ့ပြောစကားအရ ဆက်စပ်ဖော်ထုတ်တဲ့အခါမှာ သခင်ဖိုးလှကြီး(၅)လမ်းမှာ အိမ်ငှားနေတဲ့ ကျော်ဝင်းသူ(၂၅နှစ်)နဲ့ သီသီဝေ (၃၂နှစ်)တို့က စွန့်ပစ်တယ်ဆိုတာပေါ်သွားတယ်။ ကလေးကို မမွေးတော့ဘူးဆိုတာနဲ့ ကလေးနောင်ရေးကိုကြည့်ပြီး အမှတ် (၁) ရပ်ကွက်မှာ ရေသန့်ရောင်းတဲ့ ဇနီးမောင်နှံကို တရားဝင်စာချုပ်နဲ့ မိဘနှစ်ဦးက လက်မှတ်ထိုးပေးလိုက်တယ်။ ကျန်တဲ့အပိုင်းကတော့ ရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်နေပါတယ်” ဟု အမှတ်(၁၈) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

ကလေးငယ်၏ မိဘများမှာ သခင်ဖိုးလှကြီး (၅)လမ်းရှိ (၁၀× ၆၀) ပေမြေကွက်တွင် လုံးချင်းအိမ်ငှားနေထိုင်ကြခြင်းဖြစ်ပြီး မိခင်ဖြစ်သူမှာ စက်ရုံဆင်းကာ ဖခင်ဖြစ်သူမှာ ကျပန်းအလုပ်လုပ်ကိုင်သူဖြစ်၍ စားဝတ်နေရေးကြောင့် ဤသို့ စွန့်ပစ်ရခြင်းဖြစ်သည်ဟု စစ်ဆေးမေးမြန်းရာ၌ ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါဇနီးမောင်နှံအား သောင်ကြီးရဲစခန်းမှ စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

**မြန်မာ့ရုပ်မြင်သံကြား**

၂၇-၃-၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၅း၃၀ - “(၇၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်”
- ၈း၃၀ - “နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ” (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား) (ပညာရေးဝန်ကြီးဌာန)
- ၉း၁၅ - MRTV Travelogue
- ၁၀း၃၀ - တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၁း၁၅ - သုံးသပ်ရှုမြင် မြန်မာရုပ်ရှင် “ငါ့အကယ်ဒမီ”
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၀ - “အထူးဓမ္မသဘင်” ဒေါက်တာ အရှင်ဉာဏိသာရ အဂ္ဂမဟာပဏ္ဍိတ (D.litt) (Ph.D) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
- ၁၅း၁၅ - “တပ်မတော်နေ့ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းဖျော်ဖြေ တင်ဆက်မှုအစီအစဉ်”

**ညပိုင်း**

- ၁၆း၃၅- လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၃၀- “ဥပဒေရေးရာအဖြာဖြာ” နိုတြီပဗ္ဗလစ်အကြောင်း သိကောင်းစရာ (အပိုင်း-၃)
- ၂၀း၀၀- ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅- ၂၀၁၇ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် **“အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ”**
- ၂၁း၀၀- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ (နယ်စပ်ရေးရာ ဝန်ကြီးဌာန - သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး)
- ၂၁း၃၅- နိုင်ငံခြားဇာတ်လမ်းတွဲ - တရားရှင်နှင့် ဓားဘုရင်(အပိုင်း-၉)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (မောင်တော)၌ စုပေါင်းရှင်ပြု

**မောင်တော မတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (မောင်တော)မြို့၌ နွေရာသီ ဒုတိယအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲကို မတ်၂၆ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(မောင်တော) စုပေါင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မောင်တော)၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသားများအနက် ကျောင်းသား ၅၀ကို မြတ်ဗုဒ္ဓ၏အဆုံးအမများ သိရှိနားလည်စေရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို လိုက်နာကျင့်သုံးတတ်စေရန်ရည်ရွယ်၍ အောင်မြေဗောဓိ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏိသာရထံ ရက်သတ္တပတ် ရှင်သာမဏေ သွတ်သွင်းချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းမောင်က ပြောသည်။

**(ပြည်နယ် ပြန်/ဆက်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# ကျွန်တော်နဲ့ ဝိဇ္ဇာခန်းမ



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

တစ်နေ့က ကျွန်တော်ရန်ကုန်တက္ကသိုလ်ကို ရောက်ခဲ့တယ်။ အမှန်တော့ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်ကို မြတ်နိုးတယ်၊ အထင်ကြီးတယ်၊ လေးစားတယ်၊ သံယောဇဉ်ထားတယ်။ သွားရတဲ့ အကြောင်းကလည်း လွန်ခဲ့တဲ့ တစ်လက ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့မှာရှိတဲ့ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာပြည်အကြောင်း ဆွေးနွေးပွဲရဲ့အဆက် ကင်ဘာရာမြို့မှာ (၁၂)ကြိမ် လုပ်ခဲ့တဲ့ ဆွေးနွေးပွဲကို ပထမဆုံးအကြိမ် ရန်ကုန်မြို့မှာ လုပ်ဖို့စီစဉ်ခဲ့တာဖြစ်တယ်။ ဟောပြောပွဲမှာ ကျွန်တော့်ကို အဖွင့်မိန့်ခွန်း ပြောပေးဖို့ ကမ်းလှမ်းတာ။ ကျွန်တော်သဘောတူပြီး ပြင်ဆင်ခဲ့တယ်။ ကင်ဘာရာမှာ ပြောတာနဲ့မတူအောင် ကြိုးစားရပြန်တယ်။

ဒီပွဲအကြောင်း ပရိသတ်တွေသိအောင် ကျွန်တော် လူမှုရေးကွန်ရက်ကတစ်ဆင့် ဖြန့်ဝေပေးခဲ့တယ်။ ကျွန်တော့်ရဲ့ ဘွဲ့လွန်ကျောင်းသူ ကျောင်းသားတွေ တက်ဖို့လည်း တိုက်တွန်းခဲ့တယ်။ နဂိုဖိတ်စာထဲမှာ ရန်ကုန်တက္ကသိုလ် သိပ္ပံခန်းမဆိုပြီး ဖိတ်ထားတာမို့ ကျွန်တော်ကလည်း အခုလိုပဲ လက်ဆင့်ကမ်းခဲ့တာ။ ပွဲက ၉ နာရီ စမှာမို့ အိမ်ကနေ အချိန်မီရောက်အောင် သွားခဲ့တယ်။ သိပ္ပံခန်းမရောက်တော့ ကားတွေလည်း မရှိ၊ လူတွေလည်း မတွေ့ရ တော့ စိတ်ပူသွားတာပဲ။ ဘယ်လိုဖြစ်တာလဲလို့ စိတ်ထဲမှာ ဖြစ်မိတယ်။ လုံခြုံရေးဝန်ထမ်းကိုမေးတော့ သိပ္ပံခန်းမမှာ ဘာမှမရှိဘူး။ ဝိဇ္ဇာခန်းမမှာ ဖြစ်နိုင်မယ်လို့ လမ်းညွှန်လိုက်တယ်။ ဒါနဲ့ သိပ္ပံခန်းမရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ဝိဇ္ဇာခန်းမထဲကိုရောက်မှ ကြော်ငြာသင်ပုန်းတွေ၊ ပရိသတ်တွေ ဧည့်ကြိုတွေ တွေ့လိုက်ရတယ်။ ဩစတြေးလျတုန်းက တွေ့ခဲ့ရတဲ့ မြန်မာကျောင်းသူတွေကလည်း လာနှုတ်ဆက်ကြတယ်။ ခန်းမအဝမှာ စောင့်နေရင်း ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးဌာနက ပါမောက္ခ ဌာနမှူး ဒေါက်တာ ချောချော စိန်နဲ့ ဆုံတယ်။ ကျင်းပမယ့် အခမ်းအနားနေရာ ပြောင်းရတဲ့ အကြောင်းကို ရှင်းပြတယ်။ အစက ဝိဇ္ဇာခန်းမမှာ ပြုပြင်မှုတွေ လုပ်နေတာမို့ ဟောပြောပွဲနေရာကို သိပ္ပံခန်းမကို လျာထားခဲ့တယ်။ ဒါပေမယ့် ပြုပြင်မှုတွေ မနေ့ညက ပြီးစီးသွားတာမို့ သိပ္ပံခန်းမကနေ ဝိဇ္ဇာခန်းမကို ပြောင်းရွှေ့ခဲ့တာဖြစ်ကြောင်း ရှင်းပြတယ်။ ကျွန်တော့်အတွေ့အကြုံအရ ရန်ကုန်တက္ကသိုလ်မှာ ဟောပြော ပွဲတွေလုပ်ရင် များသောအားဖြင့် ဝိဇ္ဇာခန်းမမှာ လုပ်ခဲ့တာ ဖြစ်တယ်။ ကျွန်တော်ငယ်ငယ်က သုတေသန စာတမ်းတွေကို မကြာခဏ ဒီခန်းမထဲမှာပဲ ဖတ်ကြားခဲ့တာ။ အရင်နှစ်ကလည်း အိန္ဒိယသံအမတ်ကြီးနဲ့ ပူးပေါင်းပြီး ဂန္ဒီကြီးနဲ့ ပတ်သက်တဲ့ ဟောပြောပွဲကို လုပ်ခဲ့တယ်။

ဒဿနိကဗေဒ ပါမောက္ခဒေါ်ကြည်ကြည်လှရဲ့ဖိတ်ကြားချက်ကြောင့် ဟောပြောပွဲတစ်ကြိမ် လုပ်ခဲ့သေးတယ်။ ကျွန်တော်က ဝိဇ္ဇာခန်းမကိုချစ်တယ်။ အထူးသဖြင့် ခန်းမကြီးရဲ့နံရံမှာ ချိတ်ထားတဲ့ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခချုပ် လုပ်သွားတဲ့ ဆရာကြီးတွေရဲ့ ဓာတ်ပုံကိုကြည့်ပြီး လေးစားရတယ်။ ဂုဏ်ယူရတယ်။ ကျေနပ်ရတယ်။ ကျေးဇူးတင်ရတယ်။ ဒီဓာတ်ပုံတွေမှာပါတဲ့ ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဖိုးမဖြတ်နိုင်တဲ့ အသိပညာအမွေအနှစ် သယံဇာတတွေ ဖြစ်တယ်။

တချို့ဆရာကြီးတွေ မရှိကြတော့ဘူး။ မကြာသေးမီက ကွယ်လွန်သွားတဲ့ ဆရာကြီး ဒေါက်တာလှမြင့်။ အမှန် မြန်မာပြည်ရဲ့ စီးပွားရေးပညာရှင်တွေအနက် ဆရာကြီး ဒေါက်တာလှမြင့်ဟာ အထင်ရှားဆုံး။ အတော်ဆုံး။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တာဝန်က စွန့်လွှတ်ပြီး လန်ဒန်မြို့မှာရှိတဲ့ နာမည်ကြီးစီးပွားရေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ် တာဝန်ယူခဲ့သူ။ ဆရာကြီးဟာ ကုန်သွယ်မှုကို အထူးပြုခဲ့သူ တစ်ဦးဖြစ်သလို ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့တိုးတက်ဖွံ့ဖြိုးမှုကို သုတေသနလုပ်ခဲ့သူ တစ်ဦးအဖြစ် ထင်ရှားခဲ့သူ။ လွန်ခဲ့တဲ့ သုံးနှစ်ကာလ ဆရာကြီးမြန်မာပြည်ကို ပြန်လာပြီး နေပြည်တော်မှာ မိန့်ခွန်းပြောခဲ့တယ်။ ကျန်းမာရေး ချို့တဲ့နေပေမယ့် သူ့ရဲ့ ဦးနှောက်၊ သူ့ရဲ့အတွေး၊ သူ့ရဲ့အယူအဆတွေကတော့ ရှင်သန်တုန်း။ ဆရာကြီးကို ငယ်ငယ်တုန်းက မမီလိုက်တဲ့ ကျွန်တော်ဟာ အခုလိုတွေ့ရတော့ ဝမ်းသာပီတိကြည်နူးမိခဲ့တယ်။

ဆရာကြီး ဒေါက်တာထင်အောင်ဟာလည်း ပညာရေး အာဇာနည်တစ်ဦး။ သူ့ရဲ့စာအုပ်တွေဟာ မြန်မာ့ယဉ်ကျေးမှု၊ သမိုင်းဓလေ့ထုံးစံတွေ ကို ပြီးပြည့်စုံအောင် ဖော်ပြမှုတွေဟာ ထူးခြားလှတယ်။ မြန်မာ့ရိုးရာ ပုံပြင်ဆိုတဲ့ စာအုပ်ဟာ မြန်မာတွေ ဖတ်သင့်တဲ့ စာအုပ်တစ်အုပ် ဖြစ်တယ်။ ထူးခြားတာက ဆရာကြီးဟာ ဒီစာအုပ်တွေကို အင်္ဂလိပ်ဘာသာနဲ့ ရေးသားခဲ့တယ်။ ပါမောက္ခချုပ်တာဝန်ယူပြီး ဒေါက်တာ ထင်အောင်ဟာ ဗြိတိန်နိုင်ငံက နာမည်ကြီးလှတဲ့ အောက်စဖို့ဒ် တက္ကသိုလ်မှာ ပါမောက္ခအဖြစ် တာဝန်ယူခဲ့ပြန်တယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ သမိုင်းကတော့ အလွန်ပဲ ထူးခြားလှတယ်။ ၁၉၂၀ ပြည့်နှစ်က တည်ထောင်ခဲ့တယ်။ မတည်ထောင်မီ အင်္ဂလိပ်လက်ထက် အိန္ဒိယပြည်မှာရှိတဲ့ ကိုလ်ကတ္တားတက္ကသိုလ် လက်အောက်အဖြစ် စတင်ရပ်တည်ခဲ့တာ။ သီးခြားတက္ကသိုလ်ဖြစ်လာတဲ့အချိန်မှာ ကောလိပ် နှစ်ခုဖြစ်တဲ့ ယူနီဗာစတီကောလိပ်နဲ့ ဂျပ်ဆင်ကောလိပ်နှစ်ခု ပေါင်းထားတာ ဖြစ်တယ်။

ဒီနေရာမှာ တက္ကသိုလ်၊ ကောလိပ်ဒီအဖွဲ့အစည်းနှစ်ခုရဲ့ ဆက်စပ်မှုကို နားလည်ဖို့လိုအပ်တယ်။ အများကရောနေတယ်။ ကောလိပ်၊ တက္ကသိုလ်စနစ်ကို ၁၂ ရာစုက အင်္ဂလန်နိုင်ငံမှ စတင်ဖော်ထုတ်ခဲ့တယ်။ အစက သာသနာပြုဘုန်းတော်ကြီး ကျောင်းတွေကစတာ။ ဒီဘုန်းတော်ကြီးကျောင်းတွေမှာ ဘာသာရေးဆိုင်ရာ ပညာရပ်တွေ သင်ကြားခဲ့တယ်။ အုပ်ချုပ်တဲ့ ဘုရင်မင်းမြတ်တွေက၊ ကမကထပြုပြီး ကောလိပ် တွေတည်ထောင်ခဲ့တာ။ ကောလိပ်တွေ စုစည်းလိုက်ပြီး တက္ကသိုလ်လို့ ခေါ်ဝေါ်သတ်မှတ်တာ။ ဒါကြောင့် အင်္ဂလန်နိုင်ငံက နာမည်ကြီး တက္ကသိုလ်တွေဟာ ကောလိပ်တွေနဲ့ ဖွဲ့စည်းထားတာ။

ကောလိပ်တစ်ခုချင်းဟာ သီးခြား ရပ်တည်ပြီး အုပ်ချုပ်မှုတွေ၊ လုပ်ငန်းတွေ၊ ဘွဲ့နှင်းသဘင် အခမ်းအနားတွေကိုတော့ တက္ကသိုလ်က တာဝန်ယူ ကျင်းပခဲ့တယ်။ အခုလို ပီပီပြင်ပြင် ရှိလှတဲ့ စနစ်ကို ၁၉၆၄ ခုနှစ်မှာ ပညာရေးပြုပြင်ပြောင်းလဲမှု တွေလုပ်ပြီး ဖျက်ဆီးခဲ့တာ။ ကျွန်တော်တို့ နိုင်ငံမှာ ခေတ်အဆက်ဆက် ပညာရေးစနစ်ကို ပြောင်းချင်တဲ့စိတ်က ပြင်းပြတာတွေ့ရတယ်။ ပညာရေးစနစ်ကို အခြေကျအောင်၊ ခိုင်မြဲအောင်၊ မစဉ်းစားဘဲ ကိုယ်လိုချင်သလို ပြောင်းခဲ့ကြတယ်။

၁၉၆၄ ခုနှစ်က စတင်ခဲ့တဲ့ပညာရေး ပြုပြင်ပြောင်းလဲမှုတွေဟာ နှစ်ပေါင်း ၅၀ နီးနီး ထပ်ခါတလဲလဲလုပ်ခဲ့တာ လုပ်တဲ့နေရာမှာလည်း ပညာရေးဦးတည်ချက်ထက် နိုင်ငံရေးဦးတည်ချက်ကို ဦးစားပေးခဲ့ကြတယ်။ နိုင်ငံရေးစိတ်ဝင်စားတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့တယ်။ ကိုယ့်နိုင်ငံရဲ့လွတ်လပ်ရေးခရီးကို တက္ကသိုလ်ကျောင်းသားတွေစတင်ခဲ့တာကို မေ့လျော့နေသလိုပဲ။ တစ်ခုတော့ရှိပါတယ်။

အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အမျိုးမျိုးကြားထဲက ရန်ကုန်တက္ကသိုလ်ဟာ ရှင်သန်ခဲ့တယ်။ တစ်ချိန်က ခြောက်သွေ့နေတဲ့ တက္ကသိုလ်ပတ်ဝန်းကျင်ဟာ အခုတော့လန်းဆန်းနေတာ တွေ့ရတယ်။ ဒါပေမယ့် နဂိုအနေအထားတော့ မရှိသေးဘူး။ ဖွင့်ပွဲ အခမ်းအနားကို ဩစတြေးလျ အမျိုးသားတက္ကသိုလ်က ပါမောက္ခတစ်ဦးက အခမ်းအနားမှူးအဖြစ် တာဝန်ယူပြီး ဖွင့်ပွဲ မိန့်ခွန်းကို ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မိုးကောင်းက ပြောကြားခဲ့တယ်။ ဒုတိယပြောကြားတဲ့သူကတော့ ဩစတြေးလျအမျိုးသားတက္ကသိုလ်က ပါမောက္ခ ဌာနမှူးဖြစ်တယ်။

ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေကို တင်ပြနိုင်ခဲ့တယ်။ ၂၀၁၆ ခုနှစ်က တက်လာတဲ့ နိုင်ငံတော်အစိုးရရဲ့သက်တမ်းဟာ တစ်နှစ်နီးပါး ရှိတော့မှာဖြစ်တယ်။ တစ်နှစ်အတွင်း ဆောင်ရွက်ချက်တွေ၊ အောင်မြင်မှုတွေ၊ အခက်အခဲတွေ၊ အတားအဆီးတွေကို သုံးသပ်ပြီး တင်ပြခဲ့ပါတယ်။ ရွေးကောက်ပွဲ အောင်မြင်မှုရတဲ့ အရပ်သားအစိုးရကို ပြည်သူတွေက မျှော်လင့်ချက်ကြီးခဲ့တယ်။ ထားသင့်တာထက်ပိုပြီး အားကိုးတကြီး ရှိခဲ့ကြတာ။ မျှော်လင့်ချက်တွေ မြင့်မားမှုဟာ တစ်ဖက်ကကြည့်ရင် အားမလိုအားမရ ဖြစ်ရတဲ့အကြောင်းရင်းတစ်ခုဖြစ်တယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးနေတာဟာလည်း သဘာဝကျတယ်။ ဖြစ်သင့်တယ်။ ဒီကြိုးပမ်းမှုနဲ့ဒွန်တွဲပြီး စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ရမှာဖြစ်တယ်။ ကျွန်တော်အမြဲ ပြောနေကြအတိုင်း နိုင်ငံရေးဘောဂအမြင်နဲ့ သုံးသပ်ရမှာသာဖြစ်တယ်။ ဒီမိုကရေစီ ခရီးဟာ ရှည်လျားလှတယ်။ ပြီးပြည့်စုံတဲ့ အနေအထားမရှိ သေးဘဲ ငယ်ငယ်က စာရင်းကိုင်ပညာမှာ သင်ခဲ့ရသလို “လုပ်ဆဲအလုပ်”သာ ဖြစ်တယ်။ စိတ်ရှည်ဖို့ လိုတယ်။ နားလည်ဖို့ လိုတယ်။ သည်းခံဖို့ လိုတယ်။ အပေးအယူရှိဖို့ အရေးကြီးတယ်။ ဒါပေမယ့် ပြည်သူတွေအားလုံး မျှော်လင့်တောင့်တတဲ့ ပန်းတိုင်ကတော့ ပြတ်သားမှုတွေရှိနေပြီ ဖြစ်တယ်။ ဒီပန်းတိုင်ကို ရောက်အောင် အားလုံးပါဝင်ပြီး ကြိုးစားရမှာသာဖြစ်တယ်။

ကျွန်တော်က ပေးထားတဲ့အချိန် တစ်ဝက်လောက်ကို တင်ပြမှုပြုခဲ့ပြီး ကျန်တစ်ဝက်ကို အမေးအဖြေကဏ္ဍ လုပ်ခဲ့တယ်။ ဝမ်းသာစရာ ကောင်းတာက မေးခွန်းတွေမေးကြတယ်။ လူငယ်တွေ အများစုတက်ရောက်ခဲ့ကြတာမို့ မေးခွန်းတချို့က ရဲရဲတောက်မေးခွန်းတွေ၊ တင်ပြချက်ကို အခြေခံတဲ့ မေးခွန်းတွေ ပါဝင်သလို အခြားသိချင်တာတွေကိုလည်း မေးခဲ့ကြတယ်။ တက်ရောက်လာတဲ့ ပရိသတ်တွေအနက် နိုင်ငံခြား ပညာရှင် အမြောက်အမြား ပါဝင်ကြတာမို့ သူတို့ကလည်း မေးကြတယ်။ ကျွန်တော်ကလည်း ကြိုးစားပြီး ဖြေခဲ့တယ်။ အမှန်တော့ ဝိဇ္ဇာ ခန်းမရဲ့ အနှစ်သာရဟာ အခမ်းအနားအပြင်အဆင်မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး ဆွေးနွေးငြင်းခုံပြီး အသိတရားတိုးမြင့်အောင် လုပ်ခြင်းဖြစ်တယ်။ ငါမှန်တယ်။ မင်းမှားတယ်ဆိုတဲ့ အယူအဆ မဟုတ်ဘဲ ငါလည်းမသိ၊ မင်းလည်းမသိတာမို့ တို့နှစ်ယောက် ပေါင်းပြီး အသိချင်း ဖလှယ်ကြရအောင်။ ဒီသဘောပဲဖြစ်တယ်။ ပညာရှင်ဆိုတာ ဒါပဲဖြစ်တယ်။ မှတစ်ပါး တခြားမရှိ၊ ငါသိ ငါတတ်တာ မဟုတ်ပါဘူး။ တက္ကသိုလ်ကောလိပ်ရဲ့ အနှစ်သာရဟာ မတူညီတဲ့ အမြင်တွေကိုဖလှယ်ပြီး အသိတိုးအောင်လုပ်ခြင်းဖြစ်တယ်။ ဆရာလုပ်တဲ့သူဟာလည်း ကျောင်းသူ ကျောင်းသားတွေကို သင်ကြားပို့ချရင်း အသိတရား တိုးလာတာသာ ဖြစ်တယ်။ မသိတဲ့သူ မတတ်တဲ့လူကို ဆရာလုပ်တာမဟုတ်ဘူး။ အသိတရားကို ပူးပေါင်းပြီး ရှာဖွေတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော် စာသင်တဲ့အခါတိုင်း ကိုယ့်ရဲ့တပည့်တွေကို အမြဲ ကျေးဇူးတင်တယ်။ သူတို့ကို သင်ကြားခွင့်ရတာဟာ အင်မတန်မှ ထူးတဲ့ ကုသိုလ်ဖြစ်တယ်။ ကိုယ်လေ့လာထားတာ၊ ကိုယ်သုတေသနပြုထားတာတွေကို သူတို့ကို မျှဝေနိုင်ပြီး ကိုယ့်ရဲ့အယူအဆနဲ့ ဖလှယ်နိုင်မှုဟာ တန်ဖိုးကြီးလှတဲ့ ကိစ္စတစ်ခု ဖြစ်တယ်။

အခုလို မေးခွန်းတွေမေး၊ ကျွန်တော်က ဖြေပြီး အချိန်ပြည့်တော့ အခမ်းအနားကို ရုပ်သိမ်းခဲ့တယ်။ တက်ရောက်လာသူအချို့က ကျွန်တော့်ကို နှုတ်ဆက်ကြတယ်။ မီဒီယာတွေကလည်း မေးခွန်းတွေ မေးကြတယ်။ ဧည့်သည်တွေက အပေါ်ထပ်တက်ပြီး နေ့လယ်စာ စားနေကြပေမယ့် ကျွန်တော်က ကိစ္စတွေရှုပ်ပြီး ခန်းမထဲမှာ ကျန်ခဲ့တယ်။ နေ့လယ်စာ စားခွင့်ပြုဖို့ တောင်းပန်ပြီး အပေါ်ထပ် တက်ခဲ့တယ်။ နိုင်ငံခြားပညာရှင်တွေ၊ ရန်ကုန်တက္ကသိုလ်က ပါမောက္ခတွေ၊ သူတို့ကို နှုတ်ဆက်ဖြစ်တယ်။ ကုလသမဂ္ဂ သတင်းဆက်သွယ်ရေး ဌာနမှူး ဦးအေးဝင်းနဲ့အတူ နေ့လယ်စာစားခဲ့တယ်။ နေ့လယ်စာစားပြီး ပြုလုပ်တဲ့ စာတမ်းဖတ်ပွဲတွေကိုတော့ ကျွန်တော်မတက်နိုင်ခဲ့ဘူး။ စာတမ်းခေါင်းစဉ်တွေက အလွန်စိတ်ဝင်စားစရာတွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ယဉ်ကျေးမှု ခေါင်းစဉ်အသီးသီးနဲ့ ဖတ်ကြားတဲ့သူတွေကလည်း နိုင်ငံခြားက ပညာရှင်တွေ ပါဝင်သလို ပြည်တွင်းက လူတွေလည်း ပါဝင်ကြတယ်။

နောက်တစ်နေ့မနက် ခပ်စောစော ကျွန်တော် ဝိဇ္ဇာခန်းမကို ရောက်ခဲ့ပြန်တယ်။ စာတမ်းဖတ်ပွဲရဲ့ဒုတိယနေ့။ ကျွန်တော့်အနေနဲ့ စာတမ်းဖတ်ပွဲမှာ မဟုတ်ဘဲ ဩစတြေးလျ အမျိုးသား တက္ကသိုလ်က ပါမောက္ခတွေကို နှုတ်ဆက်ဖို့ သွားခဲ့တာ။ ကျွန်တော်ခန်းမရောက်တော့ တစ်ယောက်မှ မရှိသေးဘူး။ ဒါနဲ့ ကျွန်တော့်အနီးမှာရှိတဲ့ စီးပွားရေးတက္ကသိုလ်ဆီ လျှောက်ခဲ့တယ်။ ဝိဇ္ဇာခန်းမအတွက် ကျက်သရေရှိလှတဲ့ ဘွဲ့နှင်းသဘင် ခန်းမကြီးကို ငေးကြည့်နေမိတယ်။ ကျွန်တော်လမ်းလျှောက်ရင်း လွန်ခဲ့တဲ့ ၅၀နှစ်ကျော်ကို သွားသတိရမိတယ်။ ဒီတုန်းက ကျောင်းသားတစ်ယောက် အနေနဲ့ကျောင်းတက်တိုင်း အဓိပတိ လမ်းထိပ်မှာ ရပ်ထားတဲ့ ဘတ်စ်ကားမှတ်တိုင်က တစ်ဆင့် လျှောက်ခဲ့တာကို မှတ်မိနေတယ်။ တစ်ခုတော့ရှိတယ် ဟိုတုန်းက မရှိတာကို အခုဝမ်းနည်းစရာ တွေ့နေရတယ်။ စီးပွားရေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်အကြား ခြံစည်းရိုး မရှိဘဲ လွတ်လွတ်လပ်လပ် သွားခွင့်ရတယ်။ အခုတော့ ခြံစည်း ရိုး အခိုင်အမာတွေနဲ့ ကာဆီးထားတာ။ အရုပ်ဆိုး အကျည်းတန် မှုပဲ။ တက္ကသိုလ်ရဲ့ အနှစ်သာရက အတားအဆီးမဟုတ်ဘဲ လွတ်လပ်မှုဖြစ်တယ်။ စည်းကမ်းနဲ့ ပတ်သက်လာတဲ့ အခါမှာ လည်း သူများသတ်မှတ်တာမို့ လိုက်နာရတဲ့အဖြစ်မျိုး မဟုတ် ဘဲ ကိုယ့်အသိ၊ ကိုယ့်ဆန္ဒနဲ့ ထိန်းသိမ်းမှုသာ ဖြစ်တယ်။ ကျွန်တော်ကနံရံ၊ ခြံစည်းရိုးတွေကို တံတားတွေနဲ့ အစားထိုး စေချင်တယ်။ မေတ္တာပေါင်းကူးတံတား၊ နားလည်မှုတံတား၊ လေးစားမှုပေးတဲ့တံတား ရန်ကုန်တက္ကသိုလ်မှာ ကာဆီးထားတဲ့ နံရံတွေ၊ ခြံစည်းရိုးတွေကို ကျွန်တော့်ဆောင်းပါးနဲ့ ဖြိုဖျက်နိုင်ပါ စေလို့သာ ဆုတောင်းမိပါတယ်။

**တက္ကသိုလ်ကောလိပ်ရဲ့ အနှစ်သာရဟာ မတူညီတဲ့ အမြင်တွေကို ဖလှယ်ပြီး အသိတိုးအောင်လုပ်ခြင်း ဖြစ်တယ်။ ဆရာလုပ်တဲ့သူဟာလည်း ကျောင်းသူ ကျောင်းသားတွေကို သင်ကြားပို့ချရင်း အသိတရားတိုးလာတာသာ ဖြစ်တယ်။ မသိတဲ့သူ မတတ်တဲ့လူကို ဆရာလုပ်တာမဟုတ်ဘူး။ အသိတရားကို ပူးပေါင်းပြီး ရှာဖွေတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော် စာသင်တဲ့အခါတိုင်း ကိုယ့်ရဲ့တပည့်တွေကို အမြဲ ကျေးဇူးတင်တယ်။ သူတို့ကို သင်ကြားခွင့်ရတာဟာ အင်မတန်မှထူးတဲ့ ကုသိုလ်ဖြစ်**

## ပင်လည်ဘူးမြို့နယ်၌ ကဒူးတိုင်းရင်းသားများ ရိုးရာပွဲတော်ကျင်းပ



**ပင်လည်ဘူး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြောက်မော်ကျေးရွာတွင် ကဒူးတိုင်းရင်းသားများ ရိုးရာပွဲတော်ကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး စာရင်းစစ်ချုပ်ဦးစိုးလင်း၊ ဥပဒေချုပ် ဦးခင်မောင်လှ၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်နှင့် မြို့နယ် ကဒူးတိုင်းရင်းသားများ ခေါင်းဆောင် ဦးချင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ကဒူးခေါင်းဆောင်များက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအား ပညာသင်ထောက်ပံ့ ငွေကျပ် ၂၀၀၀၀ အားပေးအပ်ခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။ ထို့နောက်ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် တိုင်းရင်းသားရိုးရာအကများ၊ ဌာနဆိုင်ရာပြခန်းများ၊ ကဒူးတိုင်းရင်းသားရိုးရာ ပြခန်းများနှင့် အားကစားပြိုင်ပွဲများကျင်းပနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါပွဲတော်သို့ စုစုပေါင်း အင်အား ၄၀၀၀ ခန့်တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။

**လူအောင်(ကသာ)**

# တရုတ်နိုင်ငံမြောက်ပိုင်းတွင် ပေါက်ကွဲမှုကြောင့် နေအိမ်တိုက်ခန်း ၈၃ လုံး ထိခိုက်ပျက်စီး



**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံမြောက်ပိုင်းတွင် တိုက်ခန်းများစွာပါရှိသည့် အဆောက်အအုံတစ်ခု၌ အင်အားပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ နေအိမ်တိုက်ခန်းပေါင်း ၈၃ လုံးထိခိုက်ပျက်စီးခဲ့ပြီး လူသုံးဦးသေဆုံးကာ ၂၅ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့က ပေါက်ကွဲမှုအပြီးတွင် လူပေါင်း ၂၅၉ ဦးကို ပြန်လည်နေရာချထားပေးမှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် စနေနေ့ညနေခင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုအရှိန်မှာ အလွန်ပြင်းထန်သောကြောင့် ပေါက်ကွဲမှုဖြစ်ပွားသည့် အဆောက်အအုံနှင့် ဆက်သွယ်ထားသည့် ဘလော့တုံးများ ထိခိုက်ပျက်စီးလုနီးနီး ဖြစ်သွား ခဲ့သည်။ အနီးအနား အဆောက်အအုံပြတင်းတံခါးများမှာလည်း အစိတ်စိတ် အမွှာမွှာကြေမွပျက်စီးသွားခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံ ဆေးခန်းများသို့ ပို့ဆောင်ခဲ့ရာ ယခုအခါ အခြေအနေတည်ငြိမ်မှုရရှိနေပြီဖြစ်သည်ဟု ပြောကြားသည်။ လျှပ်စစ်ဓာတ်အား၊ ရေနှင့် မီးလောင်ကျွမ်းမှု ထိန်းချုပ်ရေးအဖွဲ့သားများသည် ပေါက်ကွဲမှုကြောင့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များ ထပ်မံမဖြစ်ပွားစေရေး ခိုင်မာသေချာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

အဘယ့်ကြောင့် လူနေတိုက်ခန်းများစွာပါရှိသည့် ယင်းအဆောက်အအုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ အစောပိုင်းတွင် သဘာဝဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရသည်ဟူသော သတင်းပေးပို့မှုများရှိခဲ့သည်။ **(ဆင်ဟွာ)**

## ဒုက္ခသည်လှေတိမ်းမှောက်မှုတွင် တာဝန်ရှိသူ ၅၀ ကျော်ကို ထောင်ဒဏ်ချ

**ကိုင်ရို မတ် ၂၆**

အီဂျစ်တရားရုံးတော်သည် ပြီးခဲ့သည့်နှစ်က ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသည့်လှေ တိမ်းမှောက်ခဲ့ပြီး လူနှစ်ရာကျော် သေဆုံးစေခဲ့မှုအတွက် တာဝန်ရှိသူ ၅၆ ဦးကို တနင်္ဂနွေနေ့က ထောင်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အပြစ်ရှိသူများကို ထောင်ဒဏ်အနည်းဆုံး ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း တရားရုံးသတင်းရင်းမြစ်များအရ သိရသည်။ အချို့ကို ထောင်ဒဏ် ၁၃ နှစ် သို့မဟုတ် ၁၄ နှစ်အထိ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အမျိုးသမီးတစ်ဦးကိုမူ အပြစ်မှကင်းလွတ်ခွင့်ပေးခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများစွာကို တင်ဆောင်လာခဲ့သည့် ယင်းလှေသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၁ ရက်က မြေထဲပင်လယ်အတွင်း၌ တိမ်းမှောက်သွားခဲ့သည်။ ကယ်ဆေးရေးအဖွဲ့သားများနှင့် ငါးဖမ်းလုပ်သားများသည် လူပေါင်း ၁၆၉ ဦး ထက်မနည်းကို ရှာဖွေကယ်ဆယ်နိုင်ခဲ့သည်။ သို့သော် ဒုက္ခသည် ၂၀၂ ဦး ထက်မနည်း သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် အာဖရိကမှ ဥရောပဆီသို့ ခက်ခဲကြမ်းတမ်းသော ပင်လယ်ပြင်ခရီးကို စွန့်စားသွားလာမှုများအနက် လူအသေအပျောက်အများဆုံး လှေနစ်မြုပ်မှုဖြစ်သည်။ လှေပေါ်တွင် အီဂျစ်၊ ဆူဒန်၊ အီရစ်ထရီးရန်းနှင့် ဆိုမာလီနိုင်ငံသား ရွှေ့ပြောင်းသွားလာသူများစွာတို့ လိုက်ပါလာကြပြီး အီတလီနိုင်ငံသို့ ဦးတည်ထွက်ခွာလာချိန်တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## ဟောင်ကောင်အကြီးအကဲအဖြစ် ကယ်ရီလမ်အားရွေးချယ်

**ဟောင်ကောင် မတ် ၂၆**

ဟောင်ကောင် ရွေးကောက်ပွဲကော်မတီသည် ပေကျင်းထောက်ခံသူကိုယ်စားလှယ် ကယ်ရီလမ်အား ဟောင်ကောင်အကြီးအကဲအဖြစ်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၁၉၉၇ ခုနှစ်တွင် ဗြိတိန်က ယင်းနယ်မြေအား တရုတ်နိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့သည့်အချိန်မှ စတင်ကာ အုပ်ချုပ်ခဲ့သည့်ခေါင်းဆောင်များအနက် ကယ်ရီလမ်သည် ဟောင်ကောင်၏ ပထမဆုံး အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။




လမ်သည် တနင်္ဂနွေနေ့ရွေးကောက်ပွဲတွင် ဘဏ္ဍာရေးမှူး ဂျွန်ဆန်နှင့် တရားသူကြီးဟောင်း ဝူးကောက်ဟင်တို့အား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကော်မတီဝင် ၁၂၀၀ အနက် လမ်သည် မဲအရေအတွက် ၇၇၇ မဲဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။ ကော်မတီအဖွဲ့ဝင်များတွင် ဥပဒေပြုအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းပိုင်းမှ ကိုယ်စားလှယ်များ ပါဝင်သည်။

လမ်သည် အသက် ၅၉ နှစ်ရှိပြီဖြစ်ပြီး ဟောင်ကောင်အုပ်ချုပ်ရေးအဖွဲ့၏ ဒုတိယအကြီးဆုံးရာထူးဖြစ်သည့် အတွင်းရေးမှူးချုပ်တာဝန်ကို ငါးနှစ်ကြာထမ်းဆောင်ခဲ့သူဖြစ်သည်။ ဟောင်ကောင်၏ သံမဏိလေဒီအဖြစ် တင်စားခြင်းခံခဲ့ရသူဖြစ်သည့်လမ်သည် ၂၀၁၄ ခုနှစ်တွင် ဒီမိုကရက်တစ် ရွေးကောက်ပွဲကျင်းပရန် ကျောင်းသားများ၏ ဆန္ဒပြတောင်းဆိုမှုများကို ပယ်ချခဲ့သူဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

## အစ္စရေးကိုထောက်ခံသည်ဟုဆိုကာ အမေရိကန်ကုမ္ပဏီ ၁၅ ခုကို အီရန်ပိတ်ဆို့



**တီဟီရန် မတ် ၂၆**

လူ့အခွင့်အရေးရပိုင်ခွင့်များကို ချိုးဖောက်ခဲ့ပြီး အစ္စရေးနှင့်ပူးပေါင်းကာ ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကို အားပေးထောက်ခံနေသည်ဟု ဆိုကာ အမေရိကန်ကုမ္ပဏီ ၁၅ ခုကို အီရန်က ပိတ်ဆို့မှုပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင် IRNA သတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။ အမေရိကန်ကုမ္ပဏီ ၁၅ ခုကို ပိတ်ဆို့လိုက်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းပိတ်ဆို့မှုသည် အမေရိကန်ပြုလုပ်နေသည့် ကိစ္စများအပေါ် ဆတ်ဆတ်ထိမခံသည့် တုံ့ပြန်ဆောင်ရွက်မှုဖြစ်သည်ဟု ဆိုသည်။

ပိတ်ဆို့မှု ပြုလုပ်ခြင်းခံရသည့် ကုမ္ပဏီများတွင် ITT ကော်ပိုရေးရှင်း၊ United Technologies နှင့် Oshkosh Corp ကုမ္ပဏီများ ပါဝင်ကြောင်း သိရသည်။ အမေရိကန်က တီဟီရန်၏တိုက်ချင်းပစ်ဒုံးကျည်ထုတ်လုပ်မှု အစီအစဉ်ကို တိုးတက်အောင်မြင်စေမည့် တရုတ်၊ မြောက်ကိုရီးယား သို့မဟုတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံများထံမှ နည်းပညာလွှဲပြောင်းမျှဝေမှုများ မရရှိစေရန် အဆိုပါနိုင်ငံများမှ ကုမ္ပဏီ ၁၁ ခုကို ပိတ်ဆို့မှုပြုလုပ်လိုက်ပြီး နှစ်ရက်အကြာတွင် အီရန်က တုံ့ပြန်သည့်အနေဖြင့် ထိုသို့တန်ပြန်ပိတ်ဆို့မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အတိုက်အခံ ပါတီများသာမက အစိုးရပါတီဝင်များပါ ပါဝင်သည့် ဆီးနိတ်လွှတ်တော်အဖွဲ့သည် ပြီးခဲ့သည့်ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ဥပဒေအရ အီရန်သည် တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်ခဲ့မှုနှင့် နျူကလီးယားကိစ္စနှင့် သက်ဆိုင်ခြင်းမရှိသည့်အခြားသော ပြုမူဆောင်ရွက်ခဲ့မှုများအတွက် အမေရိကန်၏ တင်းကျပ်သောပိတ်ဆို့မှုများနှင့် ထပ်မံရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပီရူးတွင် သေဆုံးသူ အမြောက်အမြားရှိလာ

**ပီရူး မတ် ၂၆**

သုံးလကြာအောင်မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ပီရူးတွင် အသက်ဆုံးရှုံးသူ ၈၈ ဦးထက်မနည်း ရှိသွားပြီဖြစ်ပြီး လူအများအပြား ထိခိုက်စေခဲ့ကြောင်း သိရသည်။ တောင်အမေရိကနိုင်ငံအတွင်း ပြီးခဲ့သည့် ဒီဇင်ဘာလမှ စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခဲ့သည်ဖြစ်ရာ မြစ်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည်။

ပီရူးရှိ အစိုးရအဖွဲ့၏ ပြောပြချက်အရ မိုးအဆက်မပြတ်ရွာသွန်းမှု အကျိုးဆက်ကြောင့် သေဆုံးရသူ ၈၈ဦးအထိရှိသွားခဲ့ပြီဖြစ်ပြီး ၂၆ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ အိမ်ခြေများစွာပြိုလဲပျက်စီးခဲ့သည့်အပြင် လူတစ်သိန်းတစ်သောင်းကို ကယ်ဆယ်ရွှေ့ပြောင်းမှုများပြုလုပ်ခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

ပူးတွဲ-၅

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ

ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၈,၈၄၀,၁၆၆.၉** | **၆၀.၂** | **၅၄,၅၄၈,၇၀၇.၀** | **၅၉.၇** | **၁၁.၇** |
| | ၁ | လယ်ယာ | ၁၃,၉၅၇,၂၉၈.၀ | ၁၇.၂ | ၁၄,၇၅၁,၃၀၆.၂ | ၁၆.၁ | ၅.၇ |
| | ၂ | သားငါး | ၆,၄၈၃,၄၉၇.၇ | ၈.၀ | ၆,၉၇၀,၉၀၄.၆ | ၇.၆ | ၇.၅ |
| | ၃ | သစ်တော | ၅၂,၁၆၇.၇ | ၀.၁ | ၇၂,၆၇၄.၅ | ၀.၁ | ၃၉.၃ |
| | ၄ | စွမ်းအင် | ၃,၀၇၉,၇၉၁.၇ | ၃.၈ | ၃,၀၄၄,၁၄၅.၇ | ၃.၃ | -၁.၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၉,၅၇၆.၉ | ၀.၉ | ၇၂၃,၆၆၈.၁ | ၀.၈ | ၀.၆ |
| | ၆ | စက်မှုလက်မှု | ၁၈,၂၀၃,၁၅၇.၂ | ၂၂.၄ | ၂၀,၈၁၅,၅၂၆.၈ | ၂၃.၉ | ၁၉.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၁၈၇,၁၄၉.၃ | ၁.၅ | ၁,၂၅၃,၄၇၀.၉ | ၁.၄ | ၅.၆ |
| | ၈ | ဆောက်လုပ်မှု | ၅,၁၅၇,၅၂၈.၄ | ၆.၃ | ၅,၉၁၇,၀၁၀.၂ | ၆.၅ | ၁၄.၇ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၅,၉၇၆,၃၂၀.၃** | **၁၉.၇** | **၁၇,၆၀၆,၈၀၀.၅** | **၁၉.၃** | **၁၀.၂** |
| | ၁ | ပို့ဆောင်ရေး | ၉,၀၅၈,၉၄၅.၁ | ၁၁.၂ | ၉,၉၈၂,၉၉၄.၇ | ၁၀.၉ | ၁၀.၂ |
| | ၂ | ဆက်သွယ်ရေး | ၁,၆၇၂,၉၄၈.၈ | ၂.၁ | ၁,၇၆၀,၉၉၃.၂ | ၁.၉ | ၅.၃ |
| | ၃ | ငွေရေးကြေးရေး | ၂၀၅,၃၈၃.၁ | ၀.၂ | ၂၂၈,၉၃၄.၈ | ၀.၃ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၈၀၃,၃၁၁.၇ | ၃.၄ | ၂,၉၂၈,၆၃၃.၇ | ၃.၂ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၂,၂၃၅,၇၃၁.၆ | ၂.၈ | ၂,၇၀၅,၂၄၄.၁ | ၃.၀ | ၂၁.၀ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၆,၃၀၀,၄၉၆.၂** | **၂၀.၁** | **၁၉,၀၆၃,၉၂၅.၂** | **၂၀.၀** | **၁၇.၅** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၁,၁၂၇,၉၈၃.၄** | **၁၀၀.၀** | **၉၁,၃၁၉,၄၃၂.၇** | **၁၀၀.၀** | **၁၂.၆** |

ပူးတွဲ-၆

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏

စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၃၂,၆၃၈.၇ | ၁.၉ | ၁,၆၅၃,၉၆၂.၇ | ၁.၈ | ၇.၉ |
| ၂ | ကယားပြည်နယ် | ၂၇၈,၇၁၁.၇ | ၀.၃ | ၃၀၁,၉၉၁.၅ | ၀.၃ | ၈.၄ |
| ၃ | ကရင်ပြည်နယ် | ၁,၄၇၂,၃၅၉.၆ | ၁.၈ | ၁,၆၅၅,၆၀၃.၉ | ၁.၈ | ၁၂.၄ |
| ၄ | ချင်းပြည်နယ် | ၃၅၅,၈၂၁.၂ | ၀.၄ | ၃၉၃,၂၀၁.၄ | ၀.၄ | ၁၀.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၄၉၇,၂၁၃.၈ | ၁၁.၇ | ၁၀,၈၂၁,၂၁၁.၈ | ၁၁.၉ | ၁၃.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၉၄,၁၄၁.၉ | ၄.၂ | ၃,၆၄၇,၂၄၉.၂ | ၄.၀ | ၇.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၇၁၉,၃၇၆.၂ | ၈.၃ | ၇,၅၁၅,၇၂၄.၅ | ၈.၂ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၃၁၃,၉၉၁.၆ | ၉.၀ | ၈,၂၅၆,၄၈၂.၈ | ၉.၀ | ၁၂.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈,၅၈၄,၃၁၂.၀ | ၁၀.၆ | ၉,၇၅၉,၉၇၇.၇ | ၁၀.၇ | ၁၃.၇ |
| ၁၀ | မွန်ပြည်နယ် | ၃,၂၃၅,၈၂၈.၁ | ၄.၀ | ၃,၅၉၃,၂၆၈.၈ | ၃.၉ | ၁၁.၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၇၁၈,၃၁၉.၃ | ၄.၆ | ၃,၉၈၇,၃၇၀.၂ | ၄.၄ | ၇.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉,၂၈၃,၂၀၂.၃ | ၂၃.၈ | ၂၂,၄၀၀,၉၆၄.၁ | ၂၄.၅ | ၁၆.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၈၇၇,၉၈၀.၇ | ၆.၀ | ၅,၄၂၂,၁၁၀.၅ | ၆.၀ | ၁၁.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၁၃၄,၇၉၃.၀ | ၁၁.၃ | ၁၀,၀၃၀,၂၆၃.၆ | ၁၁.၀ | ၉.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၇၂၉,၂၉၃.၃ | ၂.၁ | ၁,၈၈၀,၀၅၀.၀ | ၂.၁ | ၈.၇ |

ပူးတွဲ-၇

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ

ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၃၀၂,၃၆၀.၆ | ၂၃.၆၃ | ၆,၀၀၄,၆၈၇.၇ | ၂၁.၇၁ |
| ၂ | သမဝါယမပိုင် | ၃,၃၅၈.၅ | ၀.၀၁ | ၃,၅၀၂.၃ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၀,၃၉၇,၆၃၅.၇ | ၇၆.၃၆ | ၂၁,၆၅၇,၀၈၆.၃ | ၇၈.၂၈ |
| | စုစုပေါင်း | ၂၆,၇၁၃,၃၅၄.၈ | ၁၀၀.၀၀ | ၂၇,၆၆၅,၂၇၆.၃ | ၁၀၀.၀၀ |

## စက်မှုဝန်ထမ်းဟောင်းများအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ




**ရန်ကုန်  မတ်  ၂၆**

စက်မှုဝန်ထမ်းဟောင်းများအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပရာ အစည်းအဝေးတွင် အသင်းနာယက စက်မှုဝန်ကြီးဌာနဝန်ကြီး (ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်းနှင့် အသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီး(ငြိမ်း) ဦးခင်မောင်ကျော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသင်းအတွင်းရေးမှူး ဦးသန်းအေးက အသင်း၏၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းတင်ပြကာ အသင်းဝင်များက အကြံပြုဆွေးနွေးကြပြီး စက်မှုဝန်ထမ်းဟောင်းများ အသင်းဝင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီး(ငြိမ်း) ဦးခင်မောင်ကျော်က လက်ခံသည်။ **(အပေါ်ယာပုံ)**

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းဟောင်းများ၏ လူမှုရေးအခက်အခဲများကို ကူညီဖြေရှင်းပေးရန်၊ အသင်းသားများ အချင်းချင်း ပိုမိုချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ နိုင်ငံတော်၏ စက်မှုကဏ္ဍတိုးတက်ရေးဆွေးနွေးပွဲများတွင် ပါဝင်အကြံပြုဆွေးနွေးနိုင်ရန်၊ သာရေး၊ နာရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများတွင် ပံ့ပိုးကူညီနိုင်ရန်နှင့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်ကာစက်မှုဝန်ထမ်းဟောင်းများအသင်းကို စက်မှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေရှားပါးသည့် နေရာများတွင် သောက်သုံးရေလှူဒါန်း

**ဟားခါး  မတ်  ၂၆**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အိမ်ရာ ကွက်သစ်ရှိ အိမ်ထောင်စု ၁၅၀ အတွက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မတ် ၂၅ ရက်က သောက်သုံးရေ ဂါလန် ၂၀၅၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့တွင် ကဝမြို့နယ် ရွှေတဆုကျေးရွာနှင့် ပြည်တော်သာကျေးရွာရှိ အိမ်ထောင်စု ၁၄၀ အတွက် သောက်သုံးရေဂါလန် ၃၅၀၀၊ ၂၀ လီတာ ရေသန့်ဘူးကြီး ၁၅၀ တို့အား ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိန်မင်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပဲခူးမြို့ ကလျာဏမိတ္တ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုရဲ**

စာပေမြင့်မှ လူမျိုးတင့်မည်

# တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စွန့်လွှတ်စွန့်စားစစ်သည်ဟောင်းများကို ဂုဏ်ပြုချီးမြှင့်

**ကျိုင်းတုံ မတ် ၂၆**

(၇၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံ လူမှုကူညီရေးအသင်းက ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းမှ မသန်စွမ်းစစ်သည် ၁၈ ဦးအား ဆန်တစ်အိတ်စီနှင့် ဆီ၊ ဆေးဝါး၊ ငွေသားများကို ယနေ့နံနက် ၁၀ နာရီကကျိုင်းတုံမြို့ စိတ်တိုင်းကျစားသောက်ဆိုင်ခန်းမတွင် ချီးမြှင့်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် တိုင်းပြည်အတွက် တိုက်ပွဲဝင်ခဲ့ပြီး ခန္ဓာကိုယ်တစ်စုံတစ်ရာ ပေးဆပ်စွန့်လွှတ်ခဲ့သော စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း ကျိုင်းတုံလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ပြောသည်။

"ကျွန်တော်တို့ကို နိုင်ငံတော်ကအပြင် ဒီလိုလူမှုရေးအသင်းကပါ ဂုဏ်ပြုချီးမြှင့်ပေးတာ ပီတိဖြစ်ရတယ်။ ကျေးဇူးတင်ပါတယ်"ဟု ခလရ(၁)တွင် ဒုတိယတပ်ကြပ်ဖြင့် တိုက်ပွဲဝင်ရင်း ခြေတစ်ဖက်စွန့်လွှတ်ခဲ့သူ စစ်မှုထမ်းဟောင်း ဦးကျော်သောင်းက ပြောသည်။

ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းအသင်းရှိ မသန်စွမ်းစစ်သည် ၁၈ ဦးမှ ၁၄ ဦး ဂုဏ်ပြုခံခဲ့ပြီး လေးဦးမှာ ကျန်းမာရေးမကောင်း၍ ဆေးရုံတက်ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**




# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦး ရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။
၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာ စီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက်နံပါတ်ပြား မပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**(မြန်မာနိုင်ငံရဲတပ်ဖွဲ့)**

# ကလေးဝမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၀ ခန့်ပျက်စီး

**ကလေးဝ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်အတွင်း မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၃နာရီခွဲအထိ လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများတွင် ကြီးမားသောဆုံးရှုံးမှုမရှိသော်လည်း ဘုန်းကြီးကျောင်းသုံးကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုနှင့်လူနေအိမ် ၃၀ ခန့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ချင်းတွင်းတံတား(ကလေးဝ)ဖွင့်ပွဲ အခမ်းအနားအတွက် တည်ဆောက်ဆဲမုခ်ဦးလဲပြိုခြင်း၊ တံတားထိပ် ရှင်းလင်းဆောင်ဘေး တည်ဆောက်ဆဲ တံတားပြတိုက်အဆောက်အအုံ သွပ်မိုးလန်ခြင်း၊ အမှတ်(၂) ရပ်ကွက်ရှိ လူနေအိမ်နှစ်လုံး သွပ်မိုးလန်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ကလေးဝမြို့နယ် အုပ်စုနှင့်ကျေးရွာများဖြစ်သည့် တုံနန်း၊ ဆင်ခေါင်း၊ မထု၊ မိုးကောင်း၊ ကျော်ဇင်အုပ်စုရှိ ဂေါ်သလဲနှင့် အုံးပင်စု၊ နန်းဇလိန်၊ ဂဇက်အုပ်စုရှိအုန်းပင်စု၊ မစိန်အုပ်စုရှိ မထုလေး၊ ခုံကြီး၊ ရှမ်းစု၊ မန်ဖာအုပ်စုရှိ မန်ဖာလေး၊ ယောစုနှင့် ရွာသာအုပ်စုရှိ ပလူဇဝနှင့် တပူချောင်းကျေးရွာများတွင် ဘုန်းကြီးကျောင်းရှိ သွပ်မိုးများလန်၍ ဒိုင်းများပါသွားခြင်း၊ စာသင်ကျောင်း သွပ်မိုးလန်သွားခြင်း၊ လူနေအိမ်များ၏သွပ်မိုးများလန်ကျခြင်းနှင့် လူနေအိမ် အုန်းပင်ပိ၍ ပျက်စီးခြင်းများဖြစ်ပွားခဲ့ရာ လေပြင်းတိုက်ခတ်မှုကြောင့် လူထိခိုက်သေဆုံးမှုမရှိကြောင်း ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ စာရင်းကောက်ယူမှု မှတ်တမ်းများအရ သိရသည်။



ယင်းသို့လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့မှု ပေးနိုင်ရန်၊ ဆန်ရိက္ခာများနှင့် လိုအပ်သောကူညီထောက်ပံ့မှုများပေးနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**ချင်းတွင်းသား**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ ခရီးသည်ပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသည့် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃၇ စီး၊ သွင်းကုန် ၇၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်နေ့ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၆၂ သန်းခန့်ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၅ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Chang Beer 330 ml (1x24 Can) (110) Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ကျပ် ၁ ဒသမ ၁ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**ကျောက်တံခါး မတ် ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဦးထွန်းခင်နှင့် အဖွဲ့သည် မတ် ၂၆ ရက် နံနက် ၁၁ နာရီက တိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ လာရောက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တိုင်းဒေသကြီးနယ်မြေတာဝန်ခံဦးထွန်းခင်သည် ပဲခူးယ်ကုန်းမြို့ သံမဏိရပ်ကွက်နှင့် ခင်ကြီးစံပြကျေးရွာအုပ်စုသို့ သွားရောက်ကာ မဲစာရင်းကပ်ထားမှုနှင့် သက်သေခံမဲလက်မှတ်များအား ကြည့်ရှုစစ်ဆေးပြီး ကျောက်တံခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက တာဝန်များကို မှန်မှန်ကန်ကန် ကျေပွန်အောင်ဆောင်ရွက်ကြရန် သစ္စာရှိကြရန် မဲဆန္ဒရှင်ပြည်သူများအား အိမ်တိုင်ရာရောက် သက်သေခံမဲလက်မှတ်များရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ပါတီများ၊ ပြည်သူများ သံသယမဖြစ်အောင် အမြင်ရှင်းစွာနှင့်ရိုးရှင်းစွာပြောဆိုနေထိုင်၍ ဥပဒေနှင့်အညီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစောဘီသိန်းက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဂန့်ဂေါ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၆ လုံးနှင့် ကျောင်းတစ်ကျောင်းပျက်စီး

**ဂန့်ဂေါ မတ် ၂၆**

ဂန့်ဂေါမြို့နယ်အတွင်း မတ် ၂၅ ရက် မွန်းလွဲပိုင်းကလေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ် ၃၆ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်း မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ မှ ၂ နာရီ ၄၅ မိနစ်အထိ လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း သတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင် ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်ခင်ရမ်းရဲကင်း စခန်းမှူး ရဲအုပ်စိုးနိုင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များလိုက်လံစစ်ဆေးခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာတွင် လူနေအိမ်လေးလုံး၊ ဟံသာဝတီကျေးရွာတွင် လူနေအိမ် ၁၈ လုံး၊ လယ်ကြီးအနောက်ကျေးရွာတွင် လူနေအိမ်ခုနစ်လုံး၊ လယ်ကြီးအရှေ့ကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ကုက္ကားကျေးရွာတွင် လူနေအိမ်ခြောက်လုံး၊ အမက (လွန်)ကျောင်းတစ်ကျောင်း စုစုပေါင်းလူနေအိမ် ၃၆ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ကာ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ လက်နက်ခဲယမ်းများဖမ်းမိ

**တာချီလိတ် မတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား ဆန်ဆိုင်း(က) ရပ်ကွက်၌ မတ် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ထိုင်းနိုင်ငံသား မောင်းနှင်လာသော မော်တော်ယာဉ်ပေါ်မှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် နံနက် ၉ နာရီခန့်က မြန်မာ-ထိုင်းနယ်စပ်အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ တာချီလိတ်သို့ ထိုင်းနံပါတ် ဟိုင်းလတ်အမျိုးအစား မော်တော်ယာဉ်ဖြင့် လက်နက်ခဲယမ်းများ သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးနိုင်ရေးအတွက် စောင့်ဆိုင်းခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မယ်ဆိုင်ဘက်မှ တာချီလိတ်သို့ မော်တော်ယာဉ် ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ထိုင်းနိုင်ငံသား လိထိကိုင်နစုဝမ်း(ခ)နိုင်းအို မောင်းနှင်ပြီး မြန်မာနိုင်ငံသူ နန်းခမ်းဟုန် လိုက်ပါလာသည့် ထိုင်းနံပါတ်ပါ မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ COLTS GOVERNMENT MODEL စာတန်းပါ ပွိုင့် ၄၅ အမျိုးအစား ယင်းကျည်ရှစ်တောင့်ပါ ကျည်ဘောက် တပ်လျက် ပစ္စတိုသေနတ် တစ်လက်၊ ပွိုင့် ၄၅ ကျည်ရှစ်တောင့်စီပါ ကျည်ဘောက်နှစ်ခု၊ ပွိုင့် ၄၅ ကျည်တောင့် ၅၀ ပါ အမဲရောင်ပလတ်စတစ်ဘူး တစ်ဘူး၊ Ruger 216-45697 နံပါတ်ပါ ပွိုင့် ၂၂ အမျိုးအစား ယင်းခဲထိပ်ဖူးကျည် ၁၀ တောင့်ပါ ကျည်ဘောက် တပ်လျက် သေနတ်အတိုတစ်လက်၊ ပွိုင့် ၂၂ ခဲထိပ်ဖူးကျည် ၁၀ တောင့်ပါ ကျည်ဘောက် တစ်ခု၊ 9 MM 52A050253 နံပါတ်ပါ PARA အမျိုးအစား ယင်းကျည် ခြောက်တောင့်ပါ ကျည်ဘောက်တပ်လျက် မိန်းမကိုင်သေနတ်အတို တစ်လက်၊ 9 MM ကျည် ခြောက်တောင့်ပါကျည်ဘောက်တစ်ခု၊ ထိုင်းဖုန်းနံပါတ်ပါ ဆမ်ဆောင်း ဟန်းဆက် အမျိုးအစားဖုန်းတစ်လုံးတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူ လိထိကိုင်နစုဝမ်း (ခ)နိုင်းအို (၄၁ နှစ်) အမှတ်(၃၇၃) အကွက်(၂၀) ဖန်မြို့နယ် ချင်းရိုင်းခရိုင် ထိုင်းနိုင်ငံ နေသူနှင့် နန်းခမ်းဟုန် (၃၆ နှစ်)၊ မယ်ယန်းကျေးရွာ ဖန်မင်အုပ်စု တာချီလိတ်မြို့နယ် နေသူတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထား ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# အစာအဆိပ်သင့်ပြီး ကလေးငယ်တစ်ဦး သေဆုံး

**သုံးခွ မတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံ၌ ကလေးငယ်တစ်ဦး နှာခေါင်းမှ အမြှုပ်ထွက် သေဆုံးပြီး ဆေးရုံသို့ရောက်ရှိနေကြောင်း မတ် ၂၅ ရက် ညနေ ၆ နာရီခွဲက သိရသည်။

သေဆုံးသူမှာ အသက်တစ်နှစ်ခြောက်လအရွယ်ရှိသူ မိန်းကလေးငယ်ဖြစ်ပြီး ညနေ ၃ နာရီမိနစ် ၂၀ တွင် မိခင်ဖြစ်သူ ဒေါ်နီလာ ပြင်ပအလုပ်သွားစဉ် ဦးလေးဖြစ်သူကိုထွန်းထွန်းနှင့်ထားခဲ့ချိန် ညနေ ၅ နာရီခန့်တွင် ကလေးငယ်မှာ နှာခေါင်းမှ အမြှုပ်များထွက်ကာ ကိုယ်ပူနေသဖြင့် အဘွားဖြစ်သူနှင့် ဆေးရုံသို့ပို့စဉ် သေဆုံးနေကြောင်း မိခင်ဖြစ်သူ မနီလာ ပြောပြချက်အရသိရပြီး ရဲဆေးစာနှင့်အတူ အလောင်း အား သုံးခွမြို့ပြည်သူ့ဆေးရုံ၌ အပ်ခဲ့ရာ ဆရာဝန်ကြီးက အစာအဆိပ်သင့် သေဆုံးကြောင်း ပြောပြ၍ သိရှိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ သုံးခွမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၂၈)**

# ရေဖြူမြို့နယ် ရှင်ပုံ့ရွာရိုးချောင်းကမ်းစပ်အနီး၌ ဓာတ်ငွေ့ပိုက်လိုင်းဂဟေဆက်ဟောင်းမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၆**

ကန်ပေါက်-မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မတ် ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ရေဖြူမြို့နယ် ရှင်ပုံ့ရွာ ရိုးချောင်း ကမ်းစပ်အနီး၌ ပိုက်လိုင်း၏ ဂဟေဆက်ကြောင်း (Seam Line) မှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ သဖြင့် မော်လမြိုင်ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းရေးစခန်းမှ ပိုက်လိုင်းပြုပြင်ရေး အဖွဲ့များက ပိုက်လိုင်းယိုစိမ့်နေသည့်နေရာသို့ သွားရောက်စစ်ဆေး ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မတ် ၂၇ ရက် ညနေခန့်တွင် ပြုပြင်မှုလုပ်ငန်းများ ပြီးစီးမည်ဟု ခန့်မှန်းရရှိသည်။ ထိုကဲ့သို့ ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ လူနေအိမ်အမိုးများ ပျက်စီးဆုံးရှုံး

**ဗန်းမောက် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကံရွာကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ မတ် ၂၅ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အမိုးများပျက်စီးခဲ့ပြီး ကံရွာကျေးရွာအုပ်စု၊ အလယ်ရွာကျေးရွာနေမှ နေအိမ်အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ သစ်ပင်ကြီးများကြိုးကျ ပျက်စီးမှုများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ငွေကျပ်သိန်း ၃၆၀၀ ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**

မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှတပ်ဖွဲ့ဝင်များသည် နယ်မြေ လုံခြုံရေး ရေယာဉ်ဖြင့် ကင်းလှည့်ဆောင်ရွက်စဉ် လောင်းလှေတစ်စင်းနှင့် စိတ်ကြွရူးသွပ်ဆေးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင် များသည် ကင်းလှည့်စဉ် ဦးရှည်ကျချောင်းဝအနီး၌ မတ် ၂၅ ရက် ည ၁၀ နာရီက မသင်္ကာဖွယ်လောင်းလှေတစ်စင်းကို တွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်း မရှိဘဲ ထွက်ပြေးသွားခဲ့သည်။

အဆိုပါ လောင်းလှေကို ဆက်လက်ရှာဖွေရာ ည ၁၀ နာရီ မိနစ် ၄၀ ခန့်က ရှက်ညိုတောင်ချောင်းဝ၏ အနောက်ဘက် မီတာ ၂၀၀၀ ခန့် အကွာအရောက်၌ အလျားပေ ၂၀၊ အနံ ၃ ပေခန့်ရှိသော လောင်းလှေတစ်စင်းအား တွေ့ရှိ၍ သွားရောက် စစ်ဆေးရာ မသင်္ကာဖွယ်အထုပ်တစ်ထုပ် အတွင်းမှ ငွေကျပ်သိန်းပေါင်း ၃၆၀၀ တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သော လောင်းလှေတစ်စင်းနှင့် မူးယစ်ဆေးဝါးများကို မောင်တောမြို့နယ် မူးယစ်တပ်ဖွဲ့စုသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# လက်နက်မှုဖြင့် အလိုရှိသူကို ဖော်ထုတ်ဖမ်းဆီး

**ဘားအံ မတ် ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်မင်းအောင် ဦးစီးသည် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက်က ဘားအံမြို့နယ် ဗျက္ခကျေးရွာ အုပ်စု အလယ်ရွာ၌ အိန္ဒုနယ်မြေ ရဲစခန်းက အလိုရှိသော တရားခံပြေး ဟု သတ်မှတ်ထားသူ မန်းနီ(ခ)မြင့်ဦး၊ (၃၇နှစ်)သည် နေအိမ်တွင် ရောက်ရှိနေ ကြောင်း သတင်းရရှိသဖြင့် သွားရောက် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသည့် မန်းနီမှာ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် မေ ၆ ရက်က အိန္ဒုနယ်မြေရဲစခန်းက တရားမဝင်လက်နက် ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးစဉ် အဖမ်း မခံဘဲ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ၎င်းကိုင်ဆောင်ခဲ့သည့် ယမ်းထောင် တူမီးသေနတ်အား ရှာဖွေတွေ့ရှိ၍ အိန္ဒုနယ်မြေရဲစခန်းမှ အမှုရေးဖွင့်ပြီး တရားစွဲတင်ပို့ခဲ့ရာက တရားခံပြေးအဖြစ် သတ်မှတ်ခြင်း ခံရသူဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး မန်းနီ(ခ) မြင့်ဦးအား ယခင် ကျူးလွန်ခဲ့သည့် ပြစ်မှုဖြင့် တရားစွဲတင်ပို့နိုင်ရန်အတွက် အမှုစစ်ဒုရဲအုပ် သက်ဇင်ဦးက ဆက်လက် ဆောင်ရွက်လျက်ရှိသည်။**ထွန်းထွန်းထွေး**




## အများပြည်သူထံသို့ အသိပေးပန်ကြားခြင်း

ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း Shut Down လုပ်ငန်းအား ၂၅-၃-၂၀၁၇ ရက်မှ ၂-၄-၂၀၁၇ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရတနာကမ်းလွန်ဓာတ်ငွေ့သုံးစက်ရုံများမှ ထုတ်လုပ်မှုများ လျော့နည်း သွားပါသဖြင့် ဇော်တိကသဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းဓာတ်ငွေ့ရသမျှနှင့် အချို့စက် များအား လည်ပတ်ဓာတ်အားပေးလျက်ရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း (၄၀~၈၀)မဂ္ဂါဝပ်ခန့် အလှည့်ကျဝန်အား လျှော့ချမှုများ ဆောင်ရွက်ရလျက်ရှိပါသည်။

ရန်ကုန်ဓာတ်အားဖြန့်ဖြူးမှုစနစ် တည်ငြိမ်စေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေး ထားသော ဖီဒါအချို့အား ဝန်အားလျှော့ချခဲ့ရသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုများ ပေါ်ပေါက်ခဲ့ရမှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားခဲ့ပြီးဖြစ်ပါ သည်။

ထိုကဲ့သို့ ဓာတ်အားပေးနေရာမှ ဇော်တိကမှ ပို့လွှတ်လျက်ရှိသော ဓာတ်ငွေ့ပိုက်လိုင်း မှာရေးနှင့် ကန်ပေါက်ကြား(ရှင်ပြန်ရွာ)အနီး၌ ပိုက်လိုင်းကွဲအက်မှုဖြစ်ပေါ်ခဲ့၍ ဇော်တိကမှ ပို့လွှတ်လျက်ရှိသော သဘာဝဓာတ်ငွေ့မှာ ၂၆-၃-၂၀၁၇ ရက် ၉း၃၀ နာရီမှ စတင်၍ ရပ်ဆိုင်းခဲ့သဖြင့် "မော်လမြိုင်၊ သထုံ၊ သီလဝါ၊ သာကေတနှင့် လှော်ကား"စက်များ ရပ်တန့်ခဲ့ရပြီး ကုန်းတွင်းဓာတ်ငွေ့ဖြင့် ရွာမနှင့်လှော်ကားရှိ စက်အချို့သာ ဓာတ်အားထုတ်လုပ်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု(၄၅၀)မဂ္ဂါဝပ်ခန့် လျော့နည်းသွားခဲ့သဖြင့် မီးသုံးသူပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အဆင်ပြေစေ ရန် စက်မှုဇုန်များအား ၂၇-၃-၂၀၁၇ရက်မှ ၂-၄-၂၀၁၇ရက်အထိ ယာယီဓာတ်အား ပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၄၄၆)၊ မြေကွက်တည်နေရာအမှတ်(၉)၊ အောင်ဇေယျ ၄ လမ်း(ဝဲ)၊ ရန်ကုန်သစ်၊ သင်္ဃန်းကျွန်း (ဦးဌေးအောင် ၁၂/ရကန(နိုင်)၀၂၅၈၅၆) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား နှစ်(၆၀) ဂရန်အမည်ပေါက် ဦးဌေးအောင်(လူပျိုကြီး ဘဝဖြင့် ကွယ်လွန်)၍ ဦးဌေးအောင်တွင် (၁)ဒေါ်အေးအေး၊(၂)ဦးဌေးအောင်၊(၃)ဦးခင် မောင်ဝင်း မောင်နှမသုံးဦးရှိရာ ဦးဌေးအောင် ၏ ညီဖြစ်သူ ဦးခင်မောင်ဝင်း(ကွယ်လွန်)မှ မွေးဖွားသည့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သင်ဇာဝင်း ၁၂/သဃက(နိုင်)၀၀၄၆၂၉ မှ တရားလိုပြုလုပ်၍ ကျန်ရှိအဒေါ်ဖြစ်သူ ဒေါ်အေးအေး(အပျိုကြီး)အား တရားပြိုင် ထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်(၆၂၁/၂၀၁၆)(၂၂-၁၂-၂၀၁၆)ဖြင့် တရားစွဲဆိုပြီး ရရှိထားသည့် ပိုင်ဆိုင်ကြောင်း မွက်ဟဒီကရီကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံချက်ကျမ်းကျိန်လွှာ၊ မြေပြင်တွင် နှစ်ထပ်ပျဉ်ထောင်သွပ်မိုး အဆောက်အအုံတွင်ကိုယ်တိုင်နေထိုင်ကြောင်း တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင် လုံသောအထောက်အထားများဖြင့် ဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ်(၆၀၄)၊ (၄၀ × ၆၀)ပေ အကျယ်ရှိ နှစ် ( ၆၀ ) ဂရန်မြေကွက်၏တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် ခြေရင်း ဘက်ခြမ်း အကျယ်အဝန်း (၂၀ × ၆၀) ပေခန့်မြေကွက်နှင့်ယင်းမြေကွက်တည်နေရာ အမှတ်-၆၀၄၊ နဝရတ်လမ်း၊ ( ၄၄ ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့တွင်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ရှင် ဒေါ်မာစီ ( BQ-၀၀၃၅၈၂ ) ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နန်းကေခိုင် ( ၁၂/ဒဂမ (နိုင်) ၀၁၇၆၅၀ ) က ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ် နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်အိထားဖြူ

LL.B, D.B.L, D.I.L, MA (Business Law)

တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၅၀၅ )

အမှတ်-၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၅၅၀၅၈၇၁

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ရှုပ လမ်း၊ အမှတ် ၈/၃၆ ပေါ်ရှိ အဆောက်အအုံမှ ဒါဘာ(၁၅ပေ×၅၅ပေ) အရှေ့ခန်းအား ကန်ထရိုက်တာ ဦးတင်မြင့်ထံမှ ငွေကျပ် ၁၄၀၀၀၀၀ဝိ/-(ကျပ်သိန်းတစ်ရာ့လေးဆယ်တိတိ)ဖြင့် ဦးကျော်နီလွင် ၁၂/သဃက(နိုင်) ၁၄၀၅၅၇ က အပြီးအပြတ် ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း။

**ဦးကျော်နီလွင် ၁၂/သဃက(နိုင်)၁၄၀၅၅၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်၊ ရှုပ လမ်း၊ အမှတ် ၈/၃၆ ပေါ်ရှိ အဆောက်အအုံမှ (ဝင်းဒိုး) ပထမထပ် (၁၅ပေ×၅၅ပေ)အရှေ့တိုက်အခန်းအား ကန်ထရိုက်တာ ဦးတင်မြင့်ထံမှ ငွေကျပ် ၁၂၀၀၀၀၀ဝိ/-(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ)ဖြင့် ဦးထိန် လင်း ၁၄/လပတ(နိုင်)၀၆၆၃၀၈ က အပြီးအပြတ်ဝယ်ယူထားပြီးဖြစ် ကြောင်း အများသိစေရန် ကြေညာခြင်း။

**ဦးထိန်လင်း ၁၄/လပတ(နိုင်)၀၆၆၃၀၈**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/2917 Toyota Crown JZS 171 Saloon(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ချို ၆/ကသန(နိုင်)၀၃၉၂၅၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

*ယမန်နေ့မှအဆက်*

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၄ | မဆုဝေဖြိုး | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်မင်းခန့်အောင် | အထက(ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၁၀၆ | မမြပန်းအိမ် | အထက(ခွဲ) မြို့မ | သံတွဲ | သံတွဲ |
| ၁၀၇ | မောင်ပြည့်ဖြိုးသျှန်အောင် | အထက(ခွဲ)ဈေးတန်း | မာန်အောင် | ကျောက်ဖြူ |
| ၁၀၈ | မအေးငြိမ်းစံ | အထက(၂)အမ်း | အမ်း | ကျောက်ဖြူ |
| ၁၀၉ | မောင်မျိုးမြတ်မင်း | အထက(ခွဲ)မြို့မ | ကျောက်တော် | မြောက်ဦး |
| ၁၁၀ | မဖြိုးသွယ်ခိုင် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၁၁ | မောင်ထက်အောင်ဘုန်းမြတ် | အထက(ခွဲ)ကျီးကန်းပြင် | မောင်တော | မောင်တော |
| ၁၁၂ | မလင်းအေးမိုရ် | အထက-ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၁၃ | မောင်ဇေလင်းမြတ် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၄ | မောင်လင်းထက်ဦး | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ဇွဲမာန် | အထက(၂)ဒဂုံအရှေ့ | ဒဂုံအရှေ့ | အရှေ့ပိုင်း |
| ၁၁၆ | မမိုးပပဇော် | အထက (၁)သဃ်န်းကျွန်း | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မမိုးမြင့်မြတ် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၈ | မစုမြတ်ရွှေရည် | အထက(၂)ဒဂုံတောင် | ဒဂုံတောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ကျော်လင်းသန်း | အထက(၄)အလုံ | အလုံ | အနောက်ပိုင်း |
| ၁၂၀ | မောင်ရဲစွမ်းရည် | အထက(၂)ကမာရွတ် | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၁ | မမြတ်ရတနာပြည့်စုံ | အထက(၂)စမ်းချောင်း | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၂ | မဝင်းပြည့်ပြည့်ဇော် | လေ့ကျင့်ရေးအလယ်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ထက်အောင်လှိုင် | အထက(၁)သုံးခွ | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်သက်ကိုကိုအောင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၅ | မမေသူချစ် | အထက(၄)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မမေဖြိုးပွင့် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်ရဲမင်းအောင် | အထက(၁)အင်းစိန် | အင်းစိန် | မြောက်ပိုင်း |
| ၁၂၈ | မောင်မင်းဖြိုးသွင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၉ | မချိုချိုနှင်းအောင် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မစိုးယုယုနှင်း | အထက-မြို့မ | လှည်းကူး | မြောက်ပိုင်း |
| ၁၃၁ | မောင်ပိုင်ရှင်းသန့်ကျော် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၁၃၂ | မခိုင်ဇာဇာသင်း | အထက(၁)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မောင်ကောင်းစည်သူ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၄ | မနွေးနွေးအိန္ဒြေပိုင် | အထက(၂)ကလော | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ပြည့်စုံဟိဏ်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၆ | စိုင်းဆိုင်မှိုင်း | အထက-ကျေးသီး | ကျေးသီး | လွိုင်လင် |
| ၁၃၇ | မမြတ်သဥ္ဇာလင်း | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မသက်နှင်းပြည့် | အလက(ခွဲ) (၂)ဝမ်ကန် | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | မောင်နေအောင်လွင် | အလက-ဝိန်းကောင် | မိုးနဲ | လင်းခေး |
| ၁၄၀ | နန်းနီနီစိုး | အလက(ခွဲ)ဈေးတန်း | မောက်မယ် | လင်းခေး |
| ၁၄၁ | စိုင်းခေးလှိုင် | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၂ | စိုင်းဖြိုးဝေမိုး | အထက-ဟိုပန် | ဟိုပန် | လားရှိုး |
| ၁၄၃ | နန်းစံဖောင်း | အထက(၁)တန့်ယန်း | တန့်ယန်း | လားရှိုး |
| ၁၄၄ | မမေသက်ထားကို | အထက(၉)လားရှိုး | လားရှိုး | လားရှိုး |
| ၁၄၅ | မောင်အောင်ကျော်ထက် | အထက(၁)သီပေါ | သီပေါ | ကျောက်မဲ |
| ၁၄၆ | မောင်စိုင်းခွန်ဆိုင်ဖ | အထက(၂)နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၁၄၇ | မအိမ့်ဝတ်ရည်ဦး | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မနန်းရွှေရည်ဖူး | အထက-ကံကြီး၊နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မောင်ပြည့်ဖြိုးနိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၅၀ | မကျန်းမျော် | အထက-ကွတ်ခိုင် | ကွတ်ခိုင် | မူဆယ် |
| ၁၅၁ | မောင်စိုင်းထွန်းမြတ် | အထက(၇)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မနန်းစမ်ဆီဖောင်း | အထက(၁)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၃ | မောင်ပြုံးချို | အထက-တာချီလိတ် | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၄ | မောင်ထက်ရှိုင်းအောင်အောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |
| ၁၅၅ | မခိုင်ဇင်ဇင်လင်း | ရွှေမဟာ (ကပက) | တာချီလိတ် | မိုင်းဖြတ် |
| ၁၅၆ | မနာနူးလှိုင် | အလက-ပန်တားလေ | မိုင်းပျဉ်း | မိုင်းဖြတ် |
| ၁၅၇ | မောင်ရှင်းသန့် | အထက(၂)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၅၈ | မောင်သက်မှူးအောင် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၅၉ | နန်နွှေးပိုးအိမ် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၀ | မကြည်ရှင်းခန့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ပုသိမ် |
| ၁၆၁ | မောင်ပြည့်ဘုန်းပိုင် | အထက(ခွဲ)အလက(၁) | ဟင်္သာတ | ဟင်္သာတ |
| ၁၆၂ | မောင်ရဲမာန်အောင် | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၃ | မမေစွမ်းဆင့်ရည် | အထက-မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၄ | မပြည့်ပြည့်ဖြိုး | အထက(၁)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၅ | မောင်ရှိန်းမြတ်မင်း | အထက(၃)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၆ | မယမင်းကြည်ဖြူ | အထက-အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၆၇ | မောင်လင်းဘုန်းပြည့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၆၈ | မရွှန်းလဲ့လဲ့ဖြူ | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၆၉ | မောင်စွမ်းရည်ဝင်း | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၀ | မထက်ဝတ်ရည်မွန် | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၁ | မောင်အောင်ဘုန်းမော် | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၂ | မယဉ်ပပမင်း | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၃ | မောင်မင်းမဟော်ခ | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၄ | မအေးမြတ်မြတ်မွန် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၅ | မောင်ခိုင်စိုးဟန် | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မရှင်မိုးယံ | CAE (ကပက) | ဥတ္တရသီရိ | ဥတ္တရ |

# အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ (၂၃)ရက်**
**၂၀၁၆-၂၀၁၇ ပညာသင်နှစ်**
**အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ အခြေခံပညာအဆင့်၊ နဝမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

## အခြေခံပညာဦးစီးဌာန၊ ၂၀၁၇ ခုနှစ်၊ နဝမတန်း ဘက်စုံပညာထူးချွန်သူများစာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်စိုင်းပြည့်ဖြိုးမောင် | အထက-ဇီးလွန် | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မဂျာဆိုင်းထွယ် | အထက(၁)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စိုင်းခွန်မင်း | အထက(၁)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၄ | မငွါးမီမီလေး | အထက(၂)ဝိုင်းမော် | ဝိုင်းမော် | မြစ်ကြီးနား |
| ၅ | မောင်သက်ပိုင်ဦး | အထက-ဆားမှော် | မိုးကောင်း | မိုးညှင်း |
| ၆ | မရွှေရည်သက်ထွန်း | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၇ | မောင်စိုးမင်းပိုင် | စံ (ကပက) | ဗန်းမော် | ဗန်းမော် |
| ၈ | မဖူးဖူးပြည့်စုံ | အောင် (ကပက) | ဗန်းမော် | ဗန်းမော် |
| ၉ | မောင်ဖုန်ဇီအောင် | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၀ | မရင်ထန်ဆန်းဇီ | အထက-ဒုတ္ထန် | ပူတာအို | ပူတာအို |
| ၁၁ | မောင်ကိုကိုဇင် | အထက(၅)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၂ | မပန်းဖြူဖြူဝင်း | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်စိုင်းညီညီ | အထက-ဖားဆောင်း | ဖားဆောင်း | ဘော်လခဲ |
| ၁၄ | မနန်းရွှေရည်ဆန်း | အထက-ဘော်လခဲ | ဘော်လခဲ | ဘော်လခဲ |
| ၁၅ | စောညဏ်မြတ်စင် | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၁၆ | နန်းခိုင်မြမြဖူး | အထက(၁)ဘားအံ | ဘားအံ | ဘားအံ |
| ၁၇ | စောစည်သူဝင်း | အထက(၁)မြဝတီ | မြဝတီ | ကော့ကရိတ် |
| ၁၈ | မနှင်းနှင်းဝေ | အထက(၁)ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၁၉ | မအီယန်ခွန်းတီာလ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၀ | မောင်ဗန်ကျဲအိုအုပ် | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၂၁ | မောင်လာလ်ရမ်မွေး | အထက(ခွဲ)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၂ | မသဇင်ခိုင်ဝင်း | အထက(၂)ဖလမ်း | ဖလမ်း | ဖလမ်း |
| ၂၃ | မကီးရှိန်းအွယ် | အထက(၁)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၄ | မောင်ဟုန်းမာန် | အထက(၃)မင်းတပ် | မင်းတပ် | မင်းတပ် |
| ၂၅ | မောင်ကောင်းမင်းခန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၂၆ | မပန်းဝတ်ရည် | အထက(၁)မြင်းမူ | မြင်းမူ | စစ်ကိုင်း |

*ဆက်လက်ဖော်ပြပါမည်*

# မောင်တောဒေသတွင် ရေချိုငါး၊ ပုစွန်မွေးမြူရေးကို ကျယ်ကျယ်ပြန့်ပြန့် မွေးမြူနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိ

**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

ရခိုင်ပြည်နယ် မောင်တောဒေသရှိ ဒေသခံ ပြည်သူများ ရေချိုငါးပုစွန်မွေးမြူရေးကို ကျယ်ကျယ်ပြန့်ပြန့်မွေးမြူနိုင်ရန်နှင့် ရရှိလာသည့် ရေထွက်ကုန်ပစ္စည်းများကို နီးစပ်စွာရှိနေသည့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ လိုအပ်သည်များ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြောသည်။

"မောင်တောဒေသအတွင်းမှာရှိတဲ့ ပြည်သူလူထုရဲ့စားဝတ်နေရေး ချောင်ချိမှုတွေ၊ ရေလုပ်ငန်းနဲ့ပတ်သက်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မှုအတွက် လိုအပ်တဲ့အသိပညာတွေ ကြွယ်ဝဖို့ ဆောင်ရွက်ပေးနေသလို ငါးမျိုးဖြန့်ဖြူးမှု၊ ငါးနဲ့ပတ်သက်ပြီးတော့လည်း မွေးမြူမှု အတတ်ပညာတွေကိုတတ်နိုင်သလောက် မျှဝေဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်သည့်အလျောက် ရေငန်သာရှိသည့် မောင်တောဒေသတွင် ရေချိုငါးမွေးသည့်စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသတွင်း ငါးစားသုံးမှုဖူလုံလာစေရန်၊ ရေချိုငါးမွေးသည့် အလေ့အထများ တိုးလာစေရန်နှင့်ရေချိုငါး သားဖောက်မျိုးများဖြန့်ဖြူးပေးရန်တို့အတွက် ရေချိုငါးသား ဖောက်စခန်းများကို ငါးလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



မောင်တောမြို့ရှိ မြို့သူကြီး ရေချိုငါးသားဖောက်စခန်း

"အဓိကအကြောင်းရင်းကတော့ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ဒေသတွင်း ရေချိုငါးသယံဇာတတွေ တိုးပွားလာဖို့ ဖြစ်ပါတယ်။ ဒါကလည်း ဒီဒေသရဲ့လူဦးရေနဲ့ ငါးစားသုံး မှုဟာ မဖူလုံတဲ့အတွက်ကြောင့် ငါးပိုမိုထုတ်လုပ်နိုင်ဖို့ ဆိုပြီး အခုလိုဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ၎င်းက ဆက်လက်ပြောပြသည်။

မောင်တောခရိုင်အတွင်း ရေချိုငါးသားဖောက်စခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး မောင်တောမြို့ရှိမြို့သူကြီးငါးသားဖောက်စခန်းမှ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက "မြို့သူကြီး ရေချိုငါးသားဖောက်စခန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့ မောင်တောခရိုင်သားဖောက်စခန်းဆိုပြီးတော့ ဌာနက ဆောင်ရွက်နေတယ်။ ကျွန်တော်တို့ ဒီဒေသမှာ ရေချိုငါးမွေးတဲ့ အလေ့အထက အခုမှစခဲ့တာဆိုတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ တော်တော်လေးနည်းပါးပါတယ်။ မောင်တောခရိုင်ရုံးအနေနဲ့ပဲ ဦးစီးဦးဆောင်လုပ် ပြီးငါးသားဖောက်ထုတ်လုပ်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ရေချိုငါးမျိုးအနေနဲ့ လက်ရှိမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခေါင်းပွ၊ ထိုင်း ငါးခုံးမခေါ်တာပီယံ၊ တီလားပီးယားစတဲ့ငါးမျိုးတွေကို စတင်ဖောက်လုပ်ပါတယ်။ သားဖောက် ထုတ်လုပ်တဲ့ကောင်ရေက ၇၅၀၀၀ ကျော်လောက် ထုတ်လုပ်ပြီးပါပြီ"ဟု ပြောသည်။

ငါးသားဖောက်စခန်းမှ ထုတ်လုပ်ပြီး သားပေါက်တွေကိုလည်း ဒေသတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များဆီ လက်ဝယ်အရောက်ဖြန့်ဖြူးဆောင်ရွက်ပေးနေပြီး လက်ရှိမောင်တောဒေသတွင် ရေချိုးငါးမွေးမြူသည့် ဧက ၃၀၀ ကျော်ဖြန့်ဖြူးပေးထားကာ သားပေါက်ကောင် ၇၅၀၀၀ ကျော် ထည့်သွင်းမွေးမြူနေကြပြီဖြစ်ကြောင်း သိရသည်။

"နောက်တစ်ခုအနေနဲ့ ဒီဒေသမှာရှိတဲ့ ရေချိုအရင်းအမြစ်လေးတွေရှိပါတယ်။ အဲဒီထဲမှာ ဒီဒေသမှာရှိတဲ့ဒေသခံတွေစားသုံးနိုင်ဖို့ လယ်ကြားချောင်းလေးတွေမှာ ငါးမျိုးစိုက်ထည့်တာကိုလည်း လုပ်ပေးပါတယ်။ ဘူးသီးတောင်မြို့နယ်မှာဆို ရေချိုချောင်းရှိတဲ့အတွက် သဘာဝရေပြင်မှာ ငါးမျိုးစိုက်ထည့်တာလုပ်ပါတယ်" ဟု ၎င်းက ပြောသည်။

မောင်တောဒေသသည် ရေငန်ပုစွန်ကို အဓိကမွေးသည့်ဒေသဖြစ်သည့်အတွက် ခရိုင်အတွင်း၌ ရေချိုငါးမွေးသည့် အလေ့အထအလွန်နည်းပါးနေသေးသော်လည်း ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးလုပ်ငန်း သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းအရေအတွက် စုစုပေါင်း ၁၂ ကြိမ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသားအရေအတွက် ၆၀၀ ကျော်ကို ပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိ မောင်တောခရိုင်အတွင်း ရေချိုငါးမွေးသည့် အရေအတွက်မှာ ယခင်က ဧက ၁၀၀ ခန့်ရှိရာမှ ယခုအခါဧက ၃၀၀ ကျော်အထိ တိုးတက်လာသလို ရေချိုငါးမွေးသည့် လူဦးရေလည်း ယခင်က ၁၀ ဦးခန့်သာရှိရာမှ ယခုအခါ ရာချီရှိနေပြီဖြစ်ကြောင်း သိရသည်။

# အပိတ်ခံခဲ့ရသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို ပြန်လည်ဖွင့်လှစ်ပေးရန် တရုတ်အစိုးရ သဘောတူ

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-ဝတ်ရည်မွန်(AMIA)**

၂၀၁၅ ခုနှစ်အတွင်းက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ဘဏ်များတွင် အပိတ်သိမ်းခံခဲ့ရသည့် မြန်မာကုန်သည်များ၏ ဘဏ်စာရင်းများကို စိစစ်ပြီး ပြန်လည်ဖွင့်လှစ်ပေးသွားရန် ယူနန်ပြည်နယ်အစိုးရက သဘောတူလိုက်ပြီဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။



မူဆယ်နယ်စပ်တွင် အရောင်းအဝယ်လုပ်နေသည့် မြန်မာကုန်သည်များသည် တရုတ်ကုန်သည်များနှင့် အရောင်းအဝယ်၊ ငွေပေးချေမှုများလုပ်ရာတွင် လွယ်ကူစေရန်အတွက် ယူနန်ပြည်နယ်ရှိ ဘဏ်များတွင် စာရင်းဖွင့်လှစ်ထားခြင်းဖြစ်ပြီး ယူနန်ပြည်နယ်အစိုးရမှ မူးယစ်ဆေးဝါး ကုန်သွယ်မှုသံသယရှိသူများ၊ တရားမဝင်ကုန်သွယ်မှုသံသယရှိသူများ၏ ဘဏ်အကောင့်များနှင့်အတူ ပိတ်သိမ်းခံခဲ့ရခြင်း ဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးချမ်းသာဦးက ပြောသည်။

"အဲ့ဒီအချိန်တုန်းက မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်တဲ့ ကုန်သည်တွေရဲ့ အကောင့်တွေကို ပိတ်ရင်းနဲ့ ကျွန်တော်တို့ ကုန်သည်တွေရဲ့ စာရင်းတွေကိုပါ ပိတ်သွားတာ။ အဲ့ဒါလည်း အခု တရုတ်ကို ပို့နေတဲ့ ဆန်၊ ပြောင်း၊ သကြားတွေကို ကျွန်တော်တို့ဘက်က တရားဝင်ပို့နေပေမယ့် သူတို့ဘက်က တရားမဝင်ကုန်သွယ် မှုအဖြစ် သတ်မှတ်ထားတော့ ဘဏ်စာရင်းတွေကိုလည်း တရားမဝင် ဘဏ်စာရင်းဆိုပြီး ပိတ်လိုက်တာ" ဟု ၎င်းက ပြောသည်။

ထိုအချိန်က တရုတ်နိုင်ငံတွင် ဘဏ်စာရင်းဖွင့်လှစ်ထားသည့် မူဆယ်ကုန်စည်ဒိုင် အသင်းဝင်ကုန်သည် ၂၂ဦး အပါအဝင် အခြားကုန်သည်များ၏ ဘဏ်စာရင်းများကို တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင် ငွေလွှဲပြောင်းမှုများ ရှိသည်ဟုဆိုကာ ဘဏ်စာရင်းများကို ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းကို ဝင်ထားတဲ့ ဆန်ကုန်သည်၊ ပဲကုန်သည်၊ သကြားကုန်သည် စုစုပေါင်း ၂၂ ဦးကတော့ အပိတ်ခံရတဲ့ထဲမှာ ပါသွားတယ်။ အခြားကုန်သည်တွေလည်း အပိတ်ခံလိုက်ရတာ ရှိတယ်။ ဒါပေမယ့် အသင်းမဝင်ထားတော့ ဘယ်နှစ်ဦးရှိတယ်ဆိုတာ မသိဘူး" ဟု ၎င်းကပြောသည်။

လက်ရှိတွင် မြန်မာကုန်သည်များ၏ အပိတ်ခံထားရသည့် ဘဏ်စာရင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် ဘဏ်စာအုပ်အမည်၊ ဘဏ်စာအုပ်မိတ္တူ၊ ဘဏ်စာရင်း နံပါတ်များကို မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ယခုမတ် ၂၄ ရက် နောက်ဆုံးအရောက် ပို့ပေးကြရန် အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်ထားသည်။

မူဆယ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်နေသည့် ကုန်သည်အများစုသည် တရုတ်ကုန်သည်များနှင့် ငွေပေးချေမှု လွယ်ကူလျင်မြန်စေရန်အတွက် တရုတ်နိုင်ငံရှိ ဘဏ်များတွင် ငွေစာရင်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

# တောင်ငူခရိုင်အတွင်း ကျောင်းသားကျောင်းသူများအား စိုက်ပျိုးရေးပညာရပ်များပို့ချ

**ထန်းတပင် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ အထကကျောင်းလေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း စိုက်ပျိုးရေးပညာရပ်များသင်ကြားပို့ချ ပေးလျက်ရှိကြောင်း သိရသည်။ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် လူသားအရင်းအမြစ်ဆိုင်ရာမြင့်မားတိုးတက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် ထန်းတပင်မြို့နယ်အတွင်းရှိ ကင်ပွန်းခြံ၊ ဇရပ်ကြီး၊ ထန်းတပင်(အထက)ကျောင်းများနှင့် အင်းကျော် အထက(ခွဲ)ကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးပညာရပ်များတွင် စပါး၊ ပဲအမျိုးမျိုး၊ ဝါနှင့် လျှော်မျှင်များအကြောင်း၊ ပိုးသတ်ဆေးသုံးစွဲပုံနှင့်အသုံးပြုပုံ၊ ဓာတ်မြေဩဇာသုံးစွဲနည်းစနစ်များပါဝင်ကာ စာသင်ခန်းအတွင်း သင်ကြားခြင်းအပြင် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းများပါဝင်ကြောင်းသိရသည်။အဆိုပါ သင်တန်းများကို တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်များ၌ ကျောင်းတစ်ကျောင်းလျှင်သုံးရက်နှုန်းဖြင့် ဧပြီလသုံးရက်နေ့အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် သင်တန်းဖွင့်လှစ်

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ**



ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ် (Geographic Information System -GIS) နှင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို အဝေးမှ ထောက်လှမ်းကြည့်ရှုနည်းစနစ် (Remote Sensing) နည်းပညာများ အသုံးပြုကာ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် ရည်ရွယ်၍ GIS and RS Training သင်တန်းကို မတ်လ တတိယပတ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

" GIS နည်းပညာက စိုက်ပျိုးရေးကဏ္ဍမှာ တကယ်ကို အသုံးဝင်တဲ့ နည်းပညာတစ်ခုပါ။ ဥပမာ- မိုးရေချိန်၊ အပူချိန်၊ သီးနှံတွေရဲ့ အထွက်နှုန်းတွေ၊ ကိန်းဂဏန်း အချက်အလက်တွေကို စုဆောင်းပြီး မြေပုံပေါ် mapping လုပ်လိုက်တယ်။ သဘာဝရေ၊ မြေ၊ ရာသီဥတုအခြေအနေတွေနဲ့ ဒေသအလိုက် စိုက်ပျိုးနိုင်တဲ့ အခြေအနေတွေကို မြေပုံပေါ်မှာ ပေါင်းစပ်ပေးလိုက်ခြင်းအားဖြင့် ပိုပြီး ထိရောက်ကောင်းမွန်တဲ့ ရေ၊ မြေ၊ ရာသီဥတု သဘာဝအခြေအနေတွေနဲ့ ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်တွေ ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး ဒီနည်းပညာကို သုံးပြီးတော့ အရင်တုန်းက စိုက်ပျိုးခဲ့တဲ့ နည်းစနစ်တွေ၊ မြေအနေထားတွေကိုလည်း mapping လုပ်ပြီး ဘယ်လို မြေမျိုးမှာ ဘယ်လိုသီးနှံတွေကို ဘယ်လို စိုက်နည်းစနစ်တွေနဲ့ စိုက်နိုင်မလဲ၊ ဘယ်လို ရာသီဥတုမျိုးနဲ့ သင့်တော်မလဲ၊ မြေအာဟာရဓာတ်တွေ ကောင်းမွန်အောင် ဘယ်လိုလုပ်ပေးရမလဲ စတာတွေကို ကြိုတင်ခန့်မှန်းလို့ရပါတယ်။ အခုတော့ ဆရာ ဆရာမတွေကို သင်တန်းပေးနိုင်တဲ့အဆင့်ပေါ့။ နောက်ဆိုရင် တောင်သူတွေကိုပါ ဒီလိုသင်တန်းတွေ ပေးနိုင်ခဲ့မယ်ဆိုရင် တောင်သူတွေအတွက်ရော နိုင်ငံအတွက်ပါ အလွန်အကျိုးရှိစေမှာ ဖြစ်ပါတယ်" ဟု သင်တန်းဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ခဲ့သူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကထိက ဆရာမ တစ်ဦးကပြောသည်။

သင်တန်းကာလမှာ မတ် ၁၈ ရက်မှ ၂၅ ရက်အထိဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းကို ဂျပန် နိုင်ငံ Geographic Information System (GIS) နှင့် Remote Sensing ပညာရှင် Dr.Kazuo Watanabe က လာရောက်ပို့ချပေးခဲ့ကြောင်း သိရသည်။

"သင်တန်းမှာ ထူးခြားတာက GIS အကြောင်းကို ပထမဆုံးရက်မှာ စတင်မိတ်ဆက်သင်ကြားပေးပြီး Drone နဲ့ စိုက်ကွင်းတွေက ဒေတာ အချက်အလက်တွေ ဘယ်လိုကောက်ယူရမလဲဆိုတာ သင်ကြားပေးခဲ့ပါတယ်။ သင်တန်းမှာ လေ့ကျင့်ခန်းကိုးခုနဲ့ ဆောင်ရွက်သွားခဲ့ပြီး စာသင်ခန်းမှာ Drone အကြောင်း အသေးစိတ်သင်ပေးခြင်း၊ စာသင်ခန်းပြင်ပစိုက်ကွင်းတွေမှာ Drone 3D Mapping လုပ်ရန် အစီအစဉ်ရေးဆွဲခြင်း၊ Processing, analyzing နဲ့ Mapping ဆောင်ရွက်ခြင်းစသဖြင့် လုပ်ငန်းဆိုင်ရာတွေ ပို့ချခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဤသင်တန်း ဖွင့်လှစ်ခြင်းဖြင့် Geographic Information System (GIS) နှင့် Remote Sensing နည်းပညာအသုံးပြုကာ အပင်ဦးရေပမာဏ၊ အထွက်နှုန်း၊ မြေသြဇာလိုအပ်မှု၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး လိုအပ်မှု၊ ပိုးမွှားရောဂါ ကျရောက်ခြင်းကို ကြိုတင်ခန့်မှန်းနိုင်မှု၊ ကောင်းကင်ဓာတ်ပုံ အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်နိုင်မှု၊ သီးနှံများ၏ ရေလိုအပ်မှုစသည်တို့ကို ပိုမိုသိရှိလာစေရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်၊ အစည်းအဝေးခန်းမ (၂) ၌ ပြုလုပ်ခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများတက်ရောက်ခဲ့ကြောင်း သိရသည်။

# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့်သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ- ကိုတင့်**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံ (RC) ဟာ ဈေးတက်လာပြီး အတက်ဈေးနဲ့ရှိနေပါတယ်။ ပဲတီစိမ်းကတော့ ဈေးအနည်းငယ်ကျဆင်းသွားပြီး ကြက်သွန်နီကတော့ နှစ်ပတ်ဆက်တိုက် ဈေးတက်နေပါတယ်။ ကြက်သွန်ဖြူဈေးကတော့ ဆက်တိုက်ကျဆင်းနေပါတယ်။ နှမ်းမျိုးစုံကတော့ ဒီတစ်ပတ်မှာ ဈေးငြိမ်နေပါတယ်။

**မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံနီ (RC) ဈေးတက်**

မတ်လ တတိယအပတ်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီက ဈေးဆက်တိုက်ကျဆင်းနေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်လာပြီး အတက်ဈေးနဲ့ရှိနေပါတယ်။ တတိယအပတ်မှာ မတ်ပဲက ငွေကျပ် ၁၁၀၁၀၀၀ နဲ့ဈေးပိတ်ခဲ့ပြီး တနင်္လာနေ့မှာတော့ ငွေကျပ် ၁၁၂၈၀၀၀ နဲ့ ဈေးစဖွင့်ခဲ့ပါတယ်။ သောကြာနေ့မှာတော့ ငွေကျပ် ၁၁၃၂၀၀၀ ဈေးရှိခဲ့ပြီး တစ်ပတ်အတွင်းငွေကျပ် ၃၀၀၀ ဈေးတက်ခဲ့ပါတယ်။

ပဲစင်းငုံကလည်း ဒီတစ်ပတ်မှာ အနည်းငယ်သာ ဈေးတက်ခဲ့တာပါ။ တနင်္လာနေ့မှာငွေကျပ် ၇၅၃၅၀၀ ဈေးစဖွင့်ခဲ့ပြီး တစ်ပတ်အတွင်းထောင်ဂဏန်းလောက်သာ ဈေးအပြောင်းအလဲဖြစ်ခဲ့ပါတယ်။ သောကြာနေ့မှာတော့ ငွေကျပ် ၇၇၉၄၀၀ ဈေးပိတ်ခဲ့ပြီး ငွေကျပ် ၂၅၀၀၀ နီးပါး ဈေးတက်ခဲ့ပါတယ်။

**ပဲတီစိမ်းဈေး အနည်းငယ်ကျ**

ပဲတီစိမ်းက မတ်လဒုတိယပတ်ကနေစပြီး ဈေးဆက်တိုက်တက်ခဲ့ပေမယ့် စတုတ္ထအပတ်မှာတော့ ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်ပိဿာငွေကျပ် ၂၀၅၀ အထိ ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ငွေကျပ် ၂၀၃၀ သာ ဈေးရှိပါတော့တယ်။

**ကြက်သွန်နီဈေး ဆက်တိုက်တက်**

ကြက်သွန်နီ (ဆိပ်ဖြူ၊တောင်တွင်း၊ မြင်းခြံ၊ မြစ်သား) က နှစ်ပတ်ဆက်တိုက် ဈေးတက်နေပါတယ်။ တတိယအပတ်မှာ ငွေကျပ် ၁၂၀၀ နဲ့ ဈေးပိတ်ခဲ့ပြီး ဒီတစ်ပတ်မှာတော့ ၁၂၇၅ ကျပ်နဲ့ တစ်ပတ်အတွင်း တစ်ပိဿာကို ၇၅ ကျပ် ဈေးတက်လာပါတယ်။

**ကြက်သွန်ဖြူဈေးအတက်အကျရှိ**

ကြက်သွန်ဖြူကတော့ မတ်လ တတိယတစ်ပတ်လုံး ဈေးငြိမ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တဖြည်းဖြည်း ဈေးကျဆင်းခဲ့ပြီး သောကြာနေ့မှာတော့ တစ်ပိဿာကိုငွေကျပ် ၂၇၀၀ ကနေ ၃၀၀၀ အထိ ဈေးရှိခဲ့ပါတယ်။

**နှမ်းမျိုးစုံ ဈေးအတက်အကျအပြောင်းအလဲ အနည်းငယ်ရှိ**

နှမ်းမျိုးစုံ ဈေးအတက်အကျ အပြောင်းအလဲ အနည်းငယ်ရှိခဲ့ပြီး တစ်ပတ်လုံး အတက်ဈေးနဲ့ဈေးငြိမ်နေပါတယ်။

**နှမ်းနက်**

နှမ်းနက်က အရင်အပတ်က ဈေးအတက်နဲ့ ဈေးပိတ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ငွေကျပ် ၅၀၀၀ လောက်သာ ဈေးကျခဲ့ပြီး တစ်ပတ်လုံးတစ်အိတ် ငွေကျပ် ၁၀၀၀၀၀ နဲ့ ဈေးငြိမ်ခဲ့ပါတယ်။

**နှမ်းဖြူ**

နှမ်းဖြူက တတိယအပတ်သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀နဲ့ ဈေးပိတ်ခဲ့ပြီး တနင်္လာနေ့မှာတော့ငွေကျပ် ၁၀၇၀၀၀ နဲ့ ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ သောကြာနေ့ဈေးပိတ်တဲ့နေ့မှာတော့ ငွေကျပ် ၁၀၃၀၀၀ နဲ့ ဈေးကျသွားခဲ့ပါတယ်။

**ပန်းနှမ်း**

နှမ်းမျိုးစုံက ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ပန်းနှမ်းကတော့တစ်ပတ်လုံး တစ်အိတ်ကိုငွေကျပ် ၇၃၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**ဖရဲသီး ၈၅၅ နဲ့ ရွှေသခွားမွှေးသီး ဈေးအဆမတန်ကျဆင်း**

မူဆယ်ကုန်စည်ဒိုင်မှာ တရုတ်ကို အဓိက တင်ပို့နေတဲ့ ဖရဲသီး ၈၅၅ နဲ့ ရွှေသခွားမွှေးသီးတို့က ဒေသတွင်း တိုက်ပွဲတွေ၊သစ်သီးကားတွေကို ပိတ်ဆို့စစ်ဆေးနေတာတွေကြောင့် အရည်အသွေးမှာ ထိခိုက်ပြီး အဆမတန် ဈေးကျဆင်းသွားပါတယ်။

မတ်လ တတိယပတ်မှာ ဖရဲသီး ၈၅၅ က တစ်တန်ကို ငွေကျပ် ၄၉၉၂၀၀ ဈေးရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၃၄၇၀၀၀ ကျော်သာ ရှိပါတော့တယ်။ တစ်ပတ်အတွင်းကို ငွေကျပ် နှစ်သိန်းနီးပါး ဈေးကျဆင်းသွားတာပါ။

ရွှေသခွားမွှေးသီးကလည်း ဖရဲသီး ၈၅၅ နည်းတူပါပဲ။ အရင်အပတ်မှာ တစ်တန်ကို ငွေကျပ် ၆၉၁၂၀၀ ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာ ငွေကျပ် ၅၇၉၀၀၀ ရှိခဲ့ပါတယ်။

**ကုလားပဲလုံး ဈေးကျ**

ကုလားပဲလုံးကလည်း ဒီတစ်ပတ်မှာ တစ်ပိဿာကို ၅၀ ကျပ်လောက်ဈေးကျဆင်းသွားပြီး ငွေကျပ် ၁၉၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။

**မန်ကျည်းတောင့် (ပခုက္ကူ)**

မန်ကျည်းတောင့် (ပခုက္ကူ)က မတ်လတတိယတစ်ပတ်လုံး ဈေးအတက်နဲ့ ရှိနေခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၆၄၀ဈေးပိတ်ခဲ့ပြီး တစ်ပတ်လုံးငွေကျပ် ၄၀၀ ကျော်လောက် ဈေးကျဆင်းသွားပါတယ်။



## ဘုရင့်နောင်တွင် ဒိုင်ဖွင့်ရက် ၁၁ ရက်အတွင်း မတ်ပဲတန်ချိန်သုံးသောင်းကျော်အရောင်းအဝယ်ဖြစ်

**ခင်ဆိုင်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဒိုင်ဖွင့်ရက် ၁၁ ရက်အတွင်းမတ်ပဲ (FAQ/RC) ကုန်သေတ္တာအလုံးရေ ၁၃၈၀ အရောင်းအဝယ်ဖြစ်သည်ဟု ပဲဈေးနှုန်းနေ့စဉ်ဖော်ပြချက်များမှ သိရသည်။

ကုန်သေတ္တာတစ်လုံးလျှင်ပဲ ၂၄ တန်နှုန်းရှိတတ်၍ အရောင်းအဝယ်ဖြစ်သည့် တန်ချိန်မှာ ၃၃၁၂၀ ရှိသည်။

မတ် ၁၃ ရက်မှ ၂၄ ရက်အထိဒိုင်ဖွင့်ရက်၁၁ ရက်အတွင်းနေ့စဉ်နီးပါးကုန်သေတ္တာအလုံးရေ ၁၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၂၁ ရက်တွင်မူ ၁၉၀ အရောင်းအဝယ် ဖြစ်လာသည်။

ယခုနှစ် မတ် ၄ ရက် မတိုင်မီအထိ မတ်ပဲ RC တစ်တန်ဈေးမှာငွေကျပ် ၁၀ သိန်းအောက်တွင်သာရှိခဲ့ပြီး မတ် ၂၂ ရက်တွင် ငွေကျပ် ၁၁၅၈၀၀၀ နှုန်းအထိ မြင့်တက်လာကာ မတ် ၂၄ ရက်တွင်မူ ငွေကျပ် ၁၁၃၂၀၀၀ နှုန်းသာရှိသည်။ သို့သော်မတ်ပဲ SQ/RC တစ်တန်ဈေးမှာ မတ် ၂၃ ရက် တွင် ငွေကျပ် ၁၄ သိန်းသို့ ဈေးမြင့်တက်လာသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ ပြည်ပသို့ မတ်ပဲ တန်ချိန် ငါးသိန်းဝန်းကျင် တင်ပို့ထားသည်ဟု သိရသည်။

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၁၄၇၁၀၀၀ နှုန်း၊ ပဲစင်းငုံနီမှာ ငွေကျပ် ၁၄၀၆၀၀၀ နှုန်းရှိခဲ့သည်ဟု ဈေးနှုန်းစာရင်းဟောင်းများမှ သိရသည်။

၂၀၁၇ မတ် ၂၄ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၁၁၃၂၀၀၀၊ ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၇၇၉၄၀၀ နှုန်းသာရှိနေ၍ ယခုရက်ဈေးမှာ ယခင်နှစ်ကာလတူထက် မတ်ပဲတစ်တန်ငွေကျပ်သုံးသိန်းဝန်းကျင်၊ ပဲစင်းငုံနီမှာ တစ်တန်လျှင် ငွေကျပ် ခြောက်သိန်းကျော်ဈေးနှုန်းနည်းနေသည်ဟု သိရသည်။

ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၉၀၅၀၀၀၊ ဖေဖော်ဝါရီ၂၁ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၇၂၀၀၀၀ နှုန်းသာရှိရာမှ မတ်ပဲမှာဈေးကွက်တွင် ထူးခြားစွာ တစ်တန်လျှင် တစ်လကျော်ကာလအတွင်း ငွေကျပ်နှစ်သိန်းကျော် ဈေးတက်လာသဖြင့် အရောင်းအဝယ်မြင့်တက်လာ၍ မတ်ပဲ စိုက်ပျိုးသူနှင့်အတူ ပဲကုန်သည်များ မျှော်လင့်ချက်များလာသည်ဟု သိရသည်။ ပြည်ပပို့မတ်ပဲ FAQ တစ်တန် ၈၅၅၊ ၈၈၅ ဒေါ်လာနှုန်း မတ် ၂၄ ရက်တွင်ရှိပြီး ယခင်နှစ်၂၀၁၆ ခုနှစ် ကာလတူ မတ် ၂၄ ရက်တွင်မှ ၁၂၄၅၊ ၁၂၇၅ ဒေါ်လာနှုန်း အထိရှိခဲ့သည်။

ပြည်တွင်းပဲဈေးကွက်သည် အဓိကဝယ်လက်ဖြစ်နေသော အိန္ဒိယ၏ ပဲဝယ်လိုအားပေါ်ပြောင်းလဲနေသည်။ အိန္ဒိယ၏ ပဲလိုအပ်ချက်များခဲ့သော ၂၀၁၅ ခုနှစ်တွင် မြန်မာပြည်တွင်းမတ်ပဲဈေးမြင့်တက်မှုများခဲ့သည်။

# သစ်တောများ ထိန်းသိမ်းခြင်း ၁၀နှစ်စီမံချက်ဖြင့်ဖော်ဆောင်မည်

မွန်ပြည်နယ် ရေးမြို့နယ်မာန်အောင်သစ်တောကြိုးဝိုင်းအတွင်းမှ ဒေသခံတောင်သူများမှ ၂၀၁၁ ခုနှစ်မတိုင်မီကျူးကျော် ဝင်ရောက်စိုက်ပျိုးထားသည့် ရော်ဘာ၊ ကွမ်းသီးခြံများကို စာရင်းကောက်ယူပြီး နှစ် ၃၀ မြေငှားဂရန်စာချုပ်ကို သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်အတွင်း ဆက်လက်လုပ်ပိုင်ခွင့်ပြုထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနထံမှ သိရသည်။

အဆိုပါ သစ်တောကြိုးဝိုင်းတွင် ကျူးကျော်စိုက်ပျိုးတောင်သူ ၆၃ ဦး၏ ဥယျာဉ်ခြံမြေကေပေါင်းမှာ ၅၀၂ ဧကရှိရာတွင် အများဆုံးစိုက်ပျိုးထားသောရော်ဘာပင်များဖြစ်ကြပြီး ကွမ်းသီးပင်နှင့်အခြားရာသီပေါ်များကိုပါ စိုက်ပျိုးထားရှိပါကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းအေးကပြောသည်။

ရေးမြို့နယ်အတွင်း ရေးချောင်းသစ်တောကြိုးဝိုင်းအတွင်း ဝင်ရောက်ကျူးကျော်စိုက်ပျိုးထားသည့် တောင်သူများအား လက်ရှိတွင်နယ်မြေ လုံခြုံရေးအရ သစ်တောဦးစီးဌာနအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးထားခြင်း မရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးသစ်တောများ ပြန်လည်ကောင်းမွန်လာစေရေးအတွက် သစ်တောများပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ၁၀ နှစ်စီမံချက်ဖြင့် အကောင်အထည်ဖော်သွားရန် ရှိနေကြောင်း သိရသည်။

ရေးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့်လည်း စိုက်ခင်းများတည်ထောင်ခြင်း ဓမ္မတာမျိုးဆက်ခြင်းအထောက် အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်းကို စိုက်ခင်းဟောင်းများပြန်လည်ဆယ်တင်ခြင်း စသည့်သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်၍ ကမ်းရိုးတန်းတစ်လျှောက်ရှိ သစ်တောများ ပြန်လည်ကောင်းမွန်လာစေရေးကိုလည်း ဒေသခံပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**





# ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် Korea Rural Community Corporation (KRC) မှ ဥက္ကဋ္ဌ Dr. Chung Seung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၂၄ ရက်က ပြည်ထောင်စုဝန်ကြီး ရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ကျေးရွာသစ် ဖွံ့ဖြိုးရေးစီမံကိန်း Saemaul Undong Project ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ လယ်ယာကဏ္ဍဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်မှု စီမံကိန်းလုပ်ငန်းများကို လည်းကောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မိုးစပါးသီးနှံ ရေကြီးနစ်မြုပ်မှုအပေါ် ထောက်ပံ့ကြေးပေးအပ်

**သုံးခွ မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ၂၀၁၆ခုနှစ် စိုက်ပျိုးရာသီ၌ သဘာဝဘေးဒဏ်ကြောင့် မိုးစပါးစိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်၊ ပျက်စီးဆုံးရှုံးခြင်း အပေါ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မတ်လတတိယပတ်က ကျင်းပခဲ့ ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်အောင်တို့က သဘာဝဘေးဒဏ်ကြောင့် မိုးစပါးသီးနှံ ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးမှုအပေါ် ထောက်ပံ့ကြေး ငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားပြီး ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၂၇၂ ဦးအား ၉၉၈ ဧကအတွက် တစ်ဧက ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၉၉၈၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် တောင်သူတစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# တနင်္သာရီ၌ ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီး၍ လယ် ၂၆၃ ဧကအတွက် မျိုးစပါးဖိုးထောက်ပံ့ငွေ ပေးအပ်

**တနင်္သာရီ မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် တမုတ်ချုန်းကျေးရွာအုပ်စုနှင့် ကျောက် တလုံးကျေးရွာအုပ်စု တို့မှကျေးရွာများတွင် ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အတွင်း ရတ်တရက်ရေကြီးမှုကြောင့် နွေစပါးများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့၍ ပြန်လည် စိုက်ပျိုးခဲ့သော တောင်သူလယ်သမား ၄၆ ဦးတို့၏ လယ်မြေ ၂၆၃ ဧကအတွက် မျိုးစပါးဖိုးထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ရှမ်းအင်းတော်ရွာ၌ မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက မိမိအနေဖြင့် တောင်သူများအတွက် အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းများအား အစဉ်တစိုက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ် ရေးမှူး ဦးထွန်းမင်းနိုင်မှ ရေကြီးနစ်မြုပ်မှုနှင့်ပြန်လည်စိုက်ပျိုးမှုအပေါ် ထောက်ပံ့ပေးအပ် ရခြင်းကို ပြောကြားခဲ့သည်။

ထို့နောက် တောင်သူ ၄၆ ဦးတို့၏ လယ်မြေ ၂၆၃ ဧကအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဧကလျှင် မျိုးစပါးနှစ်တင်းနှုန်းဖြင့် ထောက်ပံ့ပေးငွေကျပ် ၃၆၈၂၀၀၀ ကို မျိုးစပါးဖိုးထောက်ပံ့ငွေကျပ် ၁၄၀၀၀ စီဖြင့် တောင်သူ ၄၆ ဦးတို့ထံ တစ်ဦးချင်း ပေးအပ်ခဲ့ကြခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဧရာဝတီလင်းပိုင်များကို နိုင်ငံခြားသားခရီးသည်များ လာရောက်ကြည့်ရှုမှု များပြားလာ

**ထက်အောင်** (AMIA)၊
**မာတ်ပုံ ကိုအောင်**(AMIA)

မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်လာသည့် ဧရာဝတီလင်းပိုင်များကို နိုင်ငံခြားသားခရီးသွားဧည့်သည်များက စိတ်ဝင်တစား လာရောက်ကြည့်ရှုမှု များပြားလာသည့်အတွက် ဖမ်းဆီးသတ်ဖြတ်မှုများ လျော့ကျလာကြောင်း ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

ယင်းကဲ့သို့ ဧရာဝတီလင်းပိုင်များ ဖမ်းဆီးသတ်ဖြတ်မှုများ ထိန်းသိမ်းရာတွင် ခရီးသွားလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ၂၀၁၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ စတင်၍ စနစ်တကျလုပ်ဆောင်နိုင်ခဲ့ကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တာဝန်ခံ ဦးဟန်ဝင်းက ပြောသည်။

"ဧရာဝတီလင်းပိုင်တွေကို လာရောက်ကြည့်ရှုတဲ့ နိုင်ငံခြားသားတွေကို ဒေသထွက်ပစ္စည်းတွေနဲ့ ဒေသအစားအစာတွေကို ချက်ပြုတ်ရောင်းချပြီး ဒေသခံတွေ အပိုဝင်ငွေရရှိစေဖို့ စီစဉ်ပေးထားတဲ့အတွက် လင်းပိုင်တွေကို ရေလုပ်သားတွေနဲ့ ဒေသခံတွေကလည်း ပူးပေါင်းကာကွယ်လာကြတယ်" ဟု ၎င်းက ပြောသည်။

ဧရာဝတီလင်းပိုင်များကို လာရောက်ကြည့်ရှုသည့် ကျေးရွာများမှ ဒေသခံများ ဝင်ငွေရရှိစေရန်အတွက် ဟင်းချက်သင်တန်းများ ပေးထားပြီး နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ချက်ပြုတ်ကျွေးမွေးနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များမှာ ရှော့တိုက်ငါးဖမ်းခြင်း ပိုက်ကွန်ဖြင့် ငြိခြင်းတို့ကြောင့် သေဆုံးမှုများ ဖြစ်ပေါ်နေသဖြင့် တစ်လလျှင် နှစ်ကြိမ်ခန့် ဒေသခံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ထိန်းသိမ်းရေး ရေယာဉ် အတွင်း ကင်းလှည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့်သား/ငှက် စောင့်ကြည့်ရေးအဖွဲ့တို့က ၂၀၀၂ ခုနှစ်မှ စတင်၍ ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ဧရာဝတီလင်းပိုင် ၇၂ ကောင်အထိ အများဆုံးတွေ့ခဲ့ပြီး အခြားနှစ်များတွင် ကောင်ရေ ၆၀ ကျော်သာ တွေ့ရှိခဲ့ကြောင်း သိရသည်။



# မြစိမ်းရောင်စီမံကိန်း လုပ်ငန်းဆွေးနွေး

**တောင်ငူ မတ် ၂၆**

တောင်ငူမြို့နယ် အင်ဒိုင်းကျေးရွာ သာသနာ့သိပ္ပံ ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မတ်လတတိယပတ်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်တင်ဝင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးတို့မှ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူ ကျေးရွာမြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် ဘဏ္ဍာရေးကော်မတီဝင်များမှ မြစိမ်းရောင်စီမံကိန်း၏ ကောင်းကျိုး၊ အခက်အခဲများကို အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြသည်။

နှစ်ပတ်လည် ဆွေးနွေးပွဲ ကျင်းပခဲ့ခြင်းဖြင့် မြစိမ်းရောင် စီမံကိန်းဝင် ကျေးရွာများ တွေ့ဆုံခဲ့ကြပြီး တစ်ရွာချင်း စီ၏ အားနည်းချက် အားသာချက်များကို ကျေးရွာအချင်းချင်း အပြန်အလှန် တွေ့ဆုံဖလှယ်ကြကာ မြို့နယ်ကျေးလက်ဦးစီးဌာနမှ လိုအပ်သည်များကို ထပ်မံဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

## တာဖို့ရာတွင် ပါဝင်သောမြေယာများအတွက် လျော်ကြေးငွေပေးအပ်ပွဲကျင်းပ

**ညောင်လေးပင် မတ် ၂၆**
ညောင်လေးပင်မြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနက ဆောင်ရွက်သည့် တာဦး-ဆင်ရွာ ရေလွှဲထိန်းတာဖို့ခြင်းလုပ်ငန်းတွင် ပါဝင်သွားသည့် မြေယာများအတွက် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထင်းကုန်းကျေးရွာနှင့် ကျောက်ပုံကျေးရွာတို့မှ တောင်သူများထံသို့ မြေယာ ၂၉ ဒသမ ၄၄ ဧကအတွက် မြေယာလျော်ကြေးငွေ ကျပ် ၃၀၉ သိန်းကျော်ကို ပေးအပ်ခဲ့သည်။

အဆိုပါ တာဦး-ဆင်ရွာ ရေလွှဲထိန်းတာသည် အလျား ၂၉ မိုင်၊ ပျမ်းမျှအမြင့် ၁၂ပေ၊ တာထိပ်အကျယ် ၁၂ပေ၊ တာအောက်ခြေအကျယ် ၄၈ ပေရှိပြီး အကျိုးပြုရေယာမှာ ဧက ၁၀၀၀၀ ရှိကြောင်း၊ စစ်တောင်းမြစ်ဝှမ်းဒေသ (ပြွန်တန်ဆာလွင်ပြင်) ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## နွေသီးနှံ စံပြကွက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း မတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးထားသည့် နွေသီးနှံ စံပြစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ် ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးနိုင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေ၊ ခရိုင်သီးနှံပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ဦးစီးအရာရှိ ဒေါ်ခင်မျိုးအေးတို့ ဦးဆောင်သည့်အဖွဲ့က နွေစပါးစံပြကွက်များ၊ မိုးကြိုနှမ်းစံပြကွက်များ၊ မိုးကြိုပဲတီစိမ်းစံပြကွက်များသို့ သွားရောက်ပြီး ကွင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ရေးအတွက် ဖျက်ပိုးဝင်ရောက်ခြင်းမရှိစေရန်၊ မြေသြဇာပက်ဖျန်းခြင်းကို စနစ်တကျဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်သူများအား စနစ်တကျစိုက်ပျိုးခြင်း၏ အားသာချက်များကို အသိပညာပေးနိုင်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ကြုံတွေ့ရသည့်အခက်အခဲများကို အနီးကပ်ဖြေရှင်းပေးနိုင်ရန်၊ တစ်နှစ်ထက်တစ်နှစ် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်စေရန်၊ ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် စိုက်နည်းစနစ်များကို တောင်သူများ မျက်မြင်ကိုယ်တွေ့ ရွေးချယ်စိုက်ပျိုးတတ်လာစေရန် ရည်ရွယ်၍ နွေသီးနှံ စံပြကွက်များကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားခြင်းဖြစ်ကြောင်းသိရသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**

## ငွေတချောင်းမြောင်းကို စက်ယန္တရားများအသုံးပြု၍ ဆယ်ယူရှင်းလင်း

**မန္တလေး မတ် ၂၆**
မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများအသုံးပြု၍ မတ် ၂၄ ရက်က အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။



မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဝန်ထမ်းများက ငွေတချောင်းမြောင်း ဆယ်ယူခြင်းအပြင် ရွှေတချောင်းမြောင်းအတွင်း ဒိုက်များဆယ်ယူရှင်းလင်းခြင်းနှင့် တံတားဖြူရေထိန်းတံတားနုန်း ဆယ်ယူခြင်း၊ တောင်သမန်အင်းအနောက်ထိပ်တွင် နုန်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စက်ယန္တရားကြီးများဖြင့်ဆောင်ရွက်ခဲ့သည်။

"မြို့တော်အတွင်း ဖြတ်သန်းစီးဆင်းတဲ့ ငွေတချောင်းမြောင်း၊ ရွှေတချောင်းမြောင်း အပါအဝင် ရေနုတ်မြောင်းမကြီးတွေ ရေစီးရေလာကောင်းဖို့အတွက် စက်ယန္တရားကြီးတွေနဲ့ အပိုင်းလိုက် ဆယ်ယူရှင်းလင်းလျက်ရှိပါတယ်။ ဒါ့အပြင် သန့်ရှင်းရေးဌာနအနေနဲ့ မြို့နယ် ရပ်ကွက်အလိုက် သန့်ရှင်းရေးအပါအဝင် ရေနုတ်မြောင်းဆယ်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအနေနဲ့ ရေနုတ်မြောင်းတွေထဲကို ရေစီးဆင်းမှုအဟန့်အတား ဖြစ်စေတဲ့ အမှိုက်များ မစွန့်ပစ်ကြဖို့ လိုအပ်ပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ပြည်သူများ ပူးပေါင်းပါဝင်တဲ့ သန့်ရှင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့တော်စည်ပင် သန့်ရှင်းရေးဌာနမှ ဌာနမှူးဦးလှမျိုးက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်အတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် ရေစီးဆင်းမှု ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**




## မကွေးမူလတန်းကြိုကျောင်း ပဒေသာကပွဲနှင့် ကျောင်းဆင်းလက်မှတ်ချီးမြှင့်

**မကွေး မတ် ၂၆**
မကွေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန မကွေးမူလတန်းကြိုကျောင်း ပဒေသာကပွဲနှင့် ကျောင်းဆင်းလက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို အထက (၁)လမ်းရှိ မကွေးမူလတန်းကြိုကျောင်းတွင် မတ် ၂၃ ရက်က ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ အရာရှိများ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနား၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်းတက်ရောက်မည့် ကျောင်းသား/ကျောင်းသူများအား ကျောင်းဆင်းလက်မှတ်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးနှင့် မကွေးမူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ဇင်ဇင်ခိုင်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**

## မဒေါက်မြို့အနီးတွင် စစ်တောင်းတာ၏ ပန်းတာတစ်ခု တည်ဆောက်လျက်ရှိ

**မဒေါက် မတ် ၂၆**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စစ်တောင်းတာ၏ တာမိုင်(၃၈/၅)မှ (၃၉/၃)အတွင်း၌ ပန်းတာအသစ်တစ်ခုကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည် ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပန်းတာကို အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး တာအလျား ၃၂၅၀ ပေ၊ ပျမ်းမျှ တာအမြင့် ၁၅ ပေခန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာပြီးစီးပါက ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးမြေ ဧကသုံးသောင်းကျော်ကို ရေဘေးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခု ပန်းတာတည်ဆောက်နေသည့် နေရာသည် ယမန်နှစ် မိုးရာသီမတိုင်မီက စစ်တောင်းမြစ်ကမ်းပြိုမှုကြောင့် မူရင်းတာ ထိခိုက်ပျက်စီး၍ ရေလွှဲတန်းရိုက် ကာကွယ်ခဲ့ရသည့် နေရာဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပန်းတာ တည်ဆောက်နေခြင်းနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက မနှစ်က မိုးရာသီမတိုင်မီ စစ်တောင်းမြစ်ကမ်းပြိုပြီး တာကလည်း ပဲ့ပဲ့ကျနေတော့ အရမ်းစိုးရိမ်ခဲ့ရတာ။ အရင်နှစ်တွေတုန်းကလည်း ဒီနေရာကပဲ ကျိုးပေါက်ခဲ့ဖူးတော့ စိုးရိမ်ရတာပေါ့။ ဆည်မြောင်းဌာနက မိုးရာသီမတိုင်မီ ရေလွှဲတန်းတွေရိုက်ပေးပြီး တာအနောက်ကနေ ထပ်ပိုးတာတစ်ခု ဆောင်ရွက်ပေးတော့ ကျွန်တော်တို့ ဒေသခံတွေ စိတ်အေးရတာပေါ့။ စစ်တောင်း မြစ်အတွင်းက သောင်ခုံတွေကိုလည်း ဖြတ်တူးမယ်လို့ သိရတော့ ကျွန်တော်တို့ မဒေါက်မြို့အတွက် ပိုစိတ်ချရတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးအတွက် တာများတည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ပန်းတာ တည်ဆောက်နေမှု လုပ်ငန်းများကိုလည်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ မတ် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။
**သူရိန်ထွန်း(ပဲခူး)**



## သတင်းတိုများ

### ဘော်လခဲ-ရေနီပေါက် ကတ္တရာလမ်းသစ်ဖွင့်

ကယားပြည်နယ် ဘော်လခဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ခင်းကျင်းခဲ့သည့် ဘောလခဲ-ရေနီပေါက် ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောဒီဒီးက ကယားပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအနေဖြင့် ဆောင်ရွက်ခဲ့သော လမ်း၊ တံတားနှင့်ရေပေးရေးလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘော့စ်ကိုတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဘော်လခဲ-ရေနီပေါက်လမ်းသည် အရှည်သုံးမိုင်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နွားလှည်းလမ်းမှ မြေသားလမ်းအဆင့်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆၇ ဒသမ ၆ သန်းဖြင့် ကျောက်ချောလမ်းအဆင့်မြှင့်တင်ခဲ့ပြီး ယခုအခါ ရန်ပုံငွေ ကျပ် ၆၅ သန်းဖြင့် အဆိုပါကျောက်လမ်းသုံးမိုင်အနက် တစ်မိုင်တွင် ကတ္တရာထပ်ပိုးလွှာခင်း၍ အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့်နှစ်မိုင်ကိုလည်း ကတ္တရာထပ်ပိုးလွှာခင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

### ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများတွင် နွေရာသီ ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံမှုနှင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် ရေရှားပါးနေသော ကျေးရွာများသို့ မတ် ၂၄ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။ လယ်ပြင်ကျေးရွာသို့ သုံးရေဂါလန် ၃၀၀၀ နှင့် သောက်ရေအတွက် လီတာ ၂၀ ဝင် ရေသန့်ဘူးကြီး ၆၀၊ လုံးခင်းကျေးရွာသို့ ရေသန့်ဘူးကြီး ၆၀၊ မော်စီစာကျေးရွာသို့ ရေသန့်ဘူးကြီး ၈၀၊ ငြိမ်းချမ်းသာယာကျေးရွာသို့ ရေသန့်ဘူးကြီး ၇၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

# ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ကတိများကို မှတ်တမ်းတင်နေ

**မုံရွာ မတ် ၂၆**
မုံရွာမြို့အခြေစိုက် Chindwin Institute ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ကတိကဝတ်များကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်ငါးဦး၏ ရွေးကောက်ပွဲ အကြိုကာလ ပြောကြားချက်များကို လေ့လာသိရှိထားပါမှ အဆိုပါ ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင်အနိုင်ရရှိချိန်တွင် ပြောကြားထားသည့် ကတိကဝတ်များကို မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်မည် ဟူသည့်အချက်ကို တိုင်းတာနိုင်မည်ဖြစ်သောကြောင့် စောင့်ကြည့်လေ့လာမှတ်တမ်း တင်ခြင်းဖြစ်ကြောင်း Chindwin Institute မှ တာဝန်ရှိသူ ကိုစိုးဝင်းဆွေက ပြောသည်။

“NLD ပါတီက ဦးညွန့်အောင်ကို လေ့လာမှတ်တမ်းတင်ထားရာမှာ သူက တရားဥပဒေအပေါ် တိုက်ရိုက်ကြီး ဝင်ရောက်စွက်ဖက်လို့တော့ မရဘူးလို့ ပြောသလို တရားရုံးမှာဝင်ထိုင်ပြီး တရားခံဘက်ရော တရားလိုဘက်ပါ စောင့်ကြည့်ပြီး တရားစီရင်ရေးကိုလည်း စောင့်ကြည့်ဖို့ရှိတယ်လို့ တရားစီရင်ရေးနဲ့ပတ်သက်ပြီး ပြောပြတယ်။ တရားရုံးစောင့်ကြည့်ရေးကို NLD အဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့လုပ်ဖို့ စိတ်ကူးထားတယ်လို့လည်း ပြောပါတယ်။ မြေယာကိစ္စနဲ့ပတ်သက်ပြီး ခရိုင်၊ မြို့နယ် မြေယာစစ်တွေနဲ့ချိတ်ပြီး ဥပဒေနဲ့အညီ၊ မူဝါဒနဲ့အညီ အစွမ်းကုန်ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ဒေသဖွံ့ဖြိုးရေးကိုတော့ နယ်ဆင်းတဲ့အခါတိုင်း စာရွက်လေးတွေဝေထားခဲ့ပြီး စစ်တမ်းကောက်နည်းနဲ့ အချက်အလက်ကို ရအောင်ရှာနေပြီး တစ်မြို့နယ်လုံးဖွံ့ဖြိုးရေး ဘာလုပ်မယ်၊ ဆေးရုံဆောက်၊ ကျောင်းဆောက်မယ်ဆိုတဲ့ စီမံချက်မျိုးတော့ မရှိဘူးလို့ ဦးညွန့်အောင်က ဆိုထားတယ်”ဟု ကိုစိုးဝင်းဆွေက ပြောပြသည်။

Chindwin Institute အဖွဲ့အနေဖြင့် ရွှေ့ပြောင်းလုပ်သားများ မဲပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ အခြားမြို့နယ်များမှ မုံရွာမြို့သို့ရောက်ရှိ အလုပ်လုပ်နေကြသော ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိရန်အတွက် မတ် ၁၇ ရက်မှ ၂၅ ရက်အတွင်း ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားကြော်ငြာသော ဒုတိယအကြိမ်မဲစာရင်းကို သွားရောက်ကြည့်ရှုကြရန် လှုံ့ဆော်ပေးကာ အမည်မပါခဲ့လျှင် အလုပ်ရှင်ထောက်ခံချက်ဖြင့် လျှောက်ထားနိုင်ကြောင်း အသိပညာများ ဖြန့်ဝေပေးခဲ့သည်။

ထို့အတူ အခြားဒေသများသို့ရောက်နေသော မုံရွာမြို့နယ်သားများအနေဖြင့် ကြိုတင်မဲပေးလိုလျှင် မိမိ၏အလုပ်ရှင်ကို ဆက်သွယ်လျှောက်ထားခိုင်းရန်နှင့် ကြိုတင်မဲပေးမည့်သူသည် မုံရွာပြင်ပတွင် အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း အလုပ်ရှင်က ထောက်ခံပေးလျှင် အဆင်ပြေကြောင်းလည်း လိုက်လံအသိပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ရေရှားပါးသည့်နေရာများတွင် သောက်သုံးရေ လှူဒါန်း

**နေပြည်တော် မတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပိန္နဲတောကျေးရွာ၊ ပြည်တော်သာကျေးရွာနှင့် ထန်းတောကြီးကျေးရွာများရှိ အိမ်ထောင်စု ၅၃၂ စုအတွက် သောက်သုံးရေဂါလန် ၇၂၀၀ အား မတ် ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း ဦးစီးသည့်အဖွဲ့တို့ ပူးပေါင်း၍ အိမ်ခြေ ၂၈၅ အိမ်၊ လူဦးရေ ၁၄၅၀ အတွက် သောက်သုံးရေဂါလန် ၂၈၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အများပြည်သူစားသုံးရန်မသင့်သည့် ကြက်ဥဖာများကို မီးရှို့ဖျက်ဆီး

**ဗန်းမော် မတ် ၂၆**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက သိမ်းဆည်းထားသော အများပြည်သူစားသုံးရန် မသင့်သည့် တရုတ်ကြက်ဥများကို မတ် ၂၄ ရက်က ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ရှိ ကြက်ပေါင်ခြံသုသာန် မြေကွက်လပ်အနီး စည်ပင်သာယာအမှိုက်စွန့်ပစ်ကွင်းနေရာ၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

တစ်ဖာလျှင် ကြက်ဥအလုံး ၃၆၀ ပါသည့် ကြက်ဥဖာ ၁၅၉ ဖာ၊ စုစုပေါင်း ကြက်ဥအလုံးရေ ၅၇၂၄၀(ခန့်မှန်းတန်ဖိုးကျပ် ၄၁ သိန်းကျော်)ကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ကြက်ဥဖာများ မီးရှို့ဖျက်ဆီးမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးသွင်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး ကြက်ဥဖာများကို ဖွင့်ဖောက်စစ်ဆေးပြီးမှ ဖျက်ဆီးရေးအဖွဲ့ဖြင့် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# တပ်မတော်နေ့ ဂုဏ်ပြုဟောပြောပွဲကျင်းပ

**သရက်ချောင်း မတ် ၂၆**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမဆောင်၌ (၇၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းက သရက်ချောင်းမြို့ မြို့မရပ်ကွက် တပ်ရာကုန်းဘုန်းတော်ကြီးကျောင်းမှ ဓမ္မစကူးကျောင်းသား ကျောင်းသူ ကလေးငယ်များအား တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား တပ်မတော်နေ့နှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး ဖြေဆိုနိုင်သူများအား ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးခဲ့သည်။ **နိုင်ဝင်း(ပြန်/ဆက်)**

# တပ်မတော်ဆရာဝန်များဦးဆောင်သည့် ပရဟိတဆေးပေးခန်းဖွင့်လှစ်

**မူဆယ် မတ် ၂၆**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကျေးရွာ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ရုံးခန်း၌ အမိမြေ ပရဟိတဆေးပေးခန်းကို နယ်မြေခံတပ်နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ဦးဆောင်၍ စစ်ဘက်ဆိုင်ရာဆရာဝန်များက မတ်လ စတုတ္ထပတ်အတွင်းက ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းဖွင့်ပွဲတွင် နယ်မြေခံတပ်မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးလှဦးက အမိမြေ ပရဟိတဆေးပေးခန်းအတွက် မတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဆေးခန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်မှာ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ အခုလို မမျှော်လင့်ဘဲရောက်ရှိလာတဲ့ဒေသမှာ တတ်ကျွမ်းတဲ့ဆေးပညာနဲ့ ဒေသခံပြည်သူတွေကိုဆေးကုသပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့က စစ်သားဆိုတော့ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာကို ရောက်မယ်ဆိုတာ မသိပါဘူး။ ဒါပေမယ့် ဘယ်နေရာဘယ်ဒေသကိုပဲ ရောက်ရောက် ကျွန်တော်တို့တတ်ကျွမ်းတဲ့ ဆေးပညာနဲ့ အားလုံးကိုကူညီသွားမှာပါ။ ကျွန်တော်တို့ဆေးခန်းကို လာပြတဲ့ လူနာအားလုံးကို ကျောသားရင်သားမခွဲခြားဘဲ ပြုစုကုသပေးသွားမှာပါ” ဟု ဆေးအဖွဲ့ခေါင်းဆောင် ဗိုလ်ကြီးကောင်းစံက ပြောကြားသည်။

**သန့်ဇင်(မူဆယ်)**



# ညောင်တုန်းမြို့ လွှတ်လပ်ရေးကျောက်တိုင် ပြန်လည်တည်ဆောက်ပေးရန် ဒေသခံပြည်သူများလိုလားနေ

**ညောင်တုန်း မတ် ၂၆**
၁၉၈၈ ခုနှစ် ဩဂုတ်လက ဧရာဝတီမြစ်ကမ်းပါး ပြိုကျရာတွင် ပါသွားပြီး ပျက်စီးဆုံးရှုံးခဲ့သော ညောင်တုန်းမြို့ လွတ်လပ်ရေးကျောက်တိုင်ကို ယခုအချိန်အထိ ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးသဖြင့် တာဝန်ရှိသူများက ပြန်လည်တည်ဆောက်ပေးရန် ဒေသခံများ လိုလားနေကြကြောင်း သိရသည်။

“ညောင်တုန်းမြို့မှာတည်ဆောက်ခဲ့တဲ့ လွတ်လပ်ရေးကျောက်တိုင်ဟာ ရန်ကုန်က လွတ်လပ်ရေးကျောက်တိုင်နဲ့ပုံစံတူ တည်ဆောက်ခဲ့တဲ့ကျောက်တိုင်ပါ။ လေးဖက်စလုံးမှာ ရေးသားခဲ့တဲ့ ကမ္ပည်းမော်ကွန်းစာတွေကလည်း ရန်ကုန်က လွတ်လပ်ရေးကျောက်တိုင်ကအတိုင်းပဲ ရေးသားထားပါတယ်။ ခံ့ညားထည်ဝါလှပါတယ်။ ညောင်တုန်းလွတ်လပ်ရေးကျောက်တိုင်က ၁၉၇၁ ခုနှစ်လောက်က တည်ဆောက်ပြီးစီးခဲ့တာပါ။ အခုအချိန်အထိတော့ လွတ်လပ်ရေးကျောက်တိုင် ပြန်မတည်ဆောက်နိုင်သေးပါဘူး။ သင့်လျော်တဲ့ တစ်နေရာမှာ လွတ်လပ်ရေးကျောက်တိုင် ပြန်လည်တည်ဆောက်သင့်ပါတယ်”ဟု မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး (ငြိမ်း) ဦးအောင်သန်းက ပြောသည်။

ညောင်တုန်းမြို့ လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၇၀-၁၉၇၁ ခုနှစ်ခန့်က ညောင်တုန်းမြို့ ရေကာတာပြင်ပ ကျယ်ဝန်းသောသောင်ခုံကြီးပေါ်တွင် ဒေသခံများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြပြီး ၁၉၈၈ ခုနှစ်မှ စတင်၍ မြစ်ကမ်းပြိုခဲ့မှုကြောင့် ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။ ညောင်တုန်းမြို့တွင် အာဇာနည်ကျောက်တိုင်နှင့် အာဇာနည်ပန်းခြံ၊ အားကစားရုံနှင့် အားကစားကွင်း၊ မြို့တော်ခန်းမ၊ ဗိုလ်ချုပ်ကြေးရုပ် စသည့် မြို့တစ်မြို့တွင်ရှိသင့်ရှိထိုက်သော အထိမ်းအမှတ် အဆောက်အအုံများ ရှိသော်လည်း လွတ်လပ်ရေးကျောက်တိုင်မှာမူ ကမ်းပြိုပျက်စီးပြီးကတည်းက ယခုအချိန်အထိ ပြန်မဆောက်နိုင်သေး၍ ပြန်လည်တည်ဆောက်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော မြို့တစ်မြို့ဖြစ်ကာ ၁၉၈၅ ခုနှစ်က ရန်ကင်းစံရာဘက်ကမ်းတွင် သောင်ထွန်းပြီး ညောင်တုန်းဘက်ကမ်း ကျွန်းထိပ်ပိုင်းတွင် ကမ်းပြိုမှုကြောင့် ညောင်တုန်းမြို့(၁၂)လမ်းတည့်တည့်တွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ် ဆက်သွယ်စီးဆင်းနိုင်ရန် ရေခေါ်တူးမြောင်း ဖောက်လုပ်ခဲ့ရာမှ မြို့တည့်တည့်ကို ရေကြောင်းထိုးပြီး ၁၉၈၈ ခုနှစ်မှစတင်ကာ ညောင်တုန်းမြို့ဘက်တွင် ဆိုးဆိုးရွားရွား ကမ်းပြိုမှုများဖြစ်ခဲ့ကာ ကျယ်ဝန်းသော သောင်ခုံကြီးပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော အဆောက်အအုံများအပါအဝင် လွတ်လပ်ရေးကျောက်တိုင်လည်း ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# သံဖြူဇရပ်မြို့တွင် ရေပြတ်လပ်လာ၍ ဝယ်ယူသုံးစွဲနေရ

**သံဖြူဇရပ် မတ် ၂၆**
မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ရပ်ကွက် ၁၀ ခုရှိသည့်အနက် အောင်သာယာ၊ အောင်မင်္ဂလာ၊ ကျောင်းပိုင်း၊ ကြံ့ခိုင်ရေးနှင့် ဖောင်စိန်ရပ်ကွက်များနှင့် ကျိုက္ခမီမြို့ (၆)ရပ်ကွက်တို့တွင် မတ်လဆန်းပိုင်းမှစတင်၍ ရေတွင်းများ ရေခန်းခြောက်လာသဖြင့် ဒေသခံပြည်သူများမှာ ရေရောင်းချသောကားများထံမှ တစ်စည်လျှင် ငါးရာကျပ်နှုန်းဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

“သံဖြူဇရပ်မြို့ပေါ်မှာ အခုလိုရာသီချိန်ရောက်ရင် ရေကားအစီးနှစ်ဆယ်လောက်က ရပ်ကွက်အတွင်း ရေရောင်းချတဲ့အလုပ်ကို လုပ်ကြပါတယ်။ ရပ်ကွက်တွေက ရေလိုအပ်တဲ့သူများ အဆင်ပြေစေဖို့ ကျွန်တော်တို့ ရေကားသမားတွေက ရေရောင်းတယ်ဆိုပေမယ့် စက်ရေတွင်းရှိတဲ့ အိမ်တွေကရေကို ဝယ်ပြီးတော့မှ ပြန်ရောင်းပေးရတာပါ။ ဒါတောင် လိုချင်သလောက် မရနိုင်တဲ့အခြေအနေရှိပါတယ်။ ဒီလကလည်း အိမ်အသစ်ဆောက်သူတွေများတော့ ရေလိုအပ်ချက်များပါတယ်”ဟု ရေကားမောင်းသူတစ်ဦးက ပြောသည်။

သံဖြူဇရပ်မြို့နယ်သည် မိုးရာသီ၌ မိုးရွာသွန်းမှုများသော ဒေသဖြစ်သော်လည်း လွန်ခဲ့သည့်ဆယ်နှစ်ခန့်မှစ၍ နွေရာသီတွင် ရပ်ကွက်ကျေးရွာအများစု၌ သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့လာရပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းများတူးကာ ရေပေးဝေရေးအတွက် ဆောင်ရွက်ပေးနေသော်လည်း ရပ်ကွက်နှင့် ကျေးရွာကြီးများအတွက် လုံလောက်မှုမရှိသေးကြောင်း သိရသည်။

သို့ဖြစ်၍ ဒေသခံပြည်သူများမှာ နှစ်စဉ် မတ်လမှ စတင်ကာ မိုးရွာသွန်းချိန်အထိ ရေရောင်းချသည့်ကားများမှ ရေဝယ်ယူသုံးစွဲနေရသလို လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်များက ရေကားများဖြင့် လိုက်လံဖြန့်ဝေလှူဒါန်းပေးသည့်ရေများကိုလည်း အားထားသုံးစွဲနေကြရကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဆင်း

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂) အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲကို သင်တန်းကျောင်းခန်းမ၌ မတ် ၂၄ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်တို့က သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက သင်တန်းသူများထံ တစ်ဦးချင်းပေးအပ်ခဲ့သည်။ **ဖြူးမြင့်ဦး**

### ရေရှားပါးသောကျေးရွာသို့ သောက်ရေများဖြန့်ဝေပေး

ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကြောင့် တောင်သာမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ရေတွင်းရေကန်များ ရေခန်းခြောက်မှုများဖြစ်လာပြီး ကျေးလက် နေပြည်သူများ၏ သောက်ရေအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ သောက်ရေ ရှားပါးနေသည့် ကျေးရွာဖြစ်သော သပွတ်ပင်တဲကျေးရွာအုပ်စု သန်းကုန်းကျေးရွာနေပြည်သူများအတွက် သောက်ရေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ပံ့ပိုးကူညီမှုဖြင့် ဝဲလောင်ရဲကင်းစခန်းမှူး ဒုရဲအုပ်မင်းသောင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များက ဝဲလောင်နယ်မြေ မီးသတ်မှ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မတ် ၂၄ ရက်က သွားရောက်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

### တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆွေးနွေး

ဂန့်ဂေါမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက်က ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ကျော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းများမှ တာဝန်ရှိသူများက မီးဘေးကာကွယ်တားဆီးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လောင်းကစားမှုများ လျှော့ချနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ တရားမဝင်သစ်ထုတ်လုပ်ငန်းများကို အရေးယူဖော်ထုတ်နိုင်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စသည့် အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(၁၀၁)**

### ဆယ်လ်မားအူးလ်အွန်ဒုံစီမံကိန်းဘောလုံးပြိုင်ပွဲကျင်းပ

နွားထိုးကြီးမြို့နယ် ထန်းဇင်ကျေးရွာ၌ ကျင်းပလျက်ရှိသော ဆယ်လ်မားအူးလ်အွန်ဒုံစီမံကိန်း ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို မတ် ၂၃ ရက်က ကျင်းပရာ စိန်ခေါ်သံအသင်းနှင့် အင်ကြင်းမြန်မာအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် အနိုင်ရရှိသောအသင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်က ဒိုင်းဆုပေးအပ်ခဲ့သည်။ ဘောလုံးပြိုင်ပွဲကို ၁၅ ရက်ကြာ ကျင်းပခဲ့ပြီး ကျေးရွာများမှ ဘောလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဌေးမြင့်မောင်**

# ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ၊ ကြေးရုပ်နှင့် အားကစားကွင်းများ တည်ဆောက်မည်

**မြင်းမူ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ၊ ကြေးရုပ်တုနှင့် ကစားကွင်းများကို စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း မတ် ၂၃ ရက်က ကျင်းပခဲ့သည့် ပန်းခြံဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းဝေးမှ သိရသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားပြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီ တာဝန်ရှိသူများက လုပ်ငန်းများစတင်ဆောင်ရွက်ရန် လျာထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းနှင့် ကော်မတီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယခုစတင်တည်ဆောက်မည့် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံ တည်ဆောက်မည့်နေရာမှာ မြင်းမူမြို့အမှတ်(၁) နယ်မြေ အောင်ဇေယျရပ်ကွက်တွင် တည်ရှိပြီး မြေအကျယ် ၅ ဒသမ ၁၁ ဧကတွင် တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၊ ဗိုလ်ချုပ်ကျောက်တိုင်၊ လူကြီးအားကစားကွင်းနှင့် ကလေးကစားကွင်း၊ ရေပန်းအလှများနှင့် ဈေးဆိုင်ခန်း ၅၇ ခန်းတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ပန်းခြံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**




# တရားဝင်ငါးမွေးလိုသူများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးသင့်

**မုံရွာ မတ် ၂၆**

ငါးသယံဇာတ မပြုန်းတီးစေရန်နှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင် ငါးမွေးလုပ်ငန်း လုပ်ကိုင်သူများကို လိုအပ်သလို အရေးယူကာ အမှန်တကယ် ငါးမွေးလိုသည့် လုပ်ငန်းရှင်များကိုလည်း ဥပဒေနှင့်အညီ ခွင့်ပြုပေးသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက ပြောကြားသည်။

"လက်ရှိမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားဝင်ငါးမွေးကန်တွေရှိသလို တရားမဝင် ငါးမွေးကန်တွေလည်း ရှိပါတယ်။ ငါးမွေးကန်ဧက ၇၅၀၀ မှာ ငါးမွေးသူလုပ်ငန်းရှင် ၃၀ ရဲ့ဧက ၂၀၀ ကျော်သာ တရားဝင်ဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့နောက်ပိုင်းမှာ ငါးမွေးသူလုပ်ငန်းရှင်အများစုက တရားမဝင်ငါးကန်တွေကို လယ်ယာမြေဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တာဖြစ်စေ၊ လယ်ယာမြေဥပဒေနဲ့အညီ ပေးသင့်ပေးထိုက်တာကိုဖြစ်ဖြစ် ဆုံးဖြတ်ပြီး လုပ်ကိုင်စေချင်နေကြပါပြီ။ လယ်တွေယာတွေကို ရေဝပ်ရေိယာတွေမှာ အမှန်တကယ်လုပ်ထားတယ်ဆိုရင် အမြန်ဆုံးပယ်ဖျက်ပေးသင့်သလို တရားဝင် အမှန်တကယ်ငါးမွေးလိုသူ လုပ်ငန်းရှင်တွေကိုလည်း ဥပဒေနဲ့အညီ ခွင့်ပြုပေးသင့်တဲ့အချိန် ရောက်နေပါပြီ။ ဒါမှသာ ငါးသယံဇာတဖွံ့ဖြိုးစေမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးက ပြောသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတမပြုန်းတီးစေရန် မြစ်ချောင်းအင်းအိုင်ကန်များနှင့် ဆည်တမံများအတွင်း ငါးမျိုးများစိုက်ထည့်လျက်ရှိသလို ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲ ကြီးကြပ်စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ၁၁ ခု၌ တရားစွဲဆိုမှု ၁၅ မှုနှင့် ဖြေရှင်း ဆောင်ရွက်နိုင်မှု ၄၇ မှု ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒေသတွင်းငါးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန် ပညာပေးစည်းရုံးခြင်း၊ နည်းပညာဆိုင်ရာအကူအညီများ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်မှရသင့်ရထိုက်သော ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများ အပြည့်အဝရရှိစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကိုလည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အတွက် အခွန်အခရရှိစေရန် ဆောင်ရွက်ရာတွင် ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၁၇ မတ် ၃၁ ရက်အထိ အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အင်းအိုင်ခွန်၊ တင်ဒါခွန်၊ ငါးဖမ်းကိရိယာခွန်၊ ငါးမွေးကန်လိုင်စင်ခွန်၊ သားပေါက်လိုင်စင်ခွန်၊ ရက်လွန်ကြေးနှင့် ဝယ်စုလိုင်စင်ခွန်များမှ ကျပ် ၁၀၄၃ ဒသမ ၅၃၈၉ သန်း ကောက်ခံရရှိပြီး ယခင်နှစ် ကာလတူ ကောက်ခံရရှိမှုမှာ ကျပ် ၇၀၄ ဒသမ ၃၃၇၂ သန်း ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂/တောင်ဖီလာ)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ဒသမ၃၃၃ဧကရှိ မြေကွက်ကို ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေသည် မူလပိုင်ရှင်ဖြစ်သူ မိခင်ဒေါ်မှုန်ဒေါင်း အကျိုးခံစားလျက်ရှိသော အိမ်ဝင်းမြေဖြစ်ကြောင်း တရားရုံးတွင် ပိုင်ဆိုင်ကျမ်းကျိန်ဆိုလက်မှတ်ရေးထိုးပြီး ဦးဘွေလျှန်ထိုးထံသို့ ၂၈-၁၂-၂၀၁၆ ရက်တွင် ကလေးမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် (၀၇၁/ ၂၀၁၆) တရားဝင်စာချုပ်ချုပ်ဆိုထားသောစာချုပ်(မိတ္တူ/မူရင်း) များတင်ပြကာ ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီမြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းဇော်ဦး ၁၀/မလမ(နိုင်)၂၁၂၅၈၇၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### " အများသိစေရန်ကြေညာခြင်း "

ကျွန်ုပ်မိတ်ဆွေဟသာ်တမြို့ဉယျာဉ်တောင်ရပ်ကွက်၊မနော်ဟရီလမ်း၊အမှတ်(၉၀)နေ မဟန်နွယ်စန်း (၁၄/ဟသတ(နိုင်)၂၄၁၃၂၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးသောင်းလှ[၁၂/အလန (နိုင်) ၀၄၅၃၅၄] ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ပုသိမ်မြေ(၂)လမ်း၊အမှတ်(၅၇)(၅-လွှာ) (မြေရှင်းခန်း)၏ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ မဟန်နွယ်စန်းက (၁၂. ၃. ၂၀၁၇) ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းနှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းဝယ်ယူ လက်ရှိနေထိုင်ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ကျွန်ုပ်မိတ်ဆွေမဟန်နွယ်စန်း၏ ခွင့်ပြုချက်မရှိဘဲအထက်ပါတိုက်ခန်းအား လွှဲပြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်းခြင်းနှင့်အာမခံထားခြင်းတို့ မပြုလုပ်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ဇော် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၈/၁၆)
၀၉-၂၆၄၂၄၃၂၆၇

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း
### ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၇ နှင့်ဆက်နွယ်သည့်
၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၄

ဒေါ်စုနိုင်ထွေး နှင့် ၁။ ဒေါ်မြင့်မြင့်မွန်
၂။ ဒေါ်ယဉ်ယဉ်မြင့်

တရားနိုင် တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၄၁၁/ခ ဒေါ်မြင့်မြင့်မွန်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်၈၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၅ ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

### အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၂၁၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၇၊ အနော်မာ (၁၈)လမ်းအနောက်၊ ၂ မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်မြကျင် ၁၂/သကတ(နိုင်)၁၀၆၉၆၀ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြကျင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၁၆/၂၀၁၆)ရသူ ဒေါ်စုမွန်လှိုင် ၁၂/သကတ(နိုင်)၁၄၁၉၃၂မှ ဂရန်မူရင်းပျောက်ဆုံးကြောင်းသက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ မူလက ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် သကတ/၂(မ)၀၂၁၀၉၃ (၂၁-၉-၁၉၉၃)ဖြင့် ဒေါ်မြကျင်အမည်ပေါက်မြေငှားစာချုပ် နှစ် ၆၀ ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၂၊ တောင်ဖီလာ)၊ ဦးပိုင်အမှတ် ၂၊ ဧရိယာ ၀ဒသမ၂၈၉ဧကရှိ မြေကွက်ကို ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်အသစ် လျှောက်ထားလာရာ လျှောက်ထားမြေသည် မူလပိုင်ရှင်ဖြစ်သူ မိခင်ဒေါ်မှုန်ဒေါင်း အကျိုးခံစားလျက်ရှိသော အိမ်ဝင်းမြေဖြစ်ကြောင်း တရားရုံးတွင် ပိုင်ဆိုင်ကျမ်းကျိန်ဆိုလက်မှတ်ရေးထိုးပြီး ဦးဘွေလျှန်ထိုးထံသို့ ၂၈-၁၂-၂၀၁၆ ရက်တွင် ကလေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် ၀၇၂/၂၀၁၆တရားဝင်စာချုပ်ချုပ်ဆိုထားသော စာချုပ်(မိတ္တူ/မူရင်း) များတင်ပြကာ ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်လျှောက်ထားလာခြင်း အပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၁/တောင်ဖီလာ)၊ ဦးပိုင်အမှတ် (၁/၆၇)၊ ဧရိယာ ၀ဒသမ၁၄၁ဧကရှိ မြေကွက်ကို ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေသည် မူလပိုင်ရှင်ဖြစ်သူ မိခင်ဒေါ်မှုန်ဒေါင်းအကျိုးခံစားလျက်ရှိသော အိမ်ဝင်းမြေဖြစ်ကြောင်း တရားရုံးတွင် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆို လက်မှတ်ရေးထိုးပြီး ဦးဘွေလျှန်ထိုးထံသို့ ၅-၁-၂၀၁၇ ရက်တွင် ကလေးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌စာချုပ်အမှတ် (၀၀၄/၂၀၁၇) တရားဝင်စာချုပ်ချုပ်ဆိုထားသော စာချုပ်(မိတ္တူ/မူရင်း) များတင်ပြကာ ဦးဘွေလျှန်ထိုးမှ မြေငှားစာချုပ်လျှောက်ထားလာခြင်း အပေါ်မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

### " ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း "

ကျွန်ုပ်မိတ်ဆွေ မြိတ်မြို့ပုလဲလမ်း၊အမှတ်(၈)နေ ဒေါ်ချိုချိုသော်(၆/မအရ(နိုင်)၀၉၁၃၂၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးညီညီအောင် [၁၂/ပဘတ (နိုင်) ၀၁၂၄၁၂] ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊မာလာ(၁၃)လမ်း၊အမှတ်(၄၈၆)၊ဒုတိယထပ်(၃-လွှာ) (ယာ)၊ ၏ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုသော်က (၂၂. ၃. ၂၀၁၇) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆို၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြော်ငြာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ဇော် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၈/၁၆)
၀၉-၂၆၄၂၄၃၂၆၇

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ မနီလာညွန့် ၁၂/ပဇတ(နိုင်)၀၀၁၈၅၅နှင့် ကိုပြည်စိုး ၁၂/ဥကတ(နိုင်)၀၀၀၃၇၇တို့သည် အကြင်လင်မယားအဖြစ် ၁၉၉၆ခုနှစ်ကတည်းက ပေါင်းသင်း လက်ထပ်နေထိုင်ခဲ့ပြီးနောက် သမီးတစ်ဦး၊ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ကိုပြည်စိုးသည် လွန်ခဲ့သော ၃နှစ်ခန့်မှစ၍ ကျွန်မတို့နှင့်အတူ နေထိုင်ခြင်းမရှိတော့သလို ကျွန်မနှင့် ကလေးနှစ်ဦးတို့အား လုပ်ကိုင်ကျွေးမွေးခြင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ တစ်စုံတစ်ဦးနှင့်သော်လည်းကောင်း ထောက်ပံ့ပေးကမ်းခြင်းမရှိတော့သဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ခင်ပွန်းအဖြစ် သက်ဆိုင်ခြင်း မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနီလာညွန့်၁၂/ပဇတ(နိုင်)၀၀၁၈၅၅**

REPUBLIC OF THE UNION OF MYANMAR
Ministry of Electricity and Energy
Myanma Oil and Gas Enterprise (MOGE)
Nay Pyi Taw

**Request for Proposal for Joint Venture in Onshore Drilling Services with Myanma Oil and Gas Enterprise**

Date: March 24, 2017

MOGE is a state-owned enterprise which is responsible for the upstream oil and gas sector under the Ministry of Electricity and Energy ("**MOEE**") of the Republic of the Union of Myanmar. MOGE intends to establish a joint venture with an internationally proven service company in onshore drilling services. The main goals are to strengthen MOGE's technological know-how, upgrade its workforce, gain access to financing, adopt international best practices and widen market access.

MOGE had initially launched a public invitation for interested parties to submit a Letter of Expression of Interest ("**LEOI**") for a Joint Venture in Onshore Drilling Services with MOGE in June 2014. MOGE is now launching this Request for Proposal ("**RfP**") in the form of an open tender to interested parties, including but not limited to LEOI respondents from the LEOI exercise conducted in June 2014, to submit a response to this Request for Proposal (the "**Application**"). In this context, MOGE intends to select a suitable internationally proven drilling services company as the "**Joint Venture Partner**" through a step-by-step process: Phase 1: Request for Proposal; Phase 2: Evaluation Process; and Phase 3: Negotiations and Signing.

Interested parties are required to submit an Application **no later than 3 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 24, 2017** to the following address: **MOGE Tender Committee for Joint Venture Establishment in Petroleum Services (Drilling),** Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar.

The RfP, which includes guidelines for submission, can be purchased by any interested party starting March 24, 2017 (excluding Saturdays, Sundays and Public Holidays) at Complex 44, MOGE Office, Nay Pyi Taw, Republic of the Union of Myanmar for a non-refundable cash payment of five hundred United States Dollars (USD 500). The purchaser will be provided with a payment acknowledgement when payment is made. Only Applications from Applicants that had purchased the RfP document officially from MOGE will be evaluated.

Interested parties who have purchased the RfP are welcome to submit questions regarding the RfP and comments on the draft Joint Venture Agreement attached in its annex, no later than 12 PM, local time (Nay Pyi Taw, Republic of the Union of Myanmar), on April 4, 2017, to which MOGE will duly respond to all questions submitted and issue a revised draft Joint Venture Agreement.

Myanma Oil and Gas Enterprise
Ministry of Electricity and Energy



KOICA
Korea International Cooperation Agency

**KOICA Office Vacancy Announcement**

Korea International Cooperation Agency (KOICA) is **the primary Official Development Assistance (ODA) agency of the Government of the Republic of Korea.** Since its founding in 1991, KOICA's mission is to, through implementation of bilateral grant aid programs, work towards sustainable socio-economic development in partner developing countries, leading to eradication of poverty and betterment of people's lives.

We are currently looking for a Myanmar national for the **Program Officer** position.

**Qualifications**

- A master's degree; (At home or abroad)
- Work experience as an program officer or relevant role preferred;
- Good command of written and oral English;
- Korean and Myanmar government;
- Detail oriented, ability to work in a team;
- Outgoing personality with a positive mindset;
- Be able to handle a number of tasks simultaneously; and
- Good computer skills (Excel, Word, PowerPoint)

**Salary:** Starting from USD 650 per month with a 3-month probationary period

Contract is renewable on a yearly basis at the end of March subject to quality of performance.

Applications including a cover letter and CV with references should be submitted:
Via email to koica.mm@gmail.com

Application deadline: **March 29, 2017**

Only short-listed candidates will be contacted for an interview (scheduled on 3rd April). No document will be returned to the applicant. Upon entering into an employment agreement, supporting documents for his or her credentials need to be provided.

**KOICA Myanmar Office**

No. 514(A), 4Ward, Waizayandar Road, South Okkalapa Township, Yangon (Tel: +95-1-8500-801~3)



**တစ်ဦးတည်းဖြစ်ကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြဝတီရပ်နေ အဝေးသင်တက္ကသိုလ်၊ သမိုင်းအဓိက (ဒုတိယ)နှစ်မှ မစု မြတ်အောင်(ခ)မစုစုငြိမ်းအောင်နှင့် အထက(၃)၊ သတ္တမတန်း(A)မှ မောင်ဝေယံချစ်တို့၏ဖခင် ဦးလှိုင်မင်းနှင့် ဦးသိန်းဌေးအောင် ၅/မရန(နိုင်)၂၈၄၄၁၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။



**လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်**

- ရန်ကုန်–မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
- ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
- မန္တလေး–ပြင်ဦးလွင် ရထားလမ်းအနီး

**ဆက်သွယ်ရန်-၀၉-၄၅၀၆၉၃၆၈၈**






**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ Yankin Housing Project (2010-2011)အိမ်ရာ၊ တိုက်အမှတ်(၄/၄)၊ အခန်းအမှတ်(၄၃)တိုက်ခန်းသည် အမည်ပေါက်ဒုဗိုလ်မှူးကြီးဌေးမြင့် ၁၂/မရက(နိုင်)၀၀၆၅၂၀ ဖြစ်ပါသည်။ အဆိုပါ အခန်းအမည်ပေါက်ထံမှ Jadeoriental ship Management Co.,Ltd က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၀၀၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးအောင်ကိုမင်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ယဉ်ယဉ်မွန်(ခ)မြတ်မြတ်ဝင်း ၁၂/ပဘတ(နိုင်)၀၂၄၇၀၈(ဘ)ဦးခင်မောင်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်နော်ဂျာ ၁/မကန(ဧည့်)၀၀၁၈၄၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၇၈၂၇၉၆၇**

## ဒေါ်လှမြင့် (ဒေးဒရဲ)
(သဲကုန်းရွာ)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ အမှတ် ၈၂၊ ၂လမ်းနေ (ဦးမောင်လေး - ဒေါ်အေးတင်)တို့၏သမီး၊(ဦးမြမောင်)၏ဇနီး၊ ဦးဝင်းမောင်၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်ငွေး၊ ဦးမျိုးဇော်-ဒေါ်မြင့်မြင့်သန်း၊ (ဦးငွေးဝင်း)၊ ဒေါ်အေးအေးသန်း (အထက-၃၊ လှိုင်သာယာ)၊ ဦးတင်အုန်း-ဒေါ်အေးအေးနီတို့၏မိခင်၊ မထက်ထက်ရွှေဇင်ဦး၊ မထက်သီရိခေတ်၊ မရွှေသီရိခေတ်တို့၏အဘွားသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ညနေ ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၇ရက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်မှူး
## ဒေါ်ခင်ခင်လှ(ငြိမ်း)
**အင်န်-၂၁၄၊ စစ်သူနာပြုအပတ်စဉ်(၃)**
**အသက်(၇၈)နှစ်**

မြောင်းမြမြို့နေ (ဦးဘိုးသိန်း-ဒေါ်ဖွားစိန်)တို့၏သမီး၊ မြောင်းမြမြို့၊ ဦးဘချိုလမ်း၊ အမှတ် ၂၄၃နေ (ဦးတင်နွယ်၊ စား/ဖျော်၊ ငြိမ်း)၊ ဒေါ်ခင်ခင်မြတို့၏ညီမ၊ (ဦးအောင်ညွန့်-ဗိုလ်ကြီးဒေါ်တင်တင်မြ)၊ ဦးခင်သန်း-ဒေါ်ခင်အုန်းဆွေတို့၏အစ်မ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အမှတ် ၃၉/မ္မ၊ ကွက်ပြင်(၁)နေ ဦးကျော်မင်းစိုး၏ချစ်လှစွာသောဇနီး၊ ဒေါက်တာသော်ဒါဝင်း-ဗိုလ်ကြီး ဒေါ်လှယဉ်ဝင့်စိုး (ကလဆ-၃၀၀)၊ ဒေါ်အိရွှေစင်စိုး(Telenor Myanmar Co., Ltd)၊ ဦးကျော်သီဟစိုး (ရိုးမဘဏ်၊ ပြင်ဦးလွင်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်သုတသော်ဒါ၊ မောင်သုခသော်ဒါတို့၏အဘွားသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရင်ရင်မြ(ခ) Rosie
**ရေကူး၊ ကမ္ဘာအေး**
**အသက်(၇၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ရေကူးတောင်ပိုင်း၊ အမှတ် ၃၅နေ (ဦးချစ်ဖေ-ဒေါ်နှင်းအေး)တို့၏သမီး၊ (ဒေါ်စန်းရင်)၊ (ဒေါ်မြအုန်း)၊ (ဦးကျော်လွင်)၊ ဒေါ်တင်အေး၊ ဦးမြတ်ထွန်း-ဒေါ်ခင်အေးတို့၏ညီမ၊ ဒေါက်တာထွေးထွေးအောင်၏အစ်မ၊ ဒေါက်တာကျော်ဝင်းထွန်း-ဒေါက်တာဖြူဖြူသန့် (ခေတ္တ-USA )၊ မမြတ်မိုးအေး(ခေတ္တ-BKK)တို့၏အဒေါ်သည်၂၅-၃-၂၀၁၇ရက်(စနေနေ့)ည ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၁၃၅)၊မြေကွက်အမှတ်(၂၃)၊မြေကွက်တည်နေရာအမှတ်(၂၃)၊(၁၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ဦးငွေးလွင်အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပါ ဦးငွေးလွင်(KPG-၀၅၇၉၆၆၀)ထံမှ(၁၂-၁-၂၀၀၀)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့် ဦးအောင်ကျော်မိုး(၁၂/ဥကတ(နိုင်)၁၀၃၂၂၅)မှလည်းကောင်း၊တစ်ဖန်ဦးအောင်ကျော်မိုးထံမှ(၂၉-၁၂-၂၀၁၄)ရက်စွဲပါအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်အေးအေးကြွယ်(၇/တငန(နိုင်)၀၀၀၇၈၃)မှပါမစ်မိတ္တူမှန်တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစိစစ်ရာမြေကွက်လပ်ဖြစ်ပါသည်။သို့ပါ၍ဒေါ်အေးအေးကြွယ်မှပါမစ်မိတ္တူမှန်တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ပိုင်လိုသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ခင်
**အသက်(၇၂)နှစ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်-ဒေါက်တာမြင့်မြင့်ခိုင်တို့၏ဖခင် ဦးမြင့်ခင် အသက်(၇၂)နှစ်သည် ၂၅-၃-၂၀၁၇ရက်တွင် မိတ္ထီလာမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဇနီး မိကျင်သန်းနှင့်**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းလွင်
**အသက်(၈၀)**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၄)လမ်း၊ အမှတ် ၁၁/ကနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/စီ)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၈)လမ်း၊ အမှတ် ၆၂၆နေ (ဦးထွန်းရှင်-ဒေါ်မြ)တို့၏သား၊ (ဦးညွှန့်-ဒေါ်တင်)တို့၏သားသမက်၊ ဦးဝင်းမြင့်အောင်(စစ်မှုထမ်း၊ ငြိမ်း)-ဒေါ်ချိုချိုမာ(အလက-၅၊ ဒဂုံတောင်)၊ ဦးခင်မောင်လွင်-ဒေါ်မိုးကြည်စင်၊ ဦးကြည်သက်လွင်(ရဲအုပ်-ငြိမ်း၊ သတင်းရဲတပ်ဖွဲ့)-ဒေါ်ဝင်းဝင်းမော်၊ ဦးခင်မောင်ကြည်၊ ဦးသော်တာ(C/E BUMI SHIP MANAGEMENT)-ဒေါ်မိုးကေသီ(မန်နေဂျာ၊ ငွေစုဘဏ်ခွဲ-၃၊ MEB)၊ ဦးရန်နိုင်ထွန်း-ဒေါ်မြတ်ကေသီ(ဒဂုံတောင်မြို့နယ်ပညာရေးမှူးရုံး)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ဝင်းကြည်၏ခင်ပွန်းသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ည ၈း၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(သဃ်္ဃန်းကျွန်း BOC မှတ်တိုင်အနီးနှင့်ဒဂုံတောင်နေအိမ်တို့မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/စီ)ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်သင်း @ Sapphire Maung Gyi
**အသက်(၇၆)နှစ်**

ရွှေဘိုမြို့၊ အန့်ကြီးဆန်စက်ပိုင် (ဦးမောင်ကြီး-ဒေါ်မေစီ)တို့၏သမီး၊ (ဦးဘိုးညဏ်-ဒေါ်ချစ်စု)တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ ဦးကြွယ်အေး၏ဇနီး၊ (ဦးမောင်မောင်-ဒေါ်သိန်းရွှေ)၊ ဦးကြွယ်ငွေး-ဒေါ်လှဲ့လှဲ့ယု၊ (ဦးမျိုးသန့်-ဒေါ်တင်တင်အေး)၊ (ဦးသိန်းလွင်-ဒေါ်ခင်မြင့်သီ)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးမျိုးခန့်-ဒေါ်ခင်ခင်ငြိမ်း၊ (ဦးခင်မောင်ညွှန့်) - ဒေါ်ကြည်ကြည်လင်း၊ (ဗိုလ်မှူးကြီးမျိုးလွင်၊ ငြိမ်း) - ဒေါ်မူမူလှတင်တို့၏အစ်မသည် ၂၅-၃-၂၀၁၇ရက်(စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်သင်း
**အထက်တန်းပြ(ငြိမ်း)၊ အထက(၂၂)**
**အသက်(၇၆)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အောင်တော်မူရပ်၊ ၆၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၁၆နေ (ဦးမောင်ကြီး-ဒေါ်မေစီ)တို့၏သမီး၊ (ဦးဘိုးညဏ်-ဒေါ်ချစ်စု)တို့၏သမီးချွေးမ၊ ဦးကြွယ်အေး၏ဇနီး၊ ဒေါ်ကေသွယ်ကြွယ်အေး၊ ဒေါ်မေနွယ်ကြွယ်အေး၊ ဦးဇာနည်ကြွယ်အေး-ဒေါ်ရီရီမိုးတို့၏မိခင်၊မောင်မိုးသန့်စင်၏အဘွားသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှအေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာဒေါ်ခင်မလေး အသက်(၇၄)နှစ်
**တွဲဖက်ပါမောက္ခ(ငြိမ်း)(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)**

မအူပင်မြို့နေ (ဦးခင်မောင်-ဒေါ်ခင်မြ)၊ ရန်ကုန်မြို့၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၄၃/၄၅နေ (ဦးမောင်ကလေး-ဒေါ်တင့်)တို့၏သမီး၊ စမ်းချောင်းမြို့နယ်နေ [ဆရာကြီး ဦးဖေယျာ(သိဒ္ဓိဆေးတိုက်)-ဒေါ်နု]တို့၏သမီးချွေးမ၊ ဦးဖေယျာမျိုးသန့်(Ex:Ro)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးဝင်း(ဒု-ထွေ/ဂျာ၊ မြန်မာ့ဂုန်လျှော်-ငြိမ်း)-(ဒေါ်ခင်လေးရီ၊ လ/ထမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်၊ ငြိမ်း)၊ ဒေါ်နုနုရီ(အထပြ၊ ငြိမ်း)၊ (ရဲအုပ်မျိုးချစ်)၊ ဦးမျိုးမြင့်(အလုပ်ရုံခွဲမှူး၊ စက်မှု၊ ငြိမ်း)-ဒေါ်မာလာ(လ/ထ ညွှန်မှူး၊ စက်မှု)၊ ဦးအောင်မောင်း(စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်တင်တင်ရီ (လ/ထ ညွှန်မှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး-ငြိမ်း)(MSC Co.,Ltd)၊ ဦးမြင့်ဦး(သင်္ဘောအင်ဂျင်နီယာ၊ ငြိမ်း)၊ ဒေါက်တာသင်းသင်းအေး(ဆေးရုံအုပ်ကြီး၊ စိတ်ရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့)၊ ဦးတင့်ဝေ(အလပြ၊ ငြိမ်း)တို့၏အစ်မသည် ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဆရာမကြီး ဒေါ် A ဘာရာဒွါဂျာ အသက်(၈၈)နှစ်
**B.A., M.A.,B.Ed**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အလက(၂)ပန်းဘဲတန်း၊ အထက(၄)အင်းစိန်**
**ကျောင်းအုပ်ကြီး MLA International School (Yangon)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၂၄လမ်း၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၅၁/၅၃နေ (ဦးဂေါတမဘာရာဒွါဂျာ၊ ကထိက၊ ငြိမ်း၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ (P M ဘာရာဒွါဂျာ-ပဒမာဝတီ)၊ (VV ဘာရာဒွါဂျာ)-ဒေါ်ခင်မြဦး၊ (ဆရာမကြီးဒေါ် L ဘာရာဒွါဂျာ၊ ကထိက/ဌာနမှူး၊ သမိုင်းဌာန၊ မန္တလေးကောလိပ်)တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဒေါက်တာအင်ဒီရာဘာရာဒွါဂျာ)၊ ဦးသန်းထွဋ်-ဒေါ်အေးအေးမြင့်၊ (Ravi Raj)၊ ဒေါ်မာလာဘာရာဒွါဂျာ-ဦးဝင်းလွင်၊ ဒေါ်နီလာဘာရာဒွါဂျာ-(ဦးတိုနီဆင်း)၊ USA နေ Dr Krishan Bharadwaja,Raj Tilak Bharadwaja,Asha Khetrapal, Rabindra Nath Bharadwaja တို့၏အဒေါ်၊ ဒေါက်တာဝသန္တာဘာရာဒွါဂျာ-ဒေါက်တာNina ခင်မော်မော်တို့၏မိခင်၊ Kevalyn Bharadwaja တို့၏အဘွားသည် ၂၆-၃-၂၀၁၇ရက် အိန္ဒိယစံတော်ချိန် နံနက် ၂း၁၀နာရီတွင် ချင်နိုင်းမြို့၊ Global Hospital၌ ကွယ်လွန်သွားပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားသိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်အေး (ဇာသပြင်)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၂၇နေ (ဦးစုလိန်-ဒေါ်ဖွားရင်)တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်ညွှန့်စိန်)တို့၏သမီးချွေးမ၊ (ဦးယုကြည်)၊ (ဦးယုဟို)တို့၏ညီမ၊ ဦးတင်ဦး၏ဇနီး၊ ဦးကျော်စိုး-ဒေါ်အေးအေးသိန်း၊ ဦးလှစိုး-ဒေါ်ခင်သီတာဦး၊ ဦးအောင်ညွှန့်သောင်း-ဒေါ်တင်တင်ကြည်၊ ဦးခင်မောင်ဇော်-ဒေါ်မိုးမိုးကြည်တို့၏မိခင်၊ မမေသူကျော်၊ မောင်ပြည့်ဟန်စိုး၊ ဒေါက်တာရဲအောင်၊ မောင်အောင်ပိုင်၊ မောင်ရဲမာန်ပြည့်၊ မောင်ထက်အောင်ရှိုင်း၊ မောင်ကြည်ဇော်ဟိန်းတို့၏အဘွားသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ည ၈း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့် (ပျဉ်ပုံကြီး)
**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပျဉ်ပုံကြီးကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်အေး)တို့၏သမီး၊ (ဦးသိန်းဦး)၏ဇနီး၊ ဦးကျော်ဆွေဝင်း-ဒေါ်မြမြဦး၊ ဦးအောင်အောင်-ဒေါ်မာမာဦး၊ ဦးစိုးသီဟ(တပ်မတော်-ရေ)-ဒေါ်အေးအေးသိန်း၊ ဦးမင်းမင်းခိုင်-ဒေါ်နီလာဝင်းတို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်ကြီးသိန်းဟန်ဝင်း(တကရ-၅၀၁၀)၊ မောင်အောင်သူရဝင်း၊ မသန္တာဆွေဝင်း၊ မအိအိသဲ၊ မောင်ဇေလင်း(Grade-8) အလက(၁)ဒဂုံ၊ မမေသူခိုင်(Grade -7) အလက(၁)ဒဂုံတို့၏ဘွားဘွားကြီးသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) နံနက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမ၊ အမှတ် ၅/၄လွှာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မြင့်
**ဒဂုံ/သမ(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်သန်း-ဒေါ်နု)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက် ၂၆၊ အခန်း ၁၂နေ ဦးစိုးတင့်(စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးဝင်းမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ သမဝါယမဝန်ကြီးဌာန)-(ဒေါ်မြင့်မြင့်)၊ ဒေါ်သန်းသန်းနု(လက်ထောက်ညွှန်မှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏အစ်မ၊ ဦးပြည်စိုး(MD Royal Golden Pearl Co.,Ltd.)-ဒေါ်ယဉ်မြတ်စိုး(Director Royal Golden Pearl Co.,Ltd.)၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်လေး-ဒေါ်အေးမြတ်စိုး(Director Minthami Co.,Ltd.)၊ ကိုဖြိုးမင်းစိုး(Brand Manager, Carlsberg Co.,Ltd.)၊ ကိုသန်းထိုက်စိုးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) ည ၉း၁၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(တိုက် ၃၁၊ အခန်း ၃၊ ဦးဝိစာရအိမ်ရာမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မျိုးကျော် (လဝကမှူး)
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၈၄)နေ (ဒုတိယဗိုလ်မှူးကြီးတင်ညွှန့်)-ဒေါ်မြရီတို့၏သား၊ ဦးကျော်ကျော်ဦး-ဒေါ်စောမြတ်မွန်၊ ဒေါက်တာရဲမြင့်ကျော်-ဒေါ်ခင်ရည်မွန်၊ ဦးအောင်နိုင်ကျော်-ဒေါ်နိုင်နိုင်တို့၏ညီ၊ အမှတ်(၁၆၀/၁၆၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သီတာကြွယ်(အထက-၁၊ ဒဂုံ)၏ခင်ပွန်း၊ ဒေါက်တာမေသူကျော်(ခေတ္တ-USA)၊ မသက်နှင်းဆု၊ မောင်ကောင်းမျိုးကျော်(မသန်စွမ်းသက်ငယ်ကျောင်း)တို့၏ကျေးဇူးရှင် မွေးသဖခင်သည် ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဘူးကွဲတိုက် (၄၃၆၄)လဝက ဝန်ထမ်းအိမ်ရာနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းကြည် အသက်(၅၃)နှစ်
**အထက်တန်းပြအငြိမ်းစား၊ အထက(၁)သံဖြူဇရပ်မြို့**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အောင်သာယာရပ်၊ တပင်ရွှေထီးလမ်းသွယ်(၁)၊ အမှတ် ၁၇-ကနေ (ဦးသိန်းချိန်-ဒေါ်အုံးရှင်)တို့၏သမီး၊ ဦးမောင်ညို(လက်ထောက်ညွှန်ကြားရေးမှူး၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)၊ ဦးစိုးသိန်း(Resident Technical Officer GWC Consulting Pte Ltd, Singapore)-ဒေါ်ယုယုသိန်းချိန်(အထက်တန်းပြ၊ ငြိမ်း)တို့၏ညီမ၊ (ဦးခင်မောင်ငွေး)-ဒေါ်ခင်သီတို့၏အစ်မ၊ မောင်မင်းကောင်းစည်သူ၏အဒေါ်၊ မောင်ကျော်ကိုကိုဦး၊ မထက်ထက်အောင်၊ မောင်ခန့်စည်သူ၊ (ပိုင်ပိုင်)၊ မောင်အောင်သင်းတို့၏ကြီးကြီးသည် ၂၅-၃-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗထူးအိမ်ရာနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တိုက် C3၊ အခန်း ၄၀၁၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ (၄၈)ရပ်ကွက်၊ မြောက်ဒဂုံ၌ ရက်လည်ဆွမ်းကျွေးတရားတော်နာရန်နှင့် ၁-၄-၂၀၁၇ရက်(စနေနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ သံဖြူဇရပ်မြို့၊ အမှတ်(၃)သုခကာရီရိပ်သာ၊ အောင်ဇေယျရပ်ကွက်တွင်လည်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသိရိန္ဒာဘိဝံသ
**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဒု-ဥက္ကဋ္ဌ)**
**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

မွန်ပြည်နယ်၊ သထုံမြို့၊ လယ်ဝန်ပရိယတ္တိစာသင်တိုက်နှင့် မူလမင်းကွန်းဇေတဝန် ပဋ္ဌိပတ္တိ ကမ္မဋ္ဌာန်းတိုက်တို့၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ သံသာရဘီရုက၊နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သိရီပဝရ ဓမ္မာစရိယ၊ ပိဋကတ္တယပါရဂူ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒု-ဥက္ကဋ္ဌ) ဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) ၂၄-၃-၂၀၁၇ရက် နံနက် ၄း၃၀နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်တော်ကို ၂၅-၃-၂၀၁၇ရက်မှ ၁-၄-၂၀၁၇ရက်အထိ အပူဇော်ခံထားရှိကာ (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၆ ရက်) ၂-၄-၂၀၁၇က် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဂေါ့ကျေးရွာ၌ သံဃအန္တိမအဂ္ဂိစျာပနကို ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများအားအသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**သာသနဓဇ ဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ**
**B.A (Myanmar)**
## ဘဒ္ဒန္တသူရနာထ
**သက်တော်(၅၂)နှစ်၊ သိက္ခာတော်(၃၁)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာသိဒ္ဓိလမ်း၊ ဟိတကာရီစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသူရနာထသည် ၂၄-၃-၂၀၁၇ရက် ည ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၈-၃-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဟိတကာရီစာသင်တိုက်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) စျာပနကျင်းပရေးကော်မတီ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်
**(ဥက္ကဋ္ဌ၊ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့၊ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး)**
**အသက်(၈၇)နှစ်**

မန္တလေးမြို့၊ ကွမ်းခြံရပ်နေ (ဦးဘတုပ်-ဒေါ်ဒေါ်ရ)တို့၏သား၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ (ဦးထွန်းရင်-ဒေါ်ခင်ညွှန့်)တို့၏သားသမက်၊ (ဒေါ်အမာကြည်)၏ခင်ပွန်း၊ (ဦးဝင်းမြင့်)၊ ဦးရဲမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးဖုန်းမြင့်-ဒေါ်အေးအေးသန်း၊ ဦးမိုးကျော်-ဒေါ်ရွှန်းပြည့်ဝင်းငွေး၊ (ဦးသိန်းလွင်)-ဒေါ်မြတ်မြတ်မိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၃-၂၀၁၇ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် တပ်ကုန်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ်ထွန်းကြည် အသက်(၇၃)နှစ်
**(လေ/၁၄၈၅၅)၊ (ဒ.လ.ခ၊ ငြိမ်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြေလတ်ကျေးရွာနေ (ဦးမြသန်း-ဒေါ်ငွေစိန်)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်နေ(ဦးလေးမောင်-ဒေါ်ဝါးဖြူ)တို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီမြို့သစ်၊ အပိုင်(၃)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၉၂နေ ဦးလှရွှေ-ဒေါ်စိန်ကြည်မတို့၏ညီ/မောင်၊ ဒေါ်ကြည်လှိုင်၊ ဦးကျော်အေး-ဒေါ်အေးဝင်းတို့၏အစ်ကို၊ ဒေါ်လှဲ့လှဲ့ဝင်း(အမက-၂၄၊ မင်္ဂလာဒုံ)၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်သူ(ငြိမ်း)-ဒေါ်စိုးစိုးအေး၊ ဦးဆွေထွန်းထွန်း(MAI)-ဒေါ်ခိုင်ခိုင်သင်း၊ ဦးအောင်မင်း(MAI)-ဒေါ်လွင်လွင်မော်(အထက်တန်းသူနာပြု၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါက်တာသီဟစိုး-ဒေါ်ယဉ်ယဉ်မိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ငယ်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၁၇ရက် (စနေနေ့) နံနက် ၉နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဆရာဦးအောင်သန်း (ကျူရှင်ဆရာ)
**မြောက်ဦး/စစ်တွေ**
**အသက်(၆၇)နှစ်**

စစ်တွေမြို့၊ မင်းဘာကြီးလမ်း၊ လမ်းသစ်ရပ်ကွက်၊ အမှတ် ၂၃၃နေ (ဦးလှစောဖြူ-ဒေါ်မနော်ခိုင်)တို့၏သားထွေး၊ (ဦးသာထွန်းအောင်-ဒေါ်စိန်ပု)တို့၏သားသမက်၊ ဒေါ်မခင်သန်း၏အစ်ကို၊ ဒေါ်မလှတင်၏ခင်ပွန်း၊ မအိအိဇင်(ခေတ္တ-နယူးဇီလန်)၊ မနွဲ့နွဲ့ဇင်(နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ စစ်တွေ)တို့၏ဖခင်သည် ၂၅-၃-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီးမှ အာဂျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ကြီး
**လ-၁၂၃၄၄၅၊ ရဲတပ်ကြပ်ကြီး (လမ်းမတော်မြို့မရဲစခန်း)**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးပေါကြွယ်)-ဒေါ်ခင်မာအေးတို့၏သား၊ ဦးအေးရွှေ-(ဒေါ်စောညွှန့်)တို့၏သားသမက်၊ လမ်းမတော်မြို့နယ်၊ တိုက် ၆၊ အခန်း ၁၆၊ ဘိုးရာဇာလမ်း၊ ကီလီရဲရိပ်သာနေ ဒေါ်အေးစံ၏ခင်ပွန်း၊ ဦးကျော်နိုင်ထွန်း(SKY NET)-ဒေါ်မာမာကြွယ် (တပ်ကြပ်၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး)တို့၏မောင်၊ ဦးဝင်းနိုင်-ဒုရဲမှူးအောင်မြကြွယ်(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)တို့၏အစ်ကို၊ မောင်ပြည့်ဖြိုးကြွယ်(C.W.M.M Co.,Ltd)၊ မဖြူဖြူခိုင်တို့၏ဖခင်သည် ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(လမ်းမတော်မြို့နယ်နေအိမ်နှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး အအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၇ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# နေပြည်တော် တိရစ္ဆာန်ဥယျာဉ် (၉)နှစ်ပြည့်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပ



နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ အပန်းဖြေလာရောက်လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်

**နေပြည်တော် မတ် ၂၆**

နေပြည်တော် တိရစ္ဆာန်ဥယျာဉ် (၉) နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပခဲ့ပြီး လာရောက်လေ့လာကြသူများအား ပျော်ပွဲရွှင်ပွဲများဖြင့် ဖျော်ဖြေပေးကြသည်။

လာရောက်လေ့လာကြသူများအား နံနက် ၈ နာရီမှစတင်ပြီး Unplugged တီးဝိုင်းဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဂိမ်းကစားပွဲများပြုလုပ်ပေးခြင်း၊ ဂိမ်းအနိုင်ရရှိသူများအား အမှတ်တရ တီရှပ်လက်ဆောင်များပေးခြင်း၊ ဆင်လိမ္မာလေးများ၏ အကအလှများဖြင့် ဖျော်ဖြေခြင်း စသည့်ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခဲ့သည်။

"(၉)နှစ်ပြည့်လုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ တိရစ္ဆာန်ဥယျာဉ်ကို ဧည့်သည်တွေ ပိုမိုလာရောက်ဖို့နဲ့ အပန်းဖြေနိုင်ဖို့၊ တိရစ္ဆာန်တွေကို လူသိပိုမိုများပြား

*စာမျက်နှာ ၅ ကော်လံ ၁* ❖

## ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ ရခိုင်ပြည်နယ် မောင်တောဒေသသို့ လွတ်လပ်စွာ သတင်းသွားယူကြမည်

**နေပြည်တော် မတ် ၂၆**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ရခိုင်ပြည်နယ် မောင်တောဒေသသို့ မြေပြင်ကွင်းဆင်း၍ လွတ်လပ်စွာ သတင်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင် ဦးဆောင်သော ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့ဝင် ၂၀ ခန့်သည် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့်ပတ်သက်၍ ဖော်ထုတ်တားဆီးခဲ့မှု၊ ဖြစ်စဉ်ဖြစ်ပွားခဲ့မှုကြောင့် နေရပ်မှထွက်ခွာတိမ်းရှောင်သွားသူများ ပြန်လည်ဝင်ရောက်လာမှု၊ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းနှင့် ပြန်လည်နေရာချထားရေးဆောင်ရွက်မှု၊ ငါးဖမ်းလုပ်ငန်း ၊ နယ်စပ် လူဝင်ထွက်မှုနှင့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ပို့ဆောင်ရောင်းချမှု စသည့် မြေပြင်အခြေအနေများကို လွတ်လပ်စွာ သတင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပ သတင်းမီဒီယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိလည်း ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူခဲ့ကြသည်။

(သတင်းစဉ်)

# ရိုးရာကျားတို့အားပြိုင်ပွဲ ပွဲစဉ်(၄) ယနေ့ယှဉ်ပြိုင်ထိုးသတ် ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ဖျံသွေး သရေဖြင့်ပြီးဆုံး

**သတင်းမြင်ကွင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Great Tiger Group (GTG) က စီစဉ်ကျင်းပသော ရိုးရာကျားတို့အားပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ရိုးရာလက်ဝှေ့ချစ် ပြည်သူများစိတ်ဝင်စားသည့် ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)တို့ အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်ပြီးဆုံးခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ရိုးရာကျားတို့အားပြိုင်ပွဲ ပွဲစဉ်(၄)တွင် ငါးချီတွဲဆိုင်း စုစုပေါင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ရာ အထူးစိန်ခေါ်ပွဲစဉ်ဖြစ်သည့် ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ဖျံသွေးတို့ပွဲတွင် ပွဲစသည့်နှင့် တစ်ဖက်နှင့်တစ်ဖက် အားပြိုင်မှုသွေးအေးခဲ့သောကြောင့် ကြိုးစင်ဒိုင်ကပင် ထိုးသတ်ရန် အကြိမ်ကြိမ် သတိပေးခဲ့ရသည်။ ပြည်သူများက တစ်ဖက်နှင့်တစ်ဖက် စိုးလင်းဦး၊ ဖျံသွေး စသည်ဖြင့်အား ပေးခဲ့သော်လည်း သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ကာ အလူးအလဲမရှိဘဲ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ မျှော်လင့်ထားသည့်အတိုင်း သရေဖြင့်ပြီးဆုံးခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ❄

ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် ဖျံသွေးတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၈ ရက် သတင်းစာတွင် ပါရှိမည်

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၈ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(မြန်မာ့အလင်း)

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ဒုတိယ)နေ့ စည်ကား သိုက်မြိုက်စွာကျင်းပ**

စာ » ၅

**ဂန့်ဂေါ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၆ လုံးနှင့် ကျောင်းတစ်ကျောင်းပျက်စီး**

စာ » ၁၂



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မတ် ၂၇၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



ပညာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

## တစ်နှစ်တာအတွင်း ပညာရေးကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံတည်ဆောက်

တွေ့ဆုံမေးမြန်း-သွန်းဝသန့်၊
ဓာတ်ပုံ-မေဦးမိုး၊ ပညာရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာကြည့်ရန်အတွက် တိုင်းတာရမည့် ပေတံများအနက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အထူးအရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ အစိုးရသစ် တက်လာပြီးနောက် မြန်မာ့ပညာရေးကို အစွမ်းကုန်မြှင့်တင် ရန်အတွက် မူလတန်းကြိုအရွယ်မှသည် အဆင့်မြင့်နှင့် သက်မွေးပညာရပ်များ သင်ယူတတ်မြောက်သည်အထိ အဆင့်အတန်းပြည့်မီသည့် ပညာရေးစနစ်မျိုးကို ပြုပြင်ပြောင်းလဲခဲ့ရာ အစိုးရ သစ်သက်တမ်းတစ်နှစ်တာအတွင်း ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး ။ ။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲဖို့အတွက် တစ်နှစ်တာအတွင်း ဘယ်လိုမူဝါဒတွေ ချမှတ်ကျင့်သုံးနေပါသလဲ**

ဖြေ ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကလေးများ၊ လူငယ်များရဲ့ ပညာသင်ယူနိုင်မယ့် အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများရဲ့သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးတို့ကို ဦးတည်ပြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဖို့အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ ရဲ့ ပညာရေးရည်မှန်းချက်နဲ့အညီ တစ်နှစ်တာကာလအတွင်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကိုဆောင်ရွက်နိုင်ရန် လုပ်ငန်းနယ်ပယ် ၉ ရပ်သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ၂၀၁၇ ဖေဖော်ဝါရီ ၂၃ ရက်က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဌာန (၂)မှာ ကျင်းပခဲ့ပါတယ်။

**မေး ။ ။ အခြေခံပညာကို တစ်နိုင်ငံလုံးက ကလေးသူငယ်တိုင်း လွယ်လင့်တကူ သင်ယူတတ်မြောက်နိုင်ဖို့အတွက် တစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ခဲ့မှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ အခြေခံပညာကဏ္ဍမှာ ကျောင်းသား၊ ကျောင်းသူများရဲ့ ကျောင်းတက်ရောက်မှုဟာ မြို့ပြနဲ့ ကျေးလက်ဒေသ နှိုင်းယှဉ်ရင် မြို့ပြမှာအတန်းအဆင့် ကူးပြောင်းနှုန်း ပိုမိုမြင့်မားပြီး ကျောင်းထွက်နှုန်းနည်းတာ တွေ့ရပါတယ်။ ဒါကြောင့် ကျေးလက်နဲ့ ဝေးလံဒေသကကလေးတွေ သင်ယူမှုအခွင့်အလမ်းတွေပိုရဖို့အတွက် ကျောင်းအဆင့်တိုး သတ်မှတ်ရာမှာ ယခင်က ကျောင်းသားဦးရေ တစ်ခုတည်းအပေါ်မှာသာ သတ်မှတ်ခဲ့ပေမယ့် အခုအခါ ခရီးအကွာအဝေးအခြေအနေကိုပါ ထည့်သွင်း သတ်မှတ်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေ ကို အနီးဆုံးတစ်ဆင့်မြင့်ကျောင်းနဲ့ နှစ်မိုင်အကွာ၊ သွားလာရေးလွယ်ကူတဲ့ မြေပြန့်ဒေသများအတွက် သုံးမိုင်ခရီးအကွာအဝေးရှိတဲ့ ကျောင်းတွေကို အဆင့်တိုးမြှင့်ပေးဖို့ ပြင်ဆင် သတ်မှတ်ခဲ့ပြီး ဒီနှစ်အတွက် ကျောင်းပေါင်း၃၃၁၂ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ကျောင်းအဆင့် တိုးမြှင့်ပေးရာမှာအထက်တန်းကျောင်းအဆင့်ကို သတ်မှတ်ကျောင်းသားဦးရေပြည့်မီမှသာတိုး မြှင့်ပေးပါတယ်။

**အဆင့်တိုးမြှင့်ပေးခဲ့သည့် ကျောင်းများ**

| အထက | အလက | အမက | အထက(ခွဲ) | အလက(ခွဲ) | မူလွန် | အမက(ခွဲ) | ပေါင်း |
|---|---|---|---|---|---|---|---|
| ၄၅ | ၅၅ | ၂၃၆ | ၃၁၉ | ၉၀၇ | ၁၂၄၂ | ၅၀၈ | ၃၃၁၂ |

**မေး။ ။ တစ်နှစ်တာအတွင်းမှာ ကျောင်းသားကျောင်းသူတိုင်း အခမဲ့မသင်မနေရပညာရေးစနစ်ကို ကျင့်သုံးဖို့ ကြိုးပမ်းတဲ့အခါ လက်ရှိဆောင်ရွက်နေတဲ့ အနေအထားကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျောင်းသား ကျောင်းသူတွေအားလုံး အခမဲ့ မသင် မနေရ မူလတန်းပညာရေးကိုပြီးမြောက်ပြီး အလယ် တန်း၊ အထက်တန်းအထိ သင်ယူပြီးမြောက်စေဖို့ ကြိုးပမ်း ဆောင်ရွက်ရာမှာ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းအဆင့်တွေကို ကျောင်းသုံးဖတ်စာအုပ်တစ်စုံစီအခမဲ့ ထောက်ပံ့ပေးခြင်း၊ ငွေကြေး ကောက်ခံခြင်း လုံးဝမပြုဘဲ မူလတန်းအဆင့်ကလေးများအား ဗလာစာ အုပ်ခြောက်အုပ်စီနဲ့ ကျောင်းဝတ်စုံတစ်စုံစီအခမဲ့ပံ့ပိုး ပေးခဲ့ပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်မှာ မိဘပြည်သူလူထုရဲ့ ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့်

**အချပ်ပို (ခ) သို့**

**အချပ်ပို(က)မှ**

ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်း ပေါင်း ၄၆၀၀၆ ကျောင်း၊ ဆရာ၊ ဆရာမ ၃ ဒသမ ၆သိန်း၊ ကျောင်းသားဦးရေ ၉ ဒသမ ၀၇ သန်း အထိ အစိုးရသစ်လက်ထက်မှာ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆-၁၇ ပညာသင်နှစ်မှာ မူလတန်းကျောင်းပေါင်း ၅၂၂ ကျောင်း တိုးလာပြီး ဆရာ ၁၈၀၀၀ ကျော် တိုးလာခဲ့သလို အခမဲ့ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းသား ကျောင်းသူ လေးသိန်းခန့်တိုးလာခဲ့ပါတယ်။

| ပညာသင်နှစ် | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| ၂၀၁၅-၁၆ | ၄၅၄၈၄ | ၃၆၈၀၁၂ | ၈၆၅၆၀၉၃ |
| ၂၀၁၆-၁၇ (ဒီဇင်ဘာ) | ၄၆၀၀၆ | ၃၈၆၇၀၉ | ၉၀၇၈၃၆၀ |
| တိုးတက်မှု | ၅၂၂ | ၁၈၆၉၇ | ၄၂၂၂၆၇ |

**မေး ။ ။ လူတိုင်းအကျုံးဝင်တဲ့ ပညာရေးဖြစ်လာဖို့အတွက် ဘယ်လိုဆောင်ရွက်မှုတွေ ရှိပါသလဲ။**

**လူတိုင်းအကျုံးဝင်ပညာရေး**

ဖြေ ။ ။ အမြင်အာရုံအားနည်းတဲ့ကျောင်းသား၊ ကျောင်းသူများက အလက ၅ မရမ်းကုန်းနဲ့ အထက ၅ ကြည့်မြင်တိုင်တို့မှာ တက်ရောက်ပညာသင်ယူနေပြီး အကြားအာရုံအားနည်းတဲ့တဲ့ကျောင်းသား၊ ကျောင်းသူများက အထက ၃ ဒဂုံမှာ တက်ရောက် ပညာသင်ယူနေကြပါတယ်။ ကိုယ်လက်အင်္ဂါ မသန်စွမ်းသော ကျောင်းသား ကျောင်းသူများကလည်း အခြားကျောင်းသား၊ ကျောင်းသူတွေလိုပဲ မူလတန်း၊ အလယ်တန်း အထက်တန်းကျောင်းတွေမှာ တက်ရောက်ပညာသင်ယူခွင့်ရှိပါတယ်။ ဒါပေမယ့် ဆရာ၊ ဆရာမတွေက ဒီလိုကျောင်းသား၊ ကျောင်းသူတွေကို စနစ်တကျ သင်ကြားသင်ယူပေးနိုင်ဖို့ သင်တန်းတွေပေးပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူတိုင်းအကျုံးဝင် ပညာရေးကို ပိုမိုအလေးထား ဆောင်ရွက်နိုင်ဖို့အတွက် အမြင်အာရုံချို့တဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ အကြားအာရုံချို့တဲ့တဲ့ ကျောင်းသား ကျောင်းသူတွေကို ယူနီဆက်နဲ့ ပူးပေါင်းပြီး ဗလာစာအုပ်တွေ၊ ကျောပိုးအိတ်တွေနဲ့ အခြားလိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများကို ၂၀၁၆ ခုနှစ် ဇွန်လမှာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။



အခမဲ့ပညာရေးစနစ် အကောင်အထည်ဖော်ရေးအတွက် ကျောင်းအပ်နှံရေးကာလ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ အခမဲ့ထုတ်ပေးစဉ်



ကျောင်းကျန်းမာရေး မြှင့်တင်ရန်အတွက် ကျောင်းသား ကျောင်းသူများလက်ဆေးနည်းစနစ် သရုပ်ပြစဉ်

**မေး ။ ။ ကျောင်းနေအရွယ်ကလေးငယ်တွေကို အသိပညာ ဗဟုသုတ တိုးပွားဖို့နဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အထွေထွေလိုက်နာဖွယ်ရာတွေကို ဝန်ကြီးဌာနအနေနဲ့ ပညာပေးမြှင့်တင်ပေးဖို့ရော ရှိပါသလား။**

**ဟောပြောပွဲတွေကို ဆောင်ရွက်**

ဖြေ ။ ။ ကျောင်းနဲ့ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးစတဲ့ အသိ ပညာပေးဟောပြောပွဲတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူတွေအတွက် နိုင်ငံသားကတ်ပြားတွေ ပေးဝေနိုင်အောင် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ပညာသင်ယူရန် အခက်အခဲ ရှိသူတွေအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းများ၏ သင်ကြားသင်ယူမှု အထောက် အကူပြုနိုင်ရန် အတွက် ကျောင်းထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေး လျက်ရှိပါတယ်။

**မေး ။ ။ မြန်မာ့ပညာရေး တစ်ခေတ်ဆန်းစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ သင်ရိုးညွှန်းတမ်းတွေကို ခေတ်မီတဲ့ သင်ရိုးအဖြစ်ပြောင်းလဲတာတွေကို မြင်တွေ့ရပါတယ်။ အဲဒီအပေါ်မှာရော ရှင်းပြပေးပါဦး။**

ဖြေ ။ ။ သင်ရိုးညွှန်းတမ်းတွေ မြှင့်တင်ပေးနိုင်ဖို့အတွက် ၂၀၁၆-၁၇ ပညာသင်နှစ်မှာ သူငယ်တန်းသင်ရိုးသစ်ထဲမှာ ကလေးများအား အားကစား၊ သီချင်းသီဆိုခြင်း၊ ကဗျာရွတ်ဆိုခြင်းများနဲ့ သင်ယူနိုင်ဖို့ သင်ကြားပေးနိုင်ရေးအတွက် ဆရာ ဆရာမတွေကို မွမ်းမံသင်တန်းတွေ ကြိုတင်ဖွင့်လှစ် ပို့ချပေးနိုင်ခဲ့ပါတယ်။ ပထမတန်းတက်မယ့် ကျောင်းသားကျောင်းသူတွေအတွက် အရေးကျင့်တဲ့စာအုပ်တွေကို ၂၀၁၇-၁၈ ပညာသင်နှစ်မှာ ဖြန့်ဝေနိုင်ဖို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ပထမတန်း ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလမ်းညွှန်စာအုပ်များကို JICA နဲ့ ပူးပေါင်း ရေးဆွဲပြုစုပြီး လာမယ့် ပညာသင်နှစ်မှာ အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ လာမယ့်ပညာသင်နှစ်မှာ သင်ကြားနိုင်ဖို့ ဆရာ၊ဆရာမတွေကို သင်ကြား သင်ယူမှုမြှင့်မားရေးဆိုင်ရာ မွမ်းမံ သင်တန်းတွေကို ဖွင့်လှစ်ပေးခဲ့ပါတယ်။

**ပူးပေါင်းလေ့လာစေ**

အခြေခံပညာကျောင်းများ အရည်အသွေး မြှင့်မားရေးကိုလည်း မိဘဆရာအသင်းများနဲ့ ပူးပေါင်းပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ နောင်စာသင်နှစ်မှာ မိဘအုပ်ထိန်းသူတွေက ကိုယ့်ရဲ့သားသမီး စာသင်ခန်းအပြင်ကနေ ကလေးရဲ့ပညာသင်ယူတတ်မြောက်ရေးအတွက် ဆရာ ဆရာမတွေနဲ့ ပူးပေါင်းလေ့လာစေမှာ ဖြစ်ပါတယ်။

လာမယ့်ပညာသင်နှစ်ကစပြီး အခြေခံပညာရေးရဲ့ ပညာရည်စစ်ဆေးတိုင်းတာရာမှာ သင်ကြားသင်ယူမှု၊ ပိုမိုကောင်းမွန်အောင် အခန်းဆုံးစစ်ဆေးမှု၊ နှစ်ဝက်စာမေးပွဲ၊ နှစ်ဆုံးစာမေးပွဲတွေနဲ့ ပညာအရည်အချင်းမှတ်တမ်းချုပ်တွေကို ပျမ်းမျှယူပြီး Grading နဲ့ နောက်အတန်းကို တက်ရောက်ခွင့်ပေးတဲ့ပုံစံနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းသား ကျောင်းသူများထဲက ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်းမပြည့်မီသူတွေနဲ့ သင်ယူမှုအားနည်းသူတွေကို Remedial Education နည်းစနစ်နဲ့ ဖြည့်ဆည်းသင်ကြားမှုကို သင်ကြားပြသ ပေးနိုင်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကိုလည်း ပညာ သင်နှစ်ဆုံးလို့ နောက်အတန်းတစ်တန်းကို တက်ရောက်ရာမှာ တော်၊သင့်၊ညံ့ အလိုက် အတန်းမခွဲရအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာမှာ ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုပံ့ပိုးမှုတွေ ပြုလုပ်ခဲ့ပါသေးလဲရှင့်။**

ဖြေ ။ ။ တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၇ မတ်လ ၈ ရက်က စတင်ခဲ့ရာမှာ ကျောင်းသား ဦးရေ ၇ ဒသမ ၁၄ သိန်း ဝင်ရောက်ဖြေဆိုခဲ့လို့ ယခင်နှစ်ကထက် ၈သောင်းကျော် တိုးတက်ဖြေဆိုလာခဲ့ပါတယ်။ မျက်မမြင်၊ ဆွံ့အ၊ နားမကြား၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် စာဖြေဖို့ အခက်အခဲရှိနေတဲ့သူတွေကို စာဖြေဆိုနိုင်ဖို့ စီစဉ်ပေးခဲ့ပါတယ်။ ဆွံ့အနားမကြားသူတွေကို sign language နဲ့ ရှင်းပြဖို့အချိန် ၁၀မိနစ်သတ်မှတ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

**အချပ်ပို(ဂ)သို့**

**ပညာရေးဝန်ထမ်းတွေရဲ့ လစာငွေတွေကို ဘဏ်စာရင်းမှ လွယ်လင့်တကူ ပြည့်ဝစွာ လွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ရုံး၊ ကျောင်း၊ တက္ကသိုလ်တွေမှာရှိတဲ့ အရာထမ်း၊ အမှုထမ်းပေါင်း ၁၈၀၀၅ ဦးအတွက် MPU Card ကို အသုံးပြုပြီး လစာကို ထုတ်ယူနိုင်ပြီဖြစ်**



ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေစဉ်

အချပ်ပို(ခ)မှ

| | ၂၀၁၆ ခုနှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|
| စာမေးပွဲဖြေဆိုသူ (သချာ်နေ့အထိ) | ၆၃၆၂၃၇ | ၇၁၄၅၂၁ |
| မျက်မမြင်စာဖြေသူ | | ၂၄ |
| ဆွံ့အနားမကြားစာဖြေသူ | | ၂၄ |
| ကိုယ်လက်အင်္ဂါမသန်စွမ်းစာဖြေသူ | | ၁၀၁ |
| လောက်ကိုင်စာစစ်ဌာနစာဖြေသူ | | ၈၇ |
| မြဝတီရွှေ့ပြောင်းမိသားစုမှ စာဖြေသူ | | ၁၀၃ |

### တိုင်းရင်းသားဘာသာစကား ၄၉ မျိုး သင်ကြား

**မေး ။ ။ တိုင်းရင်းသားဘာသာစကားတွေကို ထိန်းသိမ်းကြဖို့အတွက် သင်ကြားပေးတာတွေကို အခြေခံပညာကျောင်းတွေမှာ ထည့်သွင်းသင်ကြားပေးမယ်လို့ သိရပါတယ်။ စီစဉ်ဆောင်ရွက်နေမှုကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ အခြေခံပညာကျောင်းတွေမှာ တိုင်းရင်းသားဘာသာစကား ၄၉ မျိုးကို သင်ကြားပေးဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ တိုင်းရင်းသားဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တွေက ပြုစုထားတဲ့အတိုင်း သင်ကြားပေးဖို့ ရှိပါတယ်။ တိုင်းရင်းသားဘာသာစာအုပ်တွေကို အခြေခံပညာဦးစီးဌာနကနေ အခမဲ့ပုံနှိပ်ဖြန့်ဝေနိုင်ဖို့ စီစဉ်ခဲ့တဲ့အပြင် တိုင်းရင်းသားဘာသာစကား ၊ တတ်ကျွမ်းတဲ့ သင်ကြားပေးနေတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ထောက်ပံ့ကြေးတွေပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ တိုင်းရင်းသားဘာသာစကား သင်နိုင်တဲ့ဒေသခံ ဆရာတွေကို teaching assistant ခန့်ထားနိုင်ရေးကိုလည်း တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပူးပေါင်းပြီး အနည်းဆုံးပညာအရည်အချင်း သတ်မှတ်စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### သင်ကြားရေးဆိုင်ရာ ပံ့ပိုးကူညီ

**မေး ။ ။ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးနေတဲ့ အပိုင်းတွေကိုလည်း သိရှိလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဆရာ ဆရာမတွေရဲ့ ဆရာအတတ်ပညာအရည်အသွေးတွေ ပိုမိုပြည့်ဝစေဖို့အတွက် ပညာရေးကောလိပ်တွေကို လေးနှစ်သင်ဒီဂရီကောလိပ်တွေအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ် သွားနိုင်ဖို့ကို Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ တစ်နှစ်တာအတွင်း ဆရာ၊ ဆရာမတွေရဲ့ စွမ်းရည်တွေ အားကောင်းလာဖို့အတွက် သင်ကြားရေးဆိုင်ရာ ပံ့ပိုးကူညီခြင်း (Teacher Mentoring) အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမများရဲ့ ပညာရည်မြင့်မားလာရေးအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းပွဲတွေကိုလည်း ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။ Teacher Competency Framework ကိုလည်း စတင်ရေးဆွဲနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျောင်းပြင်ပတစ်သက်တာပညာရေးအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ အကြောင်းအမျိုးမျိုးနဲ့ ကျောင်းတက်ရောက်နိုင်ခြင်း မရှိတဲ့သူတွေနဲ့ ပညာမပြီးဆုံးသေးတဲ့အချိန်တွေမှာ ကျောင်းထွက်လိုက်ရတဲ့သူတွေ အားလုံးကို ပညာဆက်လက်သင်ယူနိုင်မယ့်အစီအစဉ်တွေ ချမှတ်ခဲ့ပါတယ်။ ကျောင်းပြင်ပသင်ယူမှုတွေအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအသစ်ကို ၂၀၁၆ ဩဂုတ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၆ နိုဝင်ဘာမှာ ကယားပြည်နယ် ပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနဲ့ ၂၀၁၇ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီမှာ ရှမ်းပြည်နယ် တောင်ကြီးခရိုင် မြို့နယ် ကိုးမြို့နယ်မှာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။



TVET ဖိုရမ် ကျင်းပစဉ်

### သက်မွေးပညာသင်ကြား

**မေး ။ ။ သက်မွေးပညာသင်ကြားလေ့ကျင့်မှု အခြေအနေနဲ့ တစ်နှစ်တာအတွင်းမှာ သင်ကြားလေ့ကျင့် ပေးနိုင်ခဲ့တဲ့ အခြေအနေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေ၊ စက်မှုလက်မှုသိပ္ပံတွေနဲ့ နည်းပညာကောလိပ်တွေစုစုပေါင်း၅၉ ကျောင်းဖွင့်လှစ်ထားရှိပြီး ဆရာ၊ ဆရာမ ၂၀၀၀ကျော်က ကျောင်းသား ၁၉၀၀၀ ကျော်ကို လေ့ကျင့်ပေးလျက်ရှိပါတယ်။

| ကျောင်း | ဆရာ | ကျောင်းသား | |
|---|---|---|---|
| နည်းပညာကောလိပ် | ၃ | ၃၁၇ | ၃၇၃၃ |
| စက်မှုလက်မှုသိပ္ပံ | ၂၁ | ၉၅၁ | ၁၀၀၇၉ |
| အစိုးရနည်းပညာ အထက်တန်းကျောင်း | ၃၅ | ၁၁၇၈ | ၅၈၈၉ |
| စုစုပေါင်း | ၅၉ | ၂၄၄၆ | ၁၉၆၉၁ |





ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ တောင်ကုတ်ဒီဂရီကောလိပ်ဖွင့်ပွဲ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

မသန်စွမ်းကျောင်းသားတစ်ဦးအား စာမေးပွဲဖြေဆိုနိုင်ရေး ပို့ဆောင်ပေးစဉ်

အသက်မွေးမှုပညာရပ်များ ဆည်းပူးလေ့ကျင့်ခွင့်ရရှိစေဖို့၊ နိုင်ငံအတွက် ကျွမ်းကျင်လုပ်သားတွေ များများမွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)၊ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) တို့ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျွမ်းကျင်မှုအခြေပြုကာလတို သက်မွေးပညာသင်တန်းများပို့ချပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တာဝန်ယူနေစဉ်အတွင်းမှာ အစိုးရ စက်မှုလက်မှုသိပ္ပံ အင်းစိန် GTI ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပြန်လည်လွှဲပြောင်းလက်ခံရယူပြီး ပုံမှန်သင်တန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီး ယခင်လို ပြန်လည်အသက်ဝင်လာတော့မှာ ဖြစ်ပါတယ်။

**မေး ။ ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာဖြတ်သန်းမှုအတွင်းမှာ အဆင့်မြင့်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဆောင်ရွက်နေမှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ အဆင့်မြင့်ပညာကဏ္ဍမှာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းပေါင်း ၁၇၆ ကျောင်း ရှိပါတယ်။

ပညာရေး အချပ်ပို(ဃ)သို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ရန်ကုန်တက္ကသိုလ် သိပ္ပံပွဲခင်း ဖွင့်ပွဲအခမ်းအနား၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**အချပ်ပို(ဂ)မှ**

ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနဲ့က ၁၃၃ ကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေအားလုံးကို ဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ၂၁၀၀၀ ကျော်က ကျောင်း သား၊ကျောင်းသူပေါင်း ၈ ဒသမ ၃၅သိန်းကို လေ့ကျင့်သင်ကြားပေးနေတာ ဖြစ်ပါတယ်။

| | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|
| တက္ကသိုလ်/ ဒီဂရီကောလိပ်/ကောလိပ် | ၄၈ | ၁၃၂၀၀ | ၇၄၂၁၉ |
| နည်းပညာ/ ကွန်ပျူတာ | ၆၀ | ၆၁၅၆ | ၇၆၉၆၀ |
| ပညာရေးကောလိပ် | ၂၅ | ၁၈၉၉ | ၁၆၃၅၄ |
| စုစုပေါင်း | ၁၃၃ | ၂၁၂၄၅ ၈၃၅၄၃၃ | |

တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ပညာသင်ယူခွင့် ပိုမိုရရှိစေနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ်မှာ ဟားခါးကောလိပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တောင်ကုတ်ကောလိပ်ကို အဆင့်မြှင့်တင်ပြီး ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်၊ တောင်ငူပညာရေးကောလိပ်အဆောက်အအုံသစ်ကို JICA ရဲ့အကူအညီနဲ့ မြေနေရာအသစ်မှာ ပြောင်းရွှေ့တည်ဆောက်ခဲ့ပါတယ်။ ဒါတွေက အစိုးရသစ်ရဲ့တစ်နှစ်တာအတွင်း ပညာရေးကဏ္ဍက တိုးတက်မှုတွေ ဖြစ်ပါတယ်။

### အဆောင်နေထိုင်နိုင်ဖို့ ခွင့်ပြု

သို့သော်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာတက္ကသိုလ်တွေမှာ တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတစ်ဝက်ကျော်က အဝေးသင်ပညာရေးစနစ်နဲ့ သင်ယူနေကြရတာကို တွေ့ရပါတယ်။ ပုံမှန်နေ့စဉ်တက်ရောက်ရတဲ့ ကျောင်းသား ကျောင်းသူအနည်းငယ်အတွက်ကိုပဲ အဆောင်နေထိုင်နိုင်ဖို့ ခွင့်ပြုနိုင်ပါသေးတယ်။ ပညာကို လုံခြုံစိတ်ချစွာ လေ့လာသင်ယူနိုင်ဖို့အတွက် ကျောင်းသား ကျောင်းသူအိပ်ဆောင်တွေ ဖြည့်ဆည်းပေးပြီး အဆင့်မြင့်ပညာသင်ယူမှုအခွင့်အလမ်း တိုးမြှင့်နိုင်ရေးနဲ့ တန်ဖိုးရှိတဲ့ တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်းဖြစ်ရေးကို ဦးတည်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတွေအများကြီး အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။

**မေး ။ ။ ပညာရေးဝန်ထမ်းတွေဖြစ်တဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်မှုတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုနဲ့ ဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းတွေအကြောင်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ ဆရာ ဆရာမတွေအပါအဝင် ပညာရေးဝန်ထမ်းတွေအားလုံးအတွက် ဒေသနဲ့ လိုက်လျောညီထွေဖြစ် စေမယ့် သင်ကြားသင်ယူမှု ညှိနှိုင်းဆွေးနွေးပွဲတွေကို တစ်နှစ်တာလုံး ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာများရဲ့ဘာသာရပ်နယ်ပယ်အလိုက်သင်ကြားမှု၊ အတန်းဝင်ရောက်ပို့ချမှုတွေကို အလုံးစုံသိရှိနိုင်ဖို့အတွက် ဆန်းစစ်လွှာပုံစံတွေနဲ့ စစ်ဆေးအကဲဖြတ်ဆောင်ရွက်လျက်ရှိပါတယ်။

### သုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပ

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်မှုဆောင်ရွက်ရန်အတွက် Master Plan ရေးဆွဲပြုစုသွားဖို့ကို ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာ ရှိပါတယ်။ ဒါတင်မကသေးပါဘူး ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်အသီးသီးမှာ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်သုတေသနစာတမ်းဖတ်ပွဲတွေ ကျင်းပပေးတာ၊ သိပ္ပံပွဲခင်းတွေ ပြန်လည်ကျင်းပတာ၊ စာအုပ်ပြပွဲတွေ ကျင်းပပေးခဲ့တဲ့အပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တည်ထောင်ခြင်း ၇၅ နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကိုလည်း အောင်မြင်စွာနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။

တက္ကသိုလ်တွေအားလုံးအပါအဝင် မြန်မာနိုင်ငံအရပ်ရပ်က ဒီဂရီကောလိပ်တွေနဲ့ ကောလိပ်တွေအားလုံးမှာ ကျောင်းသား ကျောင်းသူများရဲ့အင်္ဂလိပ်စာ အရည်အသွေးမြင့်မားဖို့အတွက် ရည်ရွယ်ပြီး စာစီစာကုံးပြိုင်ပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေနဲ့ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်တွေကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ကျင်းပပေးနိုင်ခဲ့ပါတယ်။

ပညာရေးဝန်ထမ်းတွေရဲ့ လစာငွေတွေကို ဘဏ်စာရင်းမှ လွယ်လင့်တကူ ပြည့်ဝစွာ လွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာရုံး၊ ကျောင်း၊တက္ကသိုလ် တွေမှာရှိတဲ့အရာထမ်း၊ အမှုထမ်းပေါင်း ၁၈၀၀၅ ဦးအတွက် MPU Card ကို အသုံးပြုပြီး လစာကို ထုတ်ယူနိုင်ပြီဖြစ်ပါတယ်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေမှာရှိတဲ့ ပါမောက္ခချုပ်တွေနဲ့ ဒုတိယပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေအပါအဝင် ဆရာ ဆရာမတွေနဲ့ အရာထမ်း၊အမှုထမ်းတွေအားလုံးရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေဖို့စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းတွေ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါ့အပြင် သင်ရိုးညွှန်းတမ်းမြှင့်တင်ရေး၊ ဘာသာရပ်ဆိုင်ရာအလုပ်ရုံ ဆွေး နွေးပွဲတွေနဲ့ သင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အင်္ဂလိပ်စာအရည်အသွေးမြင့်မားရေးသင်တန်းတွေနဲ့ ICT သင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။

ပညာအရည်အသွေးမြင့်မားရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာစိတ်ဓာတ်အပြည့်နဲ့ သင်ကြားပို့ချပေးနေတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေနဲ့ ကျောင်းသား ကျောင်းသူတွေ အားလုံးရဲ့လိုအပ်ချက်တွေ၊ အခက်အခဲတွေဖြစ်တဲ့ ကျောင်းဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ ပရိဘောဂ၊ အိမ်သာ၊ သောက်သုံးရေ၊ သင်ထောက်ကူပစ္စည်းတွေ ၊စာကြည့်တိုက်တွေနဲ့ ကျောင်းသား ကျောင်းသူအိပ်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေ အပါအဝင် ICT ဆိုင်ရာ လိုအပ်ချက် စတာတွေကိုလည်း ဖြည့်ဆည်းပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။



ဒေသခံတိုင်းရင်းသူများအား မြန်မာစာသင်ကြားပေးနေစဉ်

### ပညာရေးကဏ္ဍကို မြှင့်တင်ပေး

ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာနဲ့ အတူအခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးတွေနဲ့ နည်းပညာ၊ သက်မွေးပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးစတဲ့ အပိုင်းကဏ္ဍအသီးသီးက ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရလည်း သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ ကျောင်းတက်ရောက်နှုန်းမြင့်မားရေး၊ ကျောင်းထွက် နှုန်းလျော့နည်းရေး၊ ကျောင်းနေအရွယ် အားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေးနဲ့ အလယ်တန်း၊ အထက်တန်းပညာ ဆက်လက်သင်ယူပြီးမြောက်၍ လုပ်ငန်းကျွမ်းကျင်သူများ၊ အရည်အသွေးပြည့်ဝသော ဘွဲ့ရလူငယ်မောင်မယ်များအဖြစ် ပြုစုပျိုးထောင် သင်ကြားလေ့ကျင့်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး အလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့အကြောင်း တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေကို ပြည်သူလူထုကို တင်ပြစေလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်။





ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးစဉ်



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ



# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ တစ်နှစ်တာ

နိုင်လင်းကြည်



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် တစ်နှစ်တာကာလအတွင်း ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုကာ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အလုပ်သမားရေးရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမားရေးရာဆိုင်ရာလုပ်ငန်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းများဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေအား သွားရောက်တွေ့ဆုံ မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ထိုင်းနိုင်ငံမှာ အထောက်အထားမတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို ဘာတွေဆောင်ရွက်ပေးထားပါသလဲခင်ဗျာ။**

ဖြေ။ ။ ထိုင်းနိုင်ငံအစိုးရက ထုတ်ပေးထားတဲ့ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ် ခေါ် TR-38)ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအနက် နိုင်ငံသားစိစစ်ရေးလက်မှတ်နဲ့ အိမ်ထောင်စုစာရင်း တင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို နိုင်ငံသားမှန်ကန်ကြောင်း စိစစ်ပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးသွားမှာပါ။ အထောက်အထားမတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို ထိုင်းနိုင်ငံမှာ မည်သူ မည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးရေးစခန်းခြောက်ခု ဖွင့်လှစ်ပြီး အခုနှစ် မတ်လ ၃ ရက်နေ့ကစပြီး ထုတ်ပေးလျက်ရှိရာ မတ်လ ၁၄ ရက်ထိ ၁၂၄၀၈ ဦးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

### နားလည်မှုစာချွန်လွှာ

မြန်မာနိုင်ငံအစိုးရနဲ့ ထိုင်းနိုင်ငံအစိုးရတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) နဲ့ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၂၀၁၆ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံကို ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီတွေကနေတစ်ဆင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ သင်တန်းသား အလုပ်သမား ၅၅၄၇ ဦး စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုစေလွှတ်ရာမှာ ဂျပန်နိုင်ငံရဲ့ ပြောင်းလဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေသစ်အရ မှန်ကန်ပြီး ပိုမိုထိရောက်တဲ့

**အချပ်ပို (စ) သို့**

**အချပ်ပို(င)မှ**

အလုပ်သင်အလုပ်သမားအစီအစဉ်တစ်ရပ် ဖြစ်ပေါ်ရေးနဲ့ အလုပ်သင်အလုပ်သမားတွေကို ထိရောက်စွာကာကွယ်စောင့်ရှောက်ဖို့အတွက် ဂျပန်နိုင်ငံအစိုးရဟာ မြန်မာနိုင်ငံနဲ့ နည်းပညာသင်တန်းသားစေလွှတ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ဖို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ပေးပို့လာတဲ့ နားလည်မှုစာချွန်လွှာ(မူကြမ်း)မှာ ကျွန်တော်တို့ဝန်ကြီးဌာနက ဖြည့်စွက်လိုသည့်အချက်တွေကို ဂျပန်သံရုံးကို ပြန်လည်ပေးပို့ညှိနှိုင်းထားဆဲဖြစ်ပါတယ်။

ရွှေ့ပြောင်းလုပ်သားတွေ လုံခြုံစွာရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ဖို့အတွက် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန (MRC) ရုံးအသစ်နှစ်ရုံးကို ပုသိမ်မြို့နဲ့ စစ်တွေမြို့တို့မှာ ထပ်မံဖွင့်လှစ်နိုင်ခဲ့ပြီး စုစုပေါင်း ၁၂ ရုံး ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။

**မေး။ ။ အစမ္မစေခိုင်းမှုပပျောက်ရေးဆိုင်ရာနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ဝန်ကြီးဌာနအနေနဲ့ ILO နဲ့ ပူးပေါင်းဆောင်ရွက်မှုများထဲက အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို ကျွန်တော်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ် ၂၂ ဦးနဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ အစမ္မခိုင်းစေမှုပပျောက်ရေး တိုင်ကြားချက်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ၂၀၀၇ ခုနှစ်က စတင်ပြီး နောက်ဆက်တွဲသဘောတူညီချက် Supplementary Under Standing ကိုစမ်းသပ်ကာလ တစ်နှစ်စီသက်တမ်းတိုးလက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ရာမှာ အစိုးရသစ်တစ်နှစ်တာကာလအတွင်း ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှ ယခုနှစ် ဒီဇင်ဘာလအထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ Action Plan (မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေအပါအဝင် ILO နဲ့ ပူးပေါင်းပြီး ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းအတွက် ပြည်တွင်းပြည်ပအလုပ်အကိုင်ပြပွဲ(Job Fair)တွေကို ရန်ကုန်၊ မန္တလေး၊ မကွေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့မှာ စုစုပေါင်း ၃၁ ကြိမ် ကျင်းပပေးနိုင်ခဲ့ပါတယ်။

**ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့**

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေနဲ့ အလုပ်အကိုင် ၁၉ မျိုးအတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် Level-1 ၉၈၂ ဦးနဲ့ Level-2 ၁၀၆ ဦး စုစုပေါင်း ၁၀၈၈ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကို ဇန်နဝါရီလ ၉ ရက်နေ့ကနေစပြီး ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက စာရင်းကောက်ကွက်ပေါင်း ၇၈၀ မှာရှိတဲ့ အိမ်ထောင်စုပေါင်း ၁၄၀၄၀ မှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းစာရင်းကောက်ယူလျက်ရှိပါတယ်။

ဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိတဲ့ ဥပဒေ ၁၇ ခုရှိရာမှာ လိုအပ်ချက်အရ နိုင်ငံခြားသားအလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေတို့ကို အသစ်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အာမခံအလုပ်သမားတွေအပေါ် ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးနေတဲ့ နေရာမှာ ဘယ်လိုတွေဆောင်ရွက်ပေးနေပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ဝန်ကြီးဌာနကနေ အာမခံအလုပ်သမားတွေအပေါ် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်မှာ လူမှုဖူလုံရေးဆေးခန်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကဆေးခန်းနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ အာမခံအလုပ်သမားများပြားတဲ့ မင်္ဂလာဒုံမြို့နယ်မှာ လူမှုဖူလုံရေးကဲဝဲလ်ဆေးခန်းကို Care Well Medical Co., Ltd. နှင့် ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် မတ်လ ၄ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။

လူမှုဖူလုံရေးအာမခံ စိစစ်ရေးကတ်ပြားတွေကို Micro Processor Chip ပါဝင်ပြီး ပိုမိုထိရောက်စွာ အသုံးပြုနိုင်မယ့် e-Smart Card အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရေးနဲ့ ပိုမိုကောင်းမွန်တဲ့ ကွန်ပျူတာစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် Myanmar Social Security ICT System ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**အချပ်ပို(ဆ)သို့**




ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် လူမှုဖူလုံရေး ကဲဝဲလ်ဆေးခန်း ဖွင့်လှစ်ထားစဉ်

**အထောက်အထား မတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို ထိုင်းနိုင်ငံမှာ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ထုတ်ပေးရေးစခန်းခြောက်ခု ဖွင့်လှစ်ပြီး အခုနှစ် မတ်လ ၃ ရက်နေ့ကစပြီး ထုတ်ပေးလျက်ရှိရာ မတ်လ ၁၄ ရက်ထိ ၁၂၄၀၈ ဦးထုတ်ပေးခဲ့ပြီးဖြစ်**



ထိုင်းနိုင်ငံရောက် အထောက်အထားမတင်ပြနိုင်သော မြန်မာအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်းနှင့် သက်သေခံလက်မှတ် (Certificate of Identity-CI) လာရောက်ထုတ်ယူနေစဉ်

အချပ်ပို(စ)မှ

**မေး။ ။ ပြည်သူနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ရတဲ့ ဝန်ကြီးဌာနတစ်ခုအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဘယ်လိုထိရောက်အောင် ဆောင်ရွက်ပေးနေသလဲဆိုတာလည်း သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနဲ့ နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းစတဲ့ အဓိကလုပ်ငန်းတာဝန်ကြီး(၃)ရပ်ကိုချမှတ်ပြီး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူနဲ့တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ရတဲ့ ဌာနဖြစ်တာနဲ့အညီ ပြည်သူကိုဗဟိုပြုပြီး ပြည်သူတို့ရဲ့လိုအပ်ချက်ကို အမှန်တကယ်အကျိုးသက်ရောက်မှုရှိပြီး ထိရောက်မြန်ဆန်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**စိစစ်ဖြေလျှော့**

ဝန်ကြီးဌာနအနေနဲ့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနဆိုပြီး ဦးစီးဌာနသုံးခု ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွေအနေနဲ့ (Black List) ရေးသွင်းထားသူတွေကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေလျှော့နိုင်ရေးအတွက် Black List စာရင်းရေးသွင်းဖို့ ပေးပို့ထားတဲ့ သက်ဆိုင်ရာဌာနအသီးသီးရဲ့သဘောထားမှတ်ချက်များရယူပြီး ၎င်းတို့၏ ပြန်ကြားချက်အရ အစိုးရသစ်ရဲ့ ရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်းမှာ မြန်မာနိုင်ငံသား ၂၄၈ ဦးနဲ့ နိုင်ငံခြားသား ၃၇၁ ဦး စုစုပေါင်း ၆၁၉ ဦးတို့ကို အမည်မည်းစာရင်းကနေ ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ Black List စာရင်းတွေအနက် အမည်မည်းစာရင်းသွင်းထားတဲ့ အကြောင်းရင်းပေါ်မူတည်ပြီး ပယ်ဖျက်ပေးနိုင်ဖို့ ဆက်လက်စိစစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံကို လာရောက်လိုသူတွေ အွန်လိုင်း မှ e-Visa စနစ်နဲ့ ပြည်ဝင်ဗီဇာ အဆင်ပြေချောမွေ့စွာလျှောက်ထားနိုင်ဖို့ အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း မြန်မာ-ထိုင်း အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက် သုံးခု ဖြစ်တဲ့ တာချီလိတ်၊ မြဝတီနဲ့ ကော့သောင်း ဂိတ်တို့မှာ ၁-၉-၂၀၁၆ ရက်နေ့ကစပြီး e-Visa နဲ့ စတင် ဝင်၊ ထွက်ခွင့် ပြုခဲ့ပါတယ်။ အဲဒီအတွက် ပြည်ဝင်ဗီဇာလွယ်ကူပြီး ဌာနအနေနဲ့ နိုင်ငံတော်ဘဏ္ဍာ တိုးတက်ရာဖွေပေးနိုင်ခဲ့ပါတယ်။



မြေပုံမြို့နယ် ကံသာထွက်ဝ IDP စခန်း၌ ကလေးငယ်များ ပညာသင်ကြားနေသည်ကို တွေ့ရစဉ်

**သစ္စာစီမံချက်နဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၃၀၁၆ ဦးကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ နောက်ဗဟိုအဖွဲ့အစည်းအဝေး ခွင့်ပြုချက်အရ နိုင်ငံသား ၉၇ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၄၈၂ ဦးတို့ကို ခွင့်ပြုထုတ်ပေးခဲ့**

**မေး။ ။ မြန်မာနိုင်ငံကို ဗီဇာအမျိုးမျိုးနဲ့ ဝင်ရောက်လိုတဲ့ နိုင်ငံခြားသားတွေနဲ့ ကာလရှည်ကြာစွာ လာရောက်နေထိုင်လိုတဲ့ နိုင်ငံခြားသားတွေအတွက်ရော ဘယ်လိုတွေ ဆောင်ရွက်ပေးနေလဲဆိုတာသိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံကို ဗီဇာအမျိုးမျိုးနဲ့ ဝင်ရောက်လိုတဲ့ နိုင်ငံခြားသားတွေ ပြည်ဝင်ဗီဇာလျှောက်ထားရာမှာ အဆင်ပြေချောမွေ့စေဖို့အတွက် တင်ပြရမယ့်အထောက်အထားတွေ စိစစ်ဖြေလျှော့ပေးခဲ့ပြီး ပြည်ဝင်ဗီဇာခြောက်မျိုးကိုလည်း သုံးလ၊ခြောက်လ၊ တစ်နှစ် နေခွင့်သက်တမ်းရှိ အကြိမ်ကြိမ်ပြည်ဝင်ခွင့် ဗီဇာများအဖြစ် တိုးမြှင့်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါဟာလည်း ဌာနရဲ့သစ္စာစီမံချက်လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်ခဲ့တဲ့ ပြည်ပနိုင်ငံတွေမှာ နိုင်ငံသားခံယူထားတဲ့ မြန်မာနိုင်ငံသားဟောင်းတွေက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရေးအတွက်လည်း ဆက်လက်စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံမှာ ကာလရှည်ကြာစွာ လာရောက်နေထိုင် ရင်းနှီးမြှုပ်နှံလိုသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံသားနဲ့ သွေးချင်းတော်စပ်သူ နိုင်ငံခြားသားတွေအတွက် မြန်မာနိုင်ငံမှာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်( PR System) ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါဟာလည်း နိုင်ငံတော်အတွက် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဆောင်ရွက်နိုင်တဲ့ သစ္စာစီမံချက်ရဲ့ လုပ်ငန်းတစ်ခုအဖြစ် မှတ်ကျောက်တင်ရမှာဖြစ်ပါတယ်။



အထက(၆)မြောင်းမြ၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေစဉ်

**သစ္စာစီမံချက်**

**မေး။ ။ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနရဲ့ ဆောင်ရွက်ချက်တွေကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနက ပြည်သူတွေအမှန်တကယ်လိုအပ်နေတဲ့ နိုင်ငံသားစိစစ်ရေးကတ်နဲ့ အိမ်ထောင်စုလူဦးရေစာရင်းကို လွယ်လွယ်ကူကူ မှန်မှန်ကန်ကန်ထုတ်ပေးနိုင်ဖို့ အစိုးရသစ်စတင်တာဝန်ယူချိန်ကစပြီး သစ္စာစီမံချက်မှာ ထည့်သွင်းရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ သစ္စာစီမံချက်နဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အလုပ်သမားတွေကို အိမ်ထောင်စု ၁၅၂၆၅၃ စု၊ လူဦးရေ ၅၄၂၆၉၅ ဦးကို စာရင်းကောက်ယူရရှိခဲ့ပြီး၊ ၎င်းတို့ ရောက်ရှိတဲ့ဒေသမှာပဲ အိမ်ထောင်စု ၃၃၁၆၆ စု၊ လူဦးရေ ၉၅၄၅၅ ဦးကို အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၉၂၇ ဦး ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

အချပ်ပို(ဇ)သို့



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေစဉ်



National ID အထောက်အကူပြုစာရင်း ကောက်ယူနေစဉ်

**အချပ်ပို(ဆ)မှ**

အရင်က မိုးပွင့်(အထူး)စီမံချက်နဲ့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ စာသင်ကျောင်းတွေမှာ အသက်ပြည့်မီသူ ကျောင်းသား၊ ကျောင်းသူတွေအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို အခုသစ္စာ စီမံချက်နဲ့ အစိုးရသစ်ရဲ့တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅၁၇၃၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါလည်း ဆက်လုပ်ပေးရမယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့အညီစိစစ်ပြီး ကိုင်ဆောင်သင့်တဲ့ လက်မှတ် တစ်မျိုးမျိုးရရှိရေးအတွက် ဖြေလျှော့မှုနည်းလမ်းတွေကို အသုံးပြုပြီး သစ္စာစီမံချက်နဲ့ အစိုးရသစ်ရဲ့တစ်နှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၃၀၁၆ ဦးကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ နောက်ဗဟိုအဖွဲ့အစည်းအဝေး ခွင့်ပြုချက်အရ နိုင်ငံသား ၉၇ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၄၈၂ ဦးတို့ကို ခွင့်ပြုထုတ်ပေးခဲ့ပါတယ်။

ဒ့ါအပြင် ရဟန်း ၁၄၁၀၂ ပါး၊ သာမဏေ ၈၆၅၅ ပါးနဲ့ သီလရှင် ၂၉၂၃ပါးတို့ကို သာသနာ့ဝင်၊ သာသနာနွယ်ဝင်ကတ်ပြားတွေကို ဆက်ကပ်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံအတွင်း မြန်မာနိုင်ငံသားဥပဒေနဲ့ စိစစ်နိုင်ခြင်း မရှိသေးတဲ့ ပြည်သူတွေအတွက် နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ်ပြား(NV Card) ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်လိပ်စာတရားဝင် ပြောင်းရွှေ့နေထိုင်လိုသူတွေအတွက် လျှောက်ထားလာမှုတွေကိုလည်း ဖြေလျှော့ဆောင်ရွက်မှုတွေနဲ့ လွယ်ကူလျင်မြန်အောင် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

**ပြည်ဝင်ဗီဇာ ခြောက်မျိုး ကိုလည်း သုံးလ၊ ခြောက်လ၊ တစ်နှစ်နေခွင့် သက်တမ်း ရှိ အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာများအဖြစ် တိုးမြှင့်ခွင့်ပြုပေးခဲ့**

### ကြီးမားတဲ့လုပ်ငန်းရပ်တစ်ခု

ကမ္ဘာမှာ နိုင်ငံသားစိစစ်ရေးကတ်ကို စက္ကူကတ်ပြားနဲ့ အသုံးပြုတဲ့နိုင်ငံက ၁၆ နိုင်ငံခန့်ရှိနေတဲ့အနက် ကျွန်တော်တို့နိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံမှာ လက်ရှိအသုံးပြုနေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို National ID ပြောင်းလဲထုတ်ပေးရေးအတွက် Smart Card လုပ်ငန်းကို စတင်နေတာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ နိုင်ငံတော်အစိုးရရဲ့ e-Government Plan မှာ အဓိကဦးစားပေး လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုအခြေအနေမှာတော့ လုပ်ငန်းဆိုင်ရာ ဗဟုသုတတွေလေ့လာနေချိန်ဖြစ်ပြီး မကြာခင်မှာ အကောင်အထည်ဖော်နိုင်မယ့် ကြီးမားတဲ့ လုပ်ငန်းရပ်တစ်ခုကို ကြိုးပမ်းဖော်ဆောင်နေကြောင်း အသိပေးလိုပါတယ်။

အထက်မှာပြောခဲ့သလိုပဲ မြန်မာနိုင်ငံအတွင်း၌ မြန်မာနိုင်ငံသားဥပဒေနဲ့ စိစစ်နိုင်ခြင်းမရှိသေးတဲ့ ပြည်သူတွေအတွက် နိုင်ငံသားစိစစ်ခံရမည့်သူတွေကို NV Card ထုတ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမယ့်သူရဲ့ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေး ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး အခြားဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလုပ်ငန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားကို Smart Card အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ဖို့ ရှေ့ပြေးလုပ်ငန်းအဖြစ် စမ်းသပ်ဆောင်ရွက်ကြည့်တဲ့သဘောပါ။ အဲဒီ National ID အထောက်အကူပြုရှေ့ပြေး စမ်းသပ်ဆောင်ရွက်ခြင်းကို ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွေနဲ့ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်တွေမှာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒေသခံပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းပါအမည်နဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းကို ဓာတ်ပုံရိုက်ခြင်း၊ Biometric Data (လက်ဗွေ၊ မျက်ကြည်လွှာ)ကောက်ယူခြင်း၊ ကိုယ်ရေးအချက်အလက်တွေ ရေးသွင်းခြင်းစတဲ့ လုပ်ငန်းတွေကို ခေတ်မီ IT နည်းပညာတွေ အသုံးပြုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

### မေယု FM ရေဒီယိုလိုင်းအတွက်

ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မေယု FM ရေဒီယိုလိုင်း ထုတ်လွှင့်ရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေ၊ မှတ်သားလိုက်နာဆောင်ရွက်ရမယ့်အချက်တွေ၊ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာတွေကိုပြုစုပေးပို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ၂၀၁၄ခုနှစ်မှာ တစ်နိုင်ငံလုံး အတိုင်းအတာအရ သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီးတဲ့နောက် အဲဒီ သန်းခေါင်စာရင်းအချက်အလက်တွေကို အခြေခံပြီး ဘာတွေ ဆောင်ရွက်နေပါသလဲခင်ဗျာ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်မှာ ကောက်ယူခဲ့ပြီးဖြစ်တာ အားလုံးအသိပါ။ အစီရင်ခံစာတွေလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် သန်းခေါင်စာရင်းရဲ့ ရလဒ်တွေကို အခြေခံပြီး အလုပ်အကိုင်နှင့်လုပ်ငန်းအစီရင်ခံစာ၊ ကိုးကွယ်သည့်ဘာသာ၊ အစီရင်ခံစာတို့ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အခုထပ်မံပြီး အသေးစိတ်လေ့လာဆန်းစစ်တဲ့ သုတေသနစာတမ်း ၁၅ စောင် ပြုစုနေပါတယ်။ အဲဒီစာတမ်းတွေအနက် မွေးဖွားခြင်းနဲ့ လက်ထပ်ထိမ်းမြားခြင်း အစီရင်ခံစာ၊ သေဆုံးခြင်းအစီရင်ခံစာ၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးခြင်းအစီရင်ခံစာ၊ လူဦးရေပြောင်းလဲခြင်းအစီရင်ခံစာနဲ့ ရွှေ့ပြောင်းသွားလာခြင်းနဲ့ မြို့ပြထွန်းကားလာခြင်း အစီရင်ခံစာတို့ကို အစိုးရသစ်ရဲ့တစ်နှစ်တာကာလအတွင်း ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း သန်းခေါင်စာရင်းအချက်အလက်တွေအပေါ်မူတည်ပြီး တိုင်းရင်းသားလူမျိုးစာရင်း ထုတ်ပြန်နိုင်ဖို့ လုပ်ငန်းစဉ်အချိန်ဇယားနဲ့ စီမံချက်ရေးသားပြုစုခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရသစ်ရဲ့တစ်နှစ်တာကာလအတွင်း ကျွန်တော်တို့ဝန်ကြီးဌာနက ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်ပြီးလည်း အရှိန်အဟုန်မပျက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ရွှေ့လျားဆေးကုသယာဉ် (Mobile Medical Unit)အတွင်း ဆေးကုသမှု ခံယူနေစဉ်

